ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ *(25-5-2014)* (၇၇၅၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၁၄ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံသမ္မတ မဒမ် ခရစ်စတီးနား ဖာနန်ဒက်(ဇ်) ဒယ် ကစ်ချ်နာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မှော်ဘီ (စိုက်ပျိုးရေး)	၂ ဒသမ ၉၁ လက်မ
ညောင်ဦး	၂ ဒသမ ၆၄ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၂ ဒသမ ၄၄ လက်မ
ရန်ကုန် (ဒဂုံမြို့သစ်တောင်ပိုင်း)	၂ ဒသမ ၁၇ လက်မ

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရအောင် သာသနဓဇအာဇာနည် တစ်ပါး၊ မူလအဘိဓမ္မကောဝိဒအောင် သာသနဓဇအာဇာနည် တစ်ပါး၊ မူလအာဘိဓမ္မိကအောင် သာသနဓဇအာဇာနည်သုံးပါး၊ ဒီဃနိကာယ ကောဝိဒအောင် သာသနဓဇအာဇာနည်တစ်ပါး၊ ဒီဃဘာဏကအောင် သာသနဓဇအာဇာနည်နှစ်ပါး၊ ဝိနယကောဝိဒအောင် သာသနဓဇအာဇာနည် ခြောက်ပါး၊ ဝိနယဓရအောင် သာသနဓဇအာဇာနည် ၁၅ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနဓဇအာဇာနည် ခြောက်ပါး၊ ဥဘတောဝိဘင်္ဂဓရအောင် သာသနဓဇအာဇာနည် ၄၃ ပါး စုစုပေါင်း သာသနဓဇအာဇာနည် အရှင်သူမြတ် ၇၈ ပါးတို့အား ချီးကျူးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌

စာမျက်နှာ ၈ ကော်လံ ၁ သို့

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။ (သတင်းစဉ်)

ကော့သောင်း-ရနောင်း နယ်စပ်ကူးသန်းသွားလာမှု ပုံမှန်အနေအထားရောက်ရှိ

ကော့သောင်း မေ ၂၄

ထိုင်းနိုင်ငံရေးမတည်ငြိမ်မှုကြောင့် ထိုင်းတပ်မတော်သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် မာရှယ်လောထုတ်ပြန်ကာ နိုင်ငံတည်ငြိမ်အောင် ထိန်းသိမ်းခဲ့ပြီးနောက် မေ ၂၂ ရက်က အာဏာသိမ်းလိုက်ကြောင်း ကြေညာခဲ့ရာ အာဏာသိမ်းပြီးနောက် မေ ၂၃ ရက် နံနက်ပိုင်းတွင် ထိုင်း-မြန်မာ ထိစပ်နေသည့် နယ်စပ်ဂိတ်များ ယာယီပိတ်လိုက်ပြီဖြစ်ကြောင်း သတင်းမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖော်ပြပါရှိနေသည်ကို သိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၂၄

ယနေ့ နံနက် ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



ကြေးမုံစာတည်းရှုထောင့် ၂၅-၅-၂၀၁၄၊ တနင်္ဂနွေနေ့

သက်ကောင်းရှည်

ငှက်တို့၏သဘာဝ အဝေးမှပျံသန်းလာပြီး သစ်ကိုင်းပေါ် နားခိုလိုက်ပြီဆိုသည်နှင့် လာလမ်းကို သမင်လည်ပြန် ပြန်လှည့်ကြည့်တတ်ကြစမြဲဖြစ်သည်။ ထို့နည်းတူ လူတို့သည်လည်း ဘဝတစ်လျှောက် ရုန်းကန်လှုပ်ရှားလာခဲ့ပြီး အပယ်ခံ၊ အရွယ်လွန်ဘဝရောက်ရှိလာချိန်တွင် ဖြတ်သန်းခဲ့ရသော မိမိဘဝနောက်ကြောင်းကို ပြန်လှည့်ကြည့်ချိန်ရလာသည်။ ပြန်တွေးကြည့်ကြတတ်စမြဲဖြစ်ပါသည်။ တချို့ဘဝ ထိုထိုမှအတွေ့အကြုံများကို သင်ခန်းစာယူ စာတိုပေစတွေနှင့် နှောင်းလူများသို့ "ဧဝံမေသုတံ" ပြုတတ်ကြသည်။ ဤသည်ပင် ဘဝပေးတာဝန်တစ်ရပ်ဟု ခံယူပြီး မျိုးဆက်သစ်များသို့ "ဤတွင် ရွှေမြို့၊ ဤသို့ စေတီ၊ ဤဆီ ရွှေနန်း. . ." လမ်းမှန်ညွှန်ပြ လက်ဆင့်ကမ်း တာဝန်ကျေခဲ့ကြသည်။

ဖြတ်သန်းလာခဲ့သမျှ လူ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ရေကန်အသင့်ကြာအတင့်နှင့် ခြောက်ပြစ်ကင်း သဲလဲစင် စင်းလုံးချောဟူ၍ မရှိပါ။ ရေစီးတစ်ခါ ရေသာတစ်လှည့်နှင့် အဆိုးအကောင်း ရောပြွမ်း၊ လောကဓံ အလှည့်အပြောင်းဒဏ်ကို ကြံ့ကြံ့ခံရင်း အားမာန်အပြည့်နှင့် အားခဲကာ ခရီးဆုံးသို့တိုင်ခဲ့ကြရသည်။ လူသားအားလုံးမှာ ချိုင်နိစပ်ခါး၊ ဘဝအတွေ့အကြုံကိုယ်စီရှိကြစမြဲပင်။ "သုမနကျောမှာ ဒဏ်ရာတွေနှင့်ဆိုသလို လောကဓံ အထုအထောင်းဒဏ်၊ ဒဏ်ရာဒဏ်ချက်ကိုယ်စီနှင့်။ တချို့ခံနိုင်ရည်မရှိဖြစ်လာချိန် "သက်ဆိုးရှည်လိုက်တာ"ဟု ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ညည်းတွားတတ်ကြသည်။

တချို့ ဘဝတိုတစ်ခုဟု သတ်မှတ်ထားသည့် တစ်နေ့တာကာလ ညအိပ်ရာဝင်ချိန် နဖူးပေါ်လက်တင်ရင်း ထိုတစ်နေ့တာ၏ သွားလာလှုပ်ရှား ကံသုံးပါးကို အစမှအဆုံးသို့တိုင် ပြန်တွေး၊ အားသာချက်၊ အားနည်းချက်ကို ပြန်သုံးသပ်၊ နောက်နေ့အတွက် ဆောင်ရန်ရှောင်ရန်များကို ကြိုတင်ပြင်ဆင်ရင်း ညအိပ်ရာဝင်တတ်ကြသည်။ ဤနည်းကို တချို့သော ပညာရှင်များက မှတ်ဉာဏ်ကောင်းအောင်လေ့ကျင့်နည်းဟု ပြောကြသည်။ သို့ဆိုလျှင် ဤလုပ်ဆောင်ချက်သည် မှတ်ဉာဏ်လည်းကောင်း၊ အနေတတ်အောင် လေ့ကျင့်ရာလည်းရောက်နှင့် "တစ်ချက်ခုတ် နှစ်ချက်ပြတ်" အကျိုးပွားစေပါသည်။

ငယ်စဉ်ကတည်းက ဤအလေ့အကျင့်ကောင်းကို နိစ္စဓူဝကျင့်ကြံလိုက်နာလာသူအတွက် တဖြည်းဖြည်း အမှားအယွင်းနည်းလာမည်။ အမှားအယွင်းကင်းရှင်းလာမည်။ မှားပြီဆိုလျှင်လည်း ချက်ချင်းသိ ချက်ချင်းပြင်နိုင်သည်။ ဉာဏ်သတိက ဦးစီးနေပြီးဖြစ်ရာ ဝန်းကျင်ကိုရော မိမိကိုပါ အကျိုးပြုမည့် လူတော်လူကောင်းတစ်ဦး ဖြစ်လာစေမည်အမှန်ဖြစ်ပါသည်။

လောကတွင် ကောင်း၍မတော်သူ၊ တော်၍မကောင်းသူ၊ ကောင်းလည်းကောင်း တော်လည်းတော်သူနှင့် မကောင်း၊ မတော်သူဟူ၍ လူလေးမျိုးလေးစားရှိနိုင်ပါသည်။ တော်လည်းတော်၊ ကောင်းလည်းကောင်းသူကား လောကတွင် ဆိုဖွယ်ရာအပြစ်အနာမရှိ။ တချို့ကောင်း၏ မတော်၊ ပြဿနာမရှိနိုင်ပါ။ တချို့ကားတော်၏ မကောင်း။ ဤသူများကို အထူးသတိထားကြရမည်။ ကျင်လည်ရာဝန်းကျင်ကို ပြဿနာပေါင်းစုံ ဖန်တီးကြသူများဖြစ်နေတတ်၍ ဖြစ်ပါသည်။ မတော် မကောင်း သောင်းပြောင်းထွေလာ၊ 'ကျွဲကူးရေပါ' လူများမှာကား ဦးဆောင်သူကောင်းလျှင် လောကအတွက် အသုံးဝင်ပြီး ဦးဆောင်သူညံ့ဖျင်းပါက အဝိုင်းအဝန်းကို ဒုက္ခပေးသူများဖြစ်သွားမည်။

"လူတော် လူကောင်း" ဆိုစကားကို"လူကောင်း လူတော်" ဟုပြောင်းပြန်ပြောဆိုခဲ့သူတစ်ဦးရှိခဲ့ဖူးသည်။ တော်၍ မကောင်းလျှင် အကျိုးယုတ်စေသည်။ လူကောင်းသာဖြစ်နေပါစေ။ တော်အောင်ပြုပြင်ပေး၊ တာဝန်ပေး၍ရနိုင်သည်ဟု မိမိတို့နိုင်ငံ၏ အထင်ကရနိုင်ငံရေးသမားစစ်သားကြီးတစ်ဦးက ဘဝ၏ခါးသီးသည့် အတွေ့အကြုံရလဒ်အပေါ် ခံစားမိန့်ကြားခဲ့ဖူးပါသည်။

"ရေပွက်ပမာ၊ တစ်သက်လျာတည်း" ဟူ၍ အနန္တသူရိယအမတ်၏ သံဝေဂကဗျာမှလောကအမြင်၊ ရခဲပေစွ၊ သူ့ဘဝတိုတိုလေးမှာ၊"သက်ဆိုးရှည်"နေသွားမည်လား၊ "သက်ကောင်းရှည်"ဘဝမျိုးနှင့် နတ်လူသာခုခေါ်ထိုက် သူအဖြစ် ခံယူသွားမည်လား။ မည်သူမပြု မိမိမှုမို့ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်မြဲဖြစ်ရာ ကာယကံရှင်၏ ရွေးချယ်မှုက ဘဝတန်ဖိုးကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်ပါသည်။ ။

အမျိုးသမီး စပယ်ယာ

ရန်ကုန် မေ ၂၄

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီး)စီမံမှုအောက်ရှိဌာနခွဲ(၁) ၄၈ အထူးယာဉ်လိုင်းမှ ယာဉ် ၁၃ စီးကို လေအေးပေးစက်ဖွင့်ပြီး လူပိုတင်ဆောင်မှုမရှိစေဘဲ ကွန်ပျူတာတက္ကသိုလ်(လှော်ကား)ဂိတ်ရင်းမှ ဗိုလ်တထောင်ဂိတ်ဖျားသို့ ယာဉ်လိုင်းပြေးဆွဲလျက်ရှိပါသည်။

ယာဉ်လုပ်သားများ ရှားပါးလာမှုကြောင့် ယာဉ်ကြီးတစ်စီးလျှင် ခရီးသည်ခေါ်ယူတင်ဆောင်ရန် အတွက် အမျိုးသား စပယ်ယာတစ်ဦး၊ ယာဉ်စီးခကောက်ခံရန် အမျိုးသမီးစပယ်ယာတစ်ဦး စုစုပေါင်း စပယ်ယာနှစ်ဦးဖြင့် စမ်းသပ်လုပ်ကိုင်ခဲ့ရာ တစ်လအတွင်း ခရီးသည်တိုင်ကြားမှု လျော့နည်းပြီး မချေမငံဆက်ဆံမှုမရှိခြင်း၊ ယာဉ်၏နေ့စဉ်ဝင်ငွေတိုးတက်လာမှုများကြောင့် ယာဉ်ပိုင်ရှင်အကျိုးခံစားရလျက်ရှိသည်။

အမျိုးသမီးစပယ်ယာများ ယာဉ်ပေါ်လိုက်ပါလုပ်ကိုင်ဆောင်ရွက်သည်ကို ခရီးသွားပြည်သူများလည်း နှစ်ခြိုက်အားပေးလျက်ရှိသည်။ ယာဉ်ပိုင်ရှင်ထံတွင် အလုပ်လျှောက်ထားနိုင်ပြီး ကညနက လိုင်စင်ထုတ်ပေးကာ မထသ (မြို့တွင်း)က လိုက်ခွင့်ပြုလုပ်ပေးသည်။

ယခုအခါ အမျိုးသမီးများအား တရားဝင်လိုင်စင်၊ လိုက်ခွင့်ပြုလုပ်ပေး၍ ယာဉ်လုပ်သားအဖြစ် လုပ်ကိုင်ခွင့်ပြုလိုက်ရာ အမျိုးသားစပယ်ယာများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်ပါသည်။

(၇၀၁)

အခြေခံပညာမူလတန်းကျောင်းဆောင်သစ်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်လှစ်၊ မျက်စိခွဲစိတ်ကုသမှုဆိုင်ရာစက်ပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ မေ ၂၄

ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ အခြေခံမူလတန်းကျောင်းဆောင်သစ်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသည့် ဆရာတော်များက ပရိတ်တရားတော်ချီးမြှင့်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် စာသင်ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဩဝါဒမြွက်ကြားသည်။ ထို့နောက် သီတဂူဆရာတော်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့မှ လှူဒါန်းသော မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ စက်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယင်းနေ့ ညနေ ၅ နာရီတွင် စစ်တွေမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

သီတဂူဆရာတော်ကြီးက မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ စက်ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဩဝါဒကထာမြွက်ကြားပြီး သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြတ်သူက မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ စက်ပစ္စည်းများကို စစ်တွေ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းထံ ပေးအပ်လှူဒါန်းပြီး စစ်တွေ အထွေထွေရောဂါကုဆေးရုံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမိုးကျော်က ဆေးရုံအကြောင်းနှင့် မျက်စိခွဲစိတ်ကုသနေမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားတင်ပြသည်။ ယင်းနောက် ဆရာတော်ကြီးနှင့် ဧည့်ပရိသတ်များက မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

2014 Model, Harrier ပုံပြောင်း၊ Brand New၊ အနက်ရောင်၊ ကင်မရာပတ်လည်ပါ 2.0 PANAROMA ROOF၊ နံပါတ်မယူရသေး လိုင်စင်အပြီးအစီး (ကျပ်သိန်း-၈၅၀)
ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၀၇၈၇၊ ၀၁-၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

☆ ကျောဖုံးမှ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာတွင်လည်း စိုက်ပျိုးရေးကဏ္ဍပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ရည်ရွယ်ချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် တက္ကသိုလ်များနှင့်သုတေသနဌာနများမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ယင်းရည်မှန်းချက်အောင်မြင်ရေးအတွက် ဦးဆောင်ရမည့်အနေအထားဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု တက္ကသိုလ်များတွင် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ၏ စေတနာနှင့် ဆန္ဒများသည် များစွာလိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောတက္ကသိုလ်များတွင် တက်ရောက်နိုင်ရေးမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ရှေ့ဆက်ရမည့်ဘဝခရီးတွင် ယခုတက္ကသိုလ်များက များစွာအထောက်အပံ့ဖြစ်မည်ဖြစ်ပါကြောင်း၊ မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို ပြည်သူများထံသို့ ပြန်လည်ဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသားများအနေဖြင့် လွှတ်တော်နှင့် ပတ်သက်၍ နီးစပ်မှုအနည်းငယ် အားနည်းပါကြောင်း၊ ယခင်က လွှတ်တော်များရှိခဲ့သော်လည်း ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ရပ်ဆိုင်းခဲ့ပါကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ ရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တော်အသီးသီး ထူထောင်နိုင်ခဲ့ပါကြောင်း၊ လက်ရှိလွှတ်တော်များသည် ပြည်သူများ၏ကိုယ်စား ပြည်သူများ၏ဆန္ဒကို ဖော်ဆောင်နိုင်ခြင်းကြောင့် ပြည်သူများက အသိအမှတ်ပြုလာခဲ့သကဲ့သို့ နိုင်ငံတကာကလည်း အသိအမှတ်ပြုလာပါကြောင်း၊ မိမိတို့လွှတ်တော်များသို့ ပြည်တွင်း ပြည်ပမဧည့်သည်များ လာရောက်လေ့လာလျက်ရှိ ပါကြောင်း။

မည်သူမျှ နိုင်ငံရေးနှင့်ကင်းကွာ၍ မရနိုင်ကြောင်း၊ နိုင်ငံရေးကိုစိတ်မဝင်စား အလေးမထားပါက နိုင်ငံနောက်ကျ ကျန်ခဲ့မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ကဏ္ဍအလိုက်ခေါင်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအရေးကို စိတ်ဝင်စားပြီး ရည်မှန်းချက်ထားလုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ပါလီမန်များသည် နိုင်ငံ၏အသက်ဝိညာဉ် အသက်သွေးကြောဖြစ်ကြောင်းကို နိုင်ငံအများက ခံယူထားပါကြောင်း၊ လွှတ်တော်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်သို့လာရောက်လေ့လာခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်လုပ်ငန်းများကို ဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်၍ လွှတ်တော်သို့လာရောက်လေ့လာရန်ဖိတ်ခေါ်ပါကြောင်း။

လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းပေးလျက်ရှိရာ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဥပဒေပေါင်း ၉၈ ခုရှိပါကြောင်း၊ လက်ရှိ လွှတ်တော်များတွင် ဆွေးနွေးနေဆဲ ဥပဒေများလည်းရှိပါကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ကိုင်တွယ်ကျင့်သုံးရမည့် ဥပဒေများအနက် ပြင်ဆင်/ပယ်ဖျက်/အသစ်ပြဋ္ဌာန်းရန် ဥပဒေပေါင်း ၁၃၇ ခုကျန်ရှိပါကြောင်း၊ ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေပေါင်း ၂၀၀ ကျော် ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ အချိန်မီ ပြီးစီးနိုင်ရေးအတွက်စနစ်တကျကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသည့် ယနေ့ကာလတွင် ခေတ်စနစ်နှင့် လျော်ညီမည့် ဥပဒေများမရှိပါက လက်တွေ့လုပ်ဆောင်ရသည့် ဝန်ထမ်းများအတွက် အခက်အခဲရှိပါကြောင်း။

လွှတ်တော်များပေါ်ပေါက်လာ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိစေမည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ဝန်ထမ်းများ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာနှင့် နေထိုင်နိုင်ရေး ဘဝလုံခြုံရေး အာမခံချက်ရှိရေးအတွက် လွှတ်တော်က အစဉ်အမြဲ စဉ်းစားဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိ လွှတ်တော်ရှိမှသာ ဒီမိုကရေစီရှိမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကို မှန်ကန်စွာ အသုံးချသွားရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏မျှော်လင့်ချက်သည် တရားမျှတမှုရှိပြီး ဥပဒေနှင့်ကိုက်ညီပါက မိမိတို့လွှတ်တော်များက ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် တက္ကသိုလ်များနှင့် သုတေသနဌာနတို့မှ မေးမြန်းဆွေးနွေးမှုများအပေါ် မူတည်ပြီး ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ တွေ့ဆုံမှုသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အပါအဝင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ သိရှိလိုသည်များကို မေးမြန်းကြရန်နှင့် ပါဝင်ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် သစ်တောသုတေသနဌာနတို့မှတာဝန်ရှိသူများက တက္ကသိုလ်များနှင့် သုတေသနဌာနများ၏ သမိုင်းကြောင်းနှင့် လိုအပ်ချက်များ တင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူ များအားတွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက မေးမြန်းဆွေးနွေးချက်များအား ပြန်လည်ဖြေကြား ညှိနှိုင်းပေးပြီး ပြောကြားရာတွင် ပြည်ထောင်စုအစိုးရက စီမံဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆေးကုသရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေမှုကဏ္ဍအလိုက် သုတေသနနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်များမှ ပညာရှင်များ မွေးထုတ်ပြီး ပညာရှင်များသည် တောင်သူလယ်သမားကြီးများအား ပြည်သူများနှင့် လက်တွဲပူးပေါင်းကာ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များတိုးတက်မြင့်မားရေး၊ ဈေးကွက်ရရှိရေး အစီအမံများသည် ကောင်းမွန်၍ လက်တွေ့အောင်မြင်အောင် ပါဝင်ဆောင်ရွက်စေလိုပါကြောင်း။

ပြည်ထောင်စုအစိုးရက လွှတ်တော်သို့တင်ပြလာသော ရသုံးမှန်းခြေငွေများအတိုင်း ညှိနှိုင်းပြီး စီမံကိန်းလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနေမှုများ၊ အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ယနေ့ လွှတ်တော်တွင် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒအစွဲ ထားရှိခြင်းမရှိဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိမှ ငြိမ်းချမ်းရေးရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းပြီး အမှန်ပင်ငြိမ်းချမ်းရေးရယူလိုသောစိတ်နှင့် ပြောအဆိုအပြုအမူများ ရှိကြရန်နှင့် တစ်ဦးကိုတစ်ဦး ယုံကြည်လေးစားမှုရရှိရေးအတွက် လွှတ်တော်အတွင်း ဆောင်ရွက်နေပြီး လွှတ်တော်မှတစ်ဆင့် ပြည်သူလူထုအတွင်း ပျံ့နှံ့အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါရန် ဖိတ်ခေါ်တိုက်တွန်းပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကော်မတီ၊ ကော်မရှင်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များနှင့် သုတေသနဌာနတို့မှ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဘွဲ့လွန်မဟာသင်တန်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လူသတ်မှုနှင့်မုဒိမ်းမှုကျူးလွန်ခဲ့သူများအားရှုတ်ချပွဲ သန်လျင်တွင်ပြုလုပ်

သန်လျင် မေ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ဖြစ်ပွားအရေးယူခဲ့သည့် လူသတ်မှုနှင့် မုဒိမ်းမှုကျူးလွန်ခဲ့သူများအား ရှုတ်ချပွဲကို မေ ၂၃ ရက် ညနေ ၃ နာရီက သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု သဲဖြူချောင်းရွာအရှေ့ပိုင်း ဆေးရိုးပင်ခမ္မာရုံ၌ ကျင်းပသည်။

အစီအစဉ်အရ ဘုရားကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးဝင်းငွေးက လူသတ်မှု၊ မုဒိမ်းမှုနှင့်ပတ်သက်၍ သတိပြုရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ဦးဆောင်ပုဂ္ဂိုလ် ဦးအောင်မင်းက သန်လျင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့်မုဒိမ်းမှုကျူးလွန်သူများအား ရှုတ်ချသည့်ဖြစ်စဉ်များကို တင်ပြပြီး အခမ်းအနားကို ကြွေးကြော်သံ ခြောက်ချက်ဖြင့် ကြွေးကြော်ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

တင်မောင်ငွေ(သန်လျင်)

မိုဒီ၏ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား ပါကစ္စတန်ဝန်ကြီးချုပ် တက်ရောက်မည်

အစ္စလာမ္မာဘတ် မေ ၂၄

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် တနင်္လာနေ့တွင် ကျင်းပမည့် နရိန္ဒြာမိုဒီ၏ အိန္ဒိယဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၁၉၄၇ ခုနှစ်တွင် နှစ်နိုင်ငံ လွတ်လပ်ရေးရရှိကြပြီးနောက် တစ်နိုင်ငံ၏ ဝန်ကြီးချုပ်တစ်ဦးက အခြားတစ်နိုင်ငံမှဝန်ကြီးချုပ်တစ်ဦး၏ ယခုကဲ့သို့သော အခမ်းအနားသို့ တက်ရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

နျူကလီးယား လက်နက်ပိုင်ရှင်များဖြစ်ကြသော ၎င်းနှစ်နိုင်ငံသည် လွန်ခဲ့သောနှစ် ၆၀ ၌ သုံးနှစ်ကြာစစ်ဖြစ်ခဲ့ကြသည်။

မစ္စတာမိုဒီကို အမျိုးသားလုံခြုံရေးကိစ္စရပ်များပေါ်တွင် သဘောထားတင်းမာသူ တစ်ဦးဟု ရှုမြင်ကြသည်။ ၎င်း၏ ဘီဂျေဘီပါတီကလည်း ပါကစ္စတန်နိုင်ငံအပေါ်တွင် တင်းမာသော သဘောထားထားရှိသည်။

ယမန်နှစ်၌ မစ္စတာရှရစ်ဖ်က ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ထိုအချိန်ကဝန်ကြီးချုပ်ဖြစ်သူ ဆင်းကို ဖိတ်ကြားခဲ့သော်လည်း မန်မိုဟန်ဆင်းက တက်ရောက်ခြင်း မပြုခဲ့ပေ။ **ဘီဘီစီ။**

ပင်လယ်ရေကြောင်းနယ်နိမိတ် သတ်မှတ်ခြင်းဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပစဉ်။

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား ပင်လယ်ပြင် နယ်နိမိတ် အငြင်းပွားမှု ဖြေရှင်းနိုင်ကြပြီ

မနီလာ မေ ၂၄

ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်ပေါင်း ၂၀ ကြာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် နှစ်နိုင်ငံအကြား ပင်လယ်ပြင်နယ်နိမိတ်အငြင်းပွားခြင်းကို ဖြေရှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း သောကြာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဤသို့သော ဆောင်ရွက်ချက်သည် အချုပ်အခြာ အာဏာပိုင်ဆိုင်မှု ပြဿနာအား အင်အားသုံးစွဲခြင်း မပြုဘဲ မည်သို့ဖြေရှင်းရမည်ကို သာဓက စံနမူနာကောင်းတစ်ခုအဖြစ် ပြသခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုက လည်း ၎င်း၏ နိုင်ငံသည် ပင်လယ်ပြင်ဆိုင်ရာ ပြဿနာများကို ဥပဒေနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ဒေသတွင်း၌ ပိုင်နက်နယ်မြေ အငြင်းပွားမှုနှင့် ပတ်သက်၍ တင်းမာမှုများ မြင့်တက်လာနေစဉ် ၎င်းနှစ်နိုင်ငံ၏ သဘောတူညီချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးများသည် မနီလာမြို့၌ တွေ့ဆုံ၍ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မစ္စတာယူဒိုယိုနိုသည် အရှေ့အာရှဆိုင်ရာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။ **ဘီဘီစီ။**

အူရောင်ကီတိုက်ခိုက်မှုတွင် သံသယရှိသူအား တရုတ်အစိုးရဖမ်းဆီး

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံ ဆင်ကျန်းပြည်နယ် အူရောင်ကီမြို့ရှိ ဈေးတစ်ဈေးတွင် မေ ၂၂ရက်ကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ သံသယမကင်းသူတစ်ဦးကိုဖမ်းဆီးလိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၃၉ ဦးရှိပြီး လူ ၉၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူအဖြစ် သံသယရှိသူမှာ အူရောင်ကီမြို့တောင်ပိုင်း ဘေဟင်ဂျီလင်စီရင်စုမှဖြစ်ပြီး အခြားသံသယရှိသူလေးဦးမှာ တိုက်ခိုက်မှုအတွင်းသေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မွတ်စလင်လူနည်းစု အူဂါမျိုးနွယ်စုဝင်များ၏ ဇာတိနယ်မြေ ဆင်ကျန်းပြည်နယ်၌ စစ်သွေးကြွများ၏ အကြမ်းဖက်မှုအား ဆန့်ကျင်ရန် စစ်ရေးလှုပ်ရှားမှုကို တစ်နှစ်ကြာ ပြုလုပ်မည်ဟု တရုတ်အစိုးရက ကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မေ ၂၄ ရက်တွင် အူရောင်ကီမြို့ ဈေးအတွင်းသို့ လူစည်ကားနေချိန်တွင် ကားနှစ်စီး မောင်းဝင်လာပြီး ဖောက်ခွဲရေးပစ္စည်းများဖြင့်ပစ်ပေါက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ကားတစ်စီးမှာ ယင်းနောက်တွင် ပေါက်ကွဲသွားခဲ့သည်။

အစောပိုင်း ထွက်ပေါ်သောသတင်းများအရ အကြမ်းဖက် တိုက်ခိုက်သူငါးဦးစလုံး ယင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားသည်ဟု ဖော်ပြခဲ့သည်။ **ဘီဘီစီ။**

အူရောင်ကီမြို့တွင် စစ်အင်အား တိုးမြှင့်ဖြန့်ကြက်လျက်ရှိသည်ကို တွေ့ရစဉ်။

မလေးရှား မီးပြတိုက် တည်ဆောက်မှု အင်ဒိုနီးရှားရေတပ် စုံစမ်းစစ်ဆေး

ဂျကာတာ မေ ၂၄

တန်ယွန်းဒါတွတ်ကျွန်းပေါ်၌ မလေးရှားနိုင်ငံက မီးပြတိုက်တည်ဆောက်နေသည်ဆိုသော သတင်းနှင့်ပတ်သက်၍ အင်ဒိုနီးရှားရေတပ်က စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ အနောက် ကာလီမင်တန်ဒေသနှင့် မလေးရှားနိုင်ငံ ဆာရာဝပ်ဒေသအကြား နယ်စပ်ဒေသ၌ တည်ရှိသော တန်ယွန်းဒါတွတ်ကျွန်းပေါ်၌ မီးပြတိုက်တည်ဆောက်နေသည်ဆိုသော သတင်းတစ်ရပ် ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ အင်ဒိုနီးရှားရေတပ်က စုံစမ်းစစ်ဆေးလျက်ရှိသည်။

လှေ့လာမည်

ယင်းသို့ မီးပြတိုက် တည်ဆောက်ရာတွင် အင်ဒိုနီးရှားနိုင်ငံ၏ ပိုင်နက်နယ်မြေအပေါ် ကျူးကျော်မှု ပြုရာရောက်၊မရောက် မိမိတို့ လေ့လာသွားမည်ဖြစ်ကြောင်း ဂျကာတာမြို့ရှိ ရေတပ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပိုင်နက်နယ်မြေ အငြင်းပွားနေသည့် ဧရိယာအတွင်း မလေးရှားနိုင်ငံ၏ လှုပ်ရှားဆောင်ရွက်ချက်များကို သိရှိနိုင်ရန် အင်ဒိုနီးရှားရေတပ်မှ စစ်လေယာဉ်တစ်စင်းက ကောင်းကင်ဓာတ်ပုံများကို ရိုက်ကူးရယူခဲ့ကြောင်း၊ ရေတပ်စစ်သင်္ဘောတစ်စင်းကိုလည်း တန်ယွန်းဒါတွတ်ကျွန်းသို့ စေလွှတ်ခဲ့ကြောင်း အမည်မဖော်လိုသူ ဒေသဆိုင်ရာ ရေတပ်အရာရှိတစ်ဦးက ပြောကြားသည်။ **ပီတီအိုင်။**

ဆိုမာလီပါလီမန် အဆောက်အအုံကို စစ်သွေးကြွများ တိုက်ခိုက်

မိုဂါဒစ်ရှူး မေ ၂၄

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ပါလီမန်အဆောက်အအုံကို စစ်သွေးကြွလက်နက်ကိုင်အဖွဲ့တစ်စုဖြစ်သည့် အယ်လ်ရှာဘတ်အဖွဲ့က မေ ၂၄ ရက်တွင် တိုက်ခိုက်ခဲ့ရာ၁၀ဦး ထက်မနည်းသေဆုံးကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆိုမာလီရဲအဖွဲ့တို့ ပူးပေါင်းထားသည့် တပ်ဖွဲ့ဝင်များနှင့် အယ်လ်ရှာဘတ် စစ်သွေးကြွများအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အယ်လ်ရှာဘတ် လက်နက်ကိုင် စစ်သွေးကြွများသည် တစ်ချိန်က ဆိုမာလီနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော နယ်မြေဒေသကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် ဆိုမာလီအစိုးရတပ်များက ၎င်းတို့ သိမ်းယူထားသည့် အဓိကမြို့ကြီးများမှ တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့သည်။

ဆိုမာလီဒေသစံတော်ချိန် နေမွန်းတည့်ချိန်တွင် ပါလီမန်အဆောက်အအုံ ဂိတ်ဝအနီး၌ ကားဗုံးတစ်လုံးပေါက်ကွဲပြီး ခဏအတွင်းမှာပင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပစ်ခတ်မှုတွင် ရဲအရာရှိလေးဦးသေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ဝန်ကြီးချုပ်ဟောင်း ယင်လပ်အား ထိန်းသိမ်းထား

ဗန်ကောက် မေ ၂၄

ထိုင်းနိုင်ငံ၌ ရာထူးမှဖယ်ရှားခံခဲ့ရသော ဝန်ကြီးချုပ်ယင်လပ်ရှင်နာဝါထရာ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများ၏ ခေါင်းဆောင်များအား ရက်သတ္တတစ်ပတ်ကြာမျှ ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် စဉ်းစားရန်အချိန်ရရှိနိုင်စေရန် ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း အာဏာသိမ်းခေါင်းဆောင်များက မေ ၂၄ ရက်တွင် ပြောကြားကြသည်။

ပွင့်ပွင့်လင်းလင်းဝေဖန်ပြောဆိုတတ်သော တက္ကသိုလ်ပညာရှင်များကိုလည်း စစ်အုပ်ချုပ်ရေးကောင်စီသို့ သတင်းပို့ရန် ဆင့်ခေါ်ထားသည်။

မေ ၂၂ ရက်က စစ်တပ်ကအာဏာသိမ်းယူလိုက်ခြင်းအတွက် စုဝေးဆန္ဒပြနိုင်ခြင်းမရှိစေရန် ရည်ရွယ်ချက်ဖြင့် အထင်ကရပုဂ္ဂိုလ်များအား ခေါ်ယူထိန်းသိမ်းထားသည်ဟု ယူဆရကြောင်း ဝေဖန်ချက်များ ပေါ်ထွက်လာသည်။ ထိုင်းနိုင်ငံ၌ လူတန်းစားအခြေခံသော အုပ်စုနှစ်စုအကြား နိုင်ငံရေးအားပြိုင်ရာမှ လပေါင်းအတန်ကြာမျှ လမ်းပေါ်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် စစ်အာဏာသိမ်းပွဲဖြစ်ပေါ်ခဲ့သည်။

ထိုစဉ်အတွင်း စစ်အုပ်ချုပ်ရေးကောင်စီ၏ တားမြစ်ပိတ်ပင်ချက်ကိုအာခံလျက် အာဏာသိမ်းမှုကို ကန့်ကွက်သည့် ဆန္ဒပြသူ ရာပေါင်းများစွာက မြို့တော် ဗန်ကောက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများသည် မေ ၂၄ ရက်က ရုပ်ရှင်ရုံတစ်ရုံအနီး ဆန္ဒပြခဲ့ပြီးနောက် ၉ ကီလိုမီတာ(၅ ဒသမ ၆ မိုင်)အကွာရှိ ဒီမိုကရေစီအောင်ပွဲ အထိမ်းအမှတ်ကျောက်တိုင်ရှိရာသို့ ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းနိုင်ငံ၌ စစ်ဘက်ကအာဏာသိမ်းခဲ့ခြင်းကို ပြစ်တင်ရှုတ်ချလျက် အမေရိကန်ပြည်ထောင်စုက ယင်းနိုင်ငံသို့ စစ်ရေးအကူအညီပေးမှုကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

အမေရိကန် ကြည်းတပ်အကြီးအကဲသည် ထိုင်းစစ်အရာရှိအား ဆင့်ခေါ်ခဲ့ပြီး ၎င်း၏နိုင်ငံ၌ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပြန်လည်ကျင့်သုံးရန်တိုက်တွန်းခဲ့သည်။

နိုင်ငံခြားစစ်ရေးအကူအညီနှင့် နိုင်ငံတကာစစ်ပညာနှင့် စစ်သင်တန်းအစီအစဉ်တို့အတွက် နှစ်စဉ်ဒေါ်လာ ၃ ဒသမ ၅ သန်းခန့် ထောက်ပံ့ပေးမှုကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။ **ရိုက်တာ။**

မြို့တော်ဗန်ကောက်၌ စစ်အုပ်ချုပ်ရေးကောင်စီအား ဆန့်ကျင်ဆန္ဒပြကြသူများကို တွေ့ရစဉ်။

ထိုင်းရဝေနန်းမြေမှာ နိုင်ငံရေးထွက်ရပ်လမ်းရှာ

ကိုရင်ဩ

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအာဏာလွန်ဆွဲပွဲတွင် မထင်မှတ်ဘဲ ဖြစ်ပေါ်လာသည့် အလှည့်အပြောင်းတစ်ရပ်အဖြစ် စစ်ဘက်၏ အာဏာသိမ်းမှုကို တွေ့မြင်ရသည်။ ကြည်းတပ်ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် မေ ၂၂ ရက်တွင် အာဏာသိမ်းယူလိုက်ပြီး နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူလိုက်ကာ စစ်အုပ်ချုပ်ရေးကောင်စီ၏ အကြီးအကဲဖြစ်လာသည်။

စစ်ဘက်က အာဏာသိမ်းခြင်းနှင့်အတူ ၂၀၀၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာသက်ဝင်မှုကို ဆိုင်းငံ့လိုက်ပြီး နိုင်ငံရေးလှုပ်ရှားသူများကို ထိန်းသိမ်းလိုက်ကာ ဆန္ဒပြသူများကို လမ်းများပေါ်မှ ဖယ်ရှားခဲ့သည်။ ထိန်းသိမ်းခံရသူများတွင် ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝါထရာလည်း ပါဝင်သည်။

အာဏာသိမ်းစစ်ကောင်စီသည် ဘုရင်စနစ်နှင့် ပတ်သက်နေသော ဥပဒေများကိုမူ ဖျက်သိမ်းခြင်းမရှိပေ။ စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသော ထိုင်းနိုင်ငံတွင် ဘုရင်စနစ်ကို စစ်တပ်က ကာကွယ်စောင့်ရှောက်မည်ဟု ဆိုသည်။

မေ ၂၀ ရက်တွင် စစ်အုပ်ချုပ်ရေးအမိန့်(မာရှယ်လော)ကို ထုတ်ပြန်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် စစ်ဘက်က အာဏာသိမ်းခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ နိုင်ငံရေးရန်သူတော်များအကြား မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်ခဲ့သော်လည်း အဖြေမထွက်ဟုဆိုကာ အာဏာသိမ်းယူခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ၈၂ နှစ်တာကာလအတွင်း စစ်ဘက်က ၁၂ ကြိမ်တိုင်တိုင် အာဏာသိမ်းယူခဲ့ပြီး မအောင်မြင်သည့် အာဏာသိမ်းပွဲ ခုနစ်ကြိမ် ပေါ်ပေါက်ခဲ့သည်။ ယခင်တစ်ကြိမ် အာဏာသိမ်းမှုမှာ ၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့ပြီး ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝါထရာ ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

နာတာရှည် နိုင်ငံရေးပြဿနာနှင့်အတူ အခါအားလျော်စွာ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်တတ်သော ဆန္ဒပြပွဲများကြောင့် မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုများမှ ပြည်သူများအား အကာအကွယ်ပေးနိုင်ရန် စစ်ဘက်က အာဏာသိမ်းယူရသည်ဟု စစ်ခေါင်းဆောင်များက ပြောကြားသည်။

ဘုရင်စနစ်ထောက်ခံသူများ၊ ကြေးရတတ်များ၊ ပညာတတ်များ၊ လူလတ်တန်းလွှာပြည်သူများ စသည့် မြို့ပြများ၌ နေထိုင်သော လက်ရွေးစင် ဘူဇွာလူတန်းစားနှင့် မဟာမိတ်ပြုထားသည့် အတိုက်အခံအင်အားစုသည် ကျေးလက် ဒေသများ၌ နေနိုင်သော ဥစ္စာခနမဲ့ ပြည်သူများ၏ ထောက်ခံမှုကိုရရှိထားသော အစိုးရအဖွဲ့ကို အန်တုဆန့်ကျင်ရာမှ နိုင်ငံရေးပဋိပက္ခ ကြီးထွားလာခဲ့သည်။ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများအကြား ရန်သတ္တုရပြုခြင်းကြောင့် ပြည်သူများ၏ အသက်ဇီဝိန် ဆုံးရှုံးရခြင်းမှ ရှောင်ရှားနိုင်စေရန် "ငြိမ်းချမ်းရေးနှင့် ဥပဒေစည်းမျဉ်း ထိန်းသိမ်းရေးကောင်စီ"ဟူ၍ အမည်ပေးထားသော စစ်အုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူလိုက်ကြောင်း ဗိုလ်ချုပ်ကြီး ပရာယွတ်က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုင်းနိုင်ငံရေးတွင် ဘက်လိုက်ခြင်းကင်းကာ ကြားနေဝါဒကျင့်သုံးမည်ဟု စစ်ခေါင်းဆောင်များက ပြောကြားခဲ့ကြပြီး ရွေးကောက်ပွဲများမကျင်းပမီမှာပင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပြဋ္ဌာန်းပြီးဖြစ်လိုသည်ဟု ပြည်သူများအား သိကြားစေခဲ့သည်။

ဤနေရာတွင် ဗိုလ်ချုပ်ကြီးပရာယွတ်၏ စစ်အုပ်ချုပ်ရေးကောင်စီက မည်သို့သော ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်လိုသည်ကို ဆက်လက် လေ့လာစောင့်ကြည့်ရန် လိုအပ်ပေလိမ့်မည်။ နိုင်ငံရေးဩဇာကြီးမားခဲ့ပြီး ရွေးကောက်ပွဲတိုင်းတွင် အနိုင်ရခဲ့သော သက်ဆင်မိသားစုအား ထောက်ခံသည့် ကျေးလက်ပြည်သူများ၏ နိုင်ငံရေးအင်အားကို လျှော့ချနိုင်စေရန် ဥပဒေများထုတ်ပြန်လာမည်လောဟု စောကြောဝေဖန်ကြပေမည်။ ပြိုင်ဘက်နိုင်ငံရေးပါတီများအကြား ဘက်လိုက်ခြင်းကင်းသော ခုံသမာဓိအဖြစ် ရပ်တည်ရင်း အနှစ်သာရပြည့်ဝသည့်ပြုပြင်ပြောင်းလဲရေးများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပါမည်လောဟုလည်း အကဲဖြတ်မည့်သူများရှိနေသည်။

လတ်တလောအားဖြင့် ထိုင်းနိုင်ငံ၌ ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုမှာ ရာထူးမှ ဖယ်ရှားခံခဲ့ရသော အစိုးရအဖွဲ့အား ထောက်ခံသူ "ရှပ်နီဝတ်များ"နှင့် အာဏာသိမ်း စစ်ခေါင်းဆောင်များအကြား နိုင်ငံရေးထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေနှင့် သက်ဆိုင်နေသည်။ ထိုင်းနိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းလိုက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာတွင် ဂယက်ရိုက်ခတ်ခဲ့သည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ အမြန်ဆုံးပြန်သွားရန် ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းက တိုက်တွန်းခဲ့သည်။

ထိုင်းနိုင်ငံ၌ စစ်ဘက်မှ အာဏာသိမ်းရလောက်အောင် ခိုင်လုံသော အကြောင်းခြင်းရာများမရှိဟု အမေရိကန်ပြည်ထောင်စုက ပြစ်တင်ရှုတ်ချခဲ့သည်။

ထိုင်းနိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းလိုက်ခြင်းအတွက် အလွန်အမင်း စိုးရိမ်ပူပန်မိသည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက ပြောကြားခဲ့ပြီး ဒီမိုကရေစီဆုတ်ယုတ်မှုအဖြစ် ဝေဖန်ခဲ့သည်။ ဒီမိုကရေစီ အခြေခံစံနှုန်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထူထောင်သည့် အစိုးရအဖွဲ့တို့ကို အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)က ထောက်ခံနေသော်လည်း အာဆီယံထူထောင်ရာတွင် ပါဝင်ခဲ့သော ထိုင်းနိုင်ငံ၌ စစ်ဘက်မှ အာဏာသိမ်းခြင်းမှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေကြောင်း နာတာလီဂါဝါက ညွှန်းဆိုခဲ့သည်။

ထိုနည်းတူပင် ဩစတေးလျ၊ ဗြိတိန်၊ ပြင်သစ်၊ နယူးဇီလန်၊ ဂျပန်၊ မလေးရှားနိုင်ငံတို့ကလည်း ထိုင်းနိုင်ငံ၌ ဒီမိုကရေစီအမြန် ဆုံးပြန်လည် အသက်ဝင်စေ လိုသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ထိုင်းနိုင်ငံ၌ စစ်ဘက်မှ အာဏာသိမ်းယူလိုက်ခြင်းကြောင့် စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်နိုင်မည်လောဟူသော အချက်မှာလည်းစေ့ငုစရာ အကြောင်းရပ်ဖြစ်သည်။ ၂၀၀၆ ခုနှစ်နောက်ပိုင်း ဒုတိယအကြိမ် အာဏာသိမ်းမှုသည် ရေတိုအားဖြင့် နိုင်ငံတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်သည်ဟု ယူဆဖွယ်ရာရှိသော်လည်း ရေရှည်အားဖြင့် နိုင်ငံရေးအကွဲအပြဲ ပိုမိုနက်ရှိုင်းလာနိုင်ကာ စီးပွားရေးပြဿနာများ ဖြစ်ပေါ်လာနိုင်သည်ဟု ဆင်ခြင်တွေးတောစရာရှိသည်။

အာရှတိုက်တွင် ဆဋ္ဌမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာ ဒေါ်လာ ၃၆၆ ဘီလျံခန့်ရှိပြီး စားနပ်ရိက္ခာ ပြည်ပတင်ပို့သည့်နိုင်ငံ၊ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း တိုးတက်သည့်နိုင်ငံ၊ မော်တော်ယာဉ်နှင့် ကွန်ပျူတာထုတ်လုပ်သည့်နိုင်ငံ စသည့် ဂုဏ်ဒြပ်အပေါင်းနှင့် ကမ္ဘာ့အလယ်ရပ်တည်နေသည့် နိုင်ငံဖြစ်သည်။

ပစ္စက္ခကာလ နိုင်ငံရေးမငြိမ်မသက်မှု၏ ရလဒ်တစ်ခုအဖြစ် ယခုနှစ်ပထမဆုံးလပတ်ကာလတွင် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၁ ရာခိုင်နှုန်း စီးပွားရေး ကျုံ့သွားခဲ့ရသည်။

ထိုင်းနိုင်ငံ၌ ခြောက်လကြာမျှ လမ်းပေါ်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ်၏ ပထမသုံးလတာကာလတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

နိဂုံးဆိုရသော် နိုင်ငံရေး စည်းကျိုးခဲ့ရသော ထိုင်းနိုင်ငံ၌ သဘောထားတင်းမာမှုများ မြင့်တက်ခဲ့သည်။ ရဝေနန်းမြေတည်ရာ ထိုင်းနိုင်ငံ၌ ပဋိပက္ခအရပ်ရပ်၏ အထက်တွင် ဘုရင်မင်းမြတ်ရှိသည်ဟု ဆိုစမှတ်ပြုကြပါသည်။ ဘုရင်စနစ်ကို ကာကွယ်စောင့်ရှောက်သော စစ်တပ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရန် ခုံသမာဓိသဖွယ် ရပ်တည်ကာ နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းပေးသွားမည်ဟု အာမဝန္တာပြုထားပေရာ စစ်အုပ်ချုပ် ရေးကောင်စီအနေဖြင့် နိုင်ငံရေးပဋိပက္ခများမှ လွတ်မြောက်စေမည့် ထွက်ရပ်လမ်း၏ လမ်းပြရှေ့ဆောင်အဖြစ် ရပ်တည် နိုင်ခြင်း ရှိ၊ မရှိ ကမ္ဘာကလေ့လာစောင့်ကြည့်နေကြပေလိမ့်မည်။ ။

လုပ်အားပေးအိမ်ရာရှေ့ခရီး

အငြိမ်းစားအရာထမ်းတစ်ဦး

အစိုးရဆိုတာ အမြတ်ယူပြီး အိမ်ငှားစားတာ မှမဟုတ်ဘဲ၊ အဆောက်အအုံပြင်တာ၊ လမ်းပြင်တာ၊ ရေစီးရေလာကောင်းဖို့နဲ့ ရေပေးရေးစနစ်တွေ ထိန်းသိမ်းတာ စတဲ့ လုပ်ငန်းတွေအတွက် ငွေအများကြီးလိုအပ်တယ် မဟုတ်လား။

အပေါ်ထပ်အောက်ထပ် စတုရန်းပေ ၅၀၀ ခန့်ရှိတဲ့ အိမ်ခန်းတစ်ခန်းကို လခ ၂၀ ကျပ်လောက်နဲ့ ဘာလုပ်လို့ရမှာလဲ၊ အစိုးရက စိုက်တော့စိုက်ရမှာပေါ့။ ဒါပေမယ့် အစိုးရ အပိုင်းကသာ အမြဲတမ်း စိုက်ထုတ်ကျခံဖို့ဆိုတာ ရေရှည်မှာလုံးဝမဖြစ်နိုင်ဘူး။ သူတိုးကိုယ်တိုး နှစ်ဖက်တိုးဆိုတာလို. . .

ရန်ကုန်မြို့၏နွေရာသီကား ယခင်နှစ်များထက် ထူးကဲစွာပူပြင်းလှ၏။ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ဘဝတွင် ကျန်းမာရေးကအရေးကြီးဆုံးဖြစ်၍ အပူဒဏ်ကို ကြံ့ကြံ့ခံရင်း အိမ်တွင်း၌သာအချိန်ကုန်သည်ကများ၏။ မေလဆန်း၌ မိုးရွာလာသဖြင့် အပူဒဏ်နှင့်ဝေးတော့မည်ဟု တွေးရင်းပျော်မိ၏။ သို့ရာတွင် မိုးရွာသွန်းပြီးသည်နှင့် "ပူတယ်လေ ဆယ်နေကဲ"ဆိုသကဲ့သို့ အပူရှိန်က မင်းမူလာပြန်၏။ လွန်ခဲ့သည့်သုံးရက်အတွင်း တစ်ပူပေါ် နှစ်ပူဆင့်ဆိုသကဲ့သို့ လူမှုရေးအပူနှစ်ရပ်က ကူးစက်လာခဲ့၏။

ပထမအပူမှာ စာရေးသူ၏မိခင်ဘက်မှ တော်စပ်သော တူဝမ်းကွဲ၏ဇနီးမိသားစုမှ အိမ်လခမပေးနိုင်၍ ငွေကြေး အကူအညီလာရောက်တောင်းခံခြင်းဖြစ်၏။ တူမောင်ဖြစ်သူသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့လေရာ သူ၏ဇနီးသည်မှာ မူလတန်းအရွယ်ရင်သွေးငယ် နှစ်ဦးကို စက်ရုံတစ်ရုံတွင်အလုပ်ကြမ်းလုပ်ကိုင်ပြီး ရှာဖွေကျွေးမွေးနေရရှာ၏။ သူမ၏ မိဘဆွေမျိုးများနှင့်နီးသော လှိုင်သာယာမြို့ အောင်ဇေယျတံတားထိပ်ရှိ ကျူးကျော်ရပ်ကွက်တွင် ၁၀ ပေ ပတ်လည်သာသာမျှရှိသည့် တဲအိမ်ကို တစ်လလျှင် ငှားရမ်းခ ငွေကျပ် ၂၀၀၀၀ ပေးပြီး နေထိုင်နေရကြောင်း သိရ၏။ စာရေးသူတို့ဦးကြီး၊ ဒေါ်ကြီးများက အခါအားလျော်စွာ ဝိုင်းဝန်းထောက်ပံ့မှုပေးနေရပါသည်။ ယခုလည်း အိမ်လခ သုံးလစာပေးရမည်ဖြစ်ရာ သူမထံတွင် တစ်လစာမျှသာရှိ၍ နှစ်လစာ လာရောက်အကူအညီတောင်းခံခြင်းဖြစ်၏။

စာရေးသူက ကျူးကျော်တဲကိုမငှားဘဲ ရပ်ကွက်ထဲမှ တရားဝင်တဲအိမ်ပဲဖြစ်ဖြစ်ငှားနေပါလားဟု ပြောပြရာ သူမက "ရပ်ကွက်ထဲက တဲတန်းလျားတွေမှာ ၁၀ ပေ ပတ်လည်တစ်ခန်းကို ငွေကျပ် ၅၀၀၀၀ အနည်းဆုံးပေးမှ ငှားလို့ရတယ်ဦးကြီးရဲ့"ဟု ရှင်းပြလေ၏။ နောက်ဆုံးတော့ စာရေးသူက သူမ၏ကလေးများ မုန့်ဖိုးအပါအဝင် ငွေကျပ် ၆၀၀၀၀ ထောက်ပံ့ပေးလိုက်ပါသည်။

နောက်နှစ်ရက်ခန့်အကြာ အပူတစ်ပူကထပ်ဆင့် ကူးစက်လာ၏။ သုဝဏ္ဏတွင်နေထိုင်သော စာရေးသူ၏ဖခင်ဘက်မှ ကွယ်လွန်သူအစ်ကိုတစ်ဝမ်းကွဲ၏ သားကြီးဖြစ်သူသည် နေအိမ်သို့ရေးကြီးသုတ်ပြာရောက်ရှိလာ၏။ သူတို့နေထိုင်သော သုဝဏ္ဏမြို့မှ အိမ်ခန်းများ၏ အိမ်လခကို အစိုးရကအဆမတန်တိုးမြှင့်လိုက်ကြောင်း၊ လုပ်အားပေးအိမ်ရာများဖြစ်ပြီး ဟိုတုန်းက အပိုင်ပေးမည်ဟု ကတိစကားရှိခဲ့ကြောင်း၊ သူတို့၏လုပ်အားနဲ့ ဆောက်လုပ်ခဲ့ခြင်းဖြစ်၍ အိမ်ခန်းကို သူတို့အားအပိုင်ပေးသင့်ကြောင်း၊ သမ္မတကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတိုင်ကြားစာရေးသားရန် ပြင်ဆင်နေကြကြောင်း ဒေါ်နှင့်မောနှင့်တောက်လျှောက်ပြောပြပါလေတော့၏။

စာရေးသူက "အဲဒါ ငါနဲ့ဘာဆိုင်လို့လဲကွ"ဟု မေးမြန်းရာ "ဦးကြီးက ကျွန်တော့်အဖေနဲ့ အိမ်ခန်းလျှောက်တုန်းကရော၊ လုပ်အားပေးတုန်းကရော အတူတူပါတယ်လို့အမေကပြောတယ်၊ အိမ်ခန်းဘယ်လိုရတယ်ဆိုတဲ့ နောက်ကြောင်းသမိုင်းကို ကောင်းကောင်းသိမီသူတစ်ဦးအနေနဲ့ ကျွန်တော်တို့ရဲ့ နစ်နာချက်တွေကို ဖော်ထုတ်ပြီး သမ္မတကြီးဆီတင်မယ့်စာကို ရေးပေးပါလား။ ဒီကိစ္စကအများအတွက် သိပ်အရေးကြီးနေလို့ပါ ဦးကြီး"ဟု အားကိုးတကြီးပြော၏။

သူ၏ဖခင်မှာ စာရေးသူနှင့် အင်္ဂလိပ်စာလေ့လာဖက် တစ်ဦးလည်းဖြစ်၏။ စာရေးသူ လူပျိုဘဝက သောက်ဖော်သောက်ဖက်လည်းဖြစ်၏။ အစ်ကိုတစ်ဝမ်းကွဲဆိုသော်လည်း အထက်တန်းစာရေးလူပျိုကြီးဖြစ်၍ ရပ်ကွက်အတွင်း သူငှားရမ်းနေထိုင်သော နေအိမ်ခန်း၌ စာရေးသူမှာ အနေများသဖြင့် ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြ၏။ ထိုခေတ်ကာလ (၁၉၆၀ ခုနှစ်ဝန်းကျင်) ရပ်ကွက်အတွင်း အိမ်ငှားခမှာ ၃၀ ကျပ်မျှဖြစ်ပြီး လစာ ၁၂၆ ကျပ်ရသော အောက်တန်းစာရေးများပင် အိမ်ခန်းငှား၍နေထိုင်နိုင်၏။ သူအိမ်ထောင်ကျပြီးနောက် သုဝဏ္ဏ (၂၉)ရပ်ကွက်တွင် လုပ်အားပေးအိမ်ခန်းရရှိပြီး ပြောင်းရွှေ့နေထိုင်ရာတွင်လည်းကောင်း၊ အလုပ်တာဝန်ကျရာနယ်သို့ပြောင်းရွှေ့ပြီးနောက် ရန်ကုန်သို့ မကြာခဏ ပြန်ရောက်သည့်အခါများတွင် လည်းကောင်း၊ နှစ်ဦးသား အဆက်အသွယ်လုံးဝမပြတ်ခဲ့ပေ။ သုဝဏ္ဏရှိ သူ၏ အိမ်ခန်းမှာ စားသောက်ပွဲကျင်းပရာ ဘုံရိပ်သာလေးဖြစ်ခဲ့၏။ နောက်ဆုံး သူကွယ်လွန်သောအခါမှသာ အပြီးတိုင်ဝေးခဲ့ကြလေ၏။ သို့သော် တူ၊ တူမများမှာ မိမိထံအမြဲလိုလို အဝင်၊ အထွက်ရှိနေခဲ့၏။ တူမောင်၏ ပြောစကားကိုနားထောင်ပြီးနောက် လုပ်အားပေးအိမ်ရာအကြောင်းသိရှိသမျှ ပြောပြလိုက်ပါသည်-

"ဦးကြီးအနေနဲ့ တိုင်စာတို့တင်ပြစာတို့ ရေးမပေးပါရစေနဲ့ကွာ။ နောက်ကြောင်းကို သိသလောက်ပြန်ပြောပြပါ့မယ်။ လွန်ခဲ့တဲ့အနှစ် (၄၀)ကျော်က အိုးအိမ်ကိုသွားပြီး လုပ်အားပေးအိမ်ရာလျှောက်တော့ မင်းအဖေနဲ့ အတူငါက အဖော်အဖြစ် လိုက်သွားတယ်ကွ။ သူလုပ်အားပေးတဲ့နေ့တွေမှာလည်း ငါကအမြဲလိုလို လိုက်သွားတယ်။ လေ့လာ ရေးပေ့ါကွာ။ အဲဒီတုန်းက ဆိုရှယ်လစ်ခေတ်ဆိုတော့ "လုပ်အားတန်ဖိုးချစ်မြတ်နိုး"ဆိုတဲ့ ဆောင်ပုဒ်က အရမ်းပေါ်ပြူလာဖြစ်နေတာ။ ရပ်ကွက်ထဲမှာရော၊ ရုံးတွေမှာရော သန့်ရှင်းရေးလုပ်အားပေး၊ နေ့ကြီးရက်ကြီး ကြိုဆိုလုပ်အားပေးဆိုပြီး စုံနေတာပဲကွ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရက အလုပ်သမားနဲ့ လယ်သမားကို အခြေခံလူတန်းစားဆိုပြီး သတ်မှတ်ထားတာ။ စည်းရုံးရေးအမြင်နဲ့ သုဝဏ္ဏမြို့ကို မြို့ပြအလုပ်သမားလူတန်းစားရဲ့ ချွေးမြို့တော်ဆိုပြီး တည်ဆောက်ခဲ့တာ။ နာရီ ၁၂၀ လုပ်အားပေးရတယ်။ ဒါကြောင့် "လုပ်အားပေးအိမ်ရာ" လို့ခေါ်တာပေ့ါ။ အိမ်ပိုင်တဲ့စီမံကိန်းက "စုပေါင်းအိမ်ရာ"ဆိုပြီး သီးခြားရှိတယ်ကွ။ အဲဒါလုပ်အားမပေးရဘူး။ များသောအားဖြင့် အရာထမ်းအဆင့်တွေကို နှစ်ရှည်အရစ်ကျ ငွေသွင်းစနစ်နဲ့ ရောင်းချပေးခဲ့တာ။ လုပ်အားပေးအိမ်ရာကတော့ လစဉ်အိမ်လခပေးရတဲ့ အငှားအိမ်ရာပေ့ါ"

"ကျွန်တော်တို့အဖေလို ဝန်ထမ်းတွေရဲ့ လုပ်အားခက အိမ်တန်ဖိုးမှာ ပါဝင်နေတော့ အဲဒီအိမ်ကို အစိုးရကသာ လုံးဝပိုင်ဆိုင်တယ်ဆိုပြီး ပြောလို့ရမလားဦးကြီးရ"

"အိမ်ခန်းချထားတဲ့ အမိန့်စာရပြီဆိုတော့ မင်းအဖေနဲ့အတူ လိုက်ပြီး အိုးအိမ်စီမံကိန်းဌာနခွဲမှာ စုံစမ်းမေးမြန်းခဲ့တာ ငါမှတ်မိတယ်။ မင်းအဖေက စာရင်းကိုင်ဆိုတော့ စပ်စပ်စုစုလည်း မေးတတ်တယ်။ အိမ်လခဘယ်လိုတွက်သလဲက အစပေ့ါကွာ။ အဲဒီမှာ ငါသိရသလောက် မင်းတို့အဖေပေးရတဲ့ နာရီ ၁၂၀ လုပ်အားအတွက်လုပ်အားခ ကျသင့်ငွေ စုစုပေါင်းကို အိမ်တန်ဖိုးကုန်ကျစရိတ်ကနုတ်ပြီး ကျန်တဲ့ငွေပေါ်မှာပဲ ၇၅ နှစ်အရင်းကျေစနစ်နဲ့ ငှားရမ်းခသတ်မှတ်တာကွ၊ အခုလည်း အိုးအိမ်ရုံးမှာ အထောက်အထားတွေရှိနေမှာပါ။ ၇၅ နှစ် အရင်းကျေကာလထားတာကလည်း အဲဒီတုန်းက ရန်ကင်း၊ ဦးဝိစာရ၊ ဖဆပလ (ကန်တော်လေး)၊ သုဝဏ္ဏအားလုံး တစ်ပြေးညီပဲကွ"

"ဒါဆို အိမ်တန်ဖိုးက ယခုအထိမကျေနိုင်သေးဘူးပေ့ါ"

"အေးပေ့ါ နောက်ထပ် ၂၇ နှစ်လောက်ကြာမှ ကျေမှာပေ့ါ။ နောက်ပြီး အိမ်တန်ဖိုးမှာ မြေဖိုးမပါဘူးကွ။ အဲဒီတော့ အိမ်တန်ဖိုးကျေသွားတဲ့တိုင်အောင် မြေကြီးက အစိုးရမြေပဲဖြစ်မှာ"

"အိမ်တွေကရော ၇၅ နှစ်ခံပါ့မလား ဦးကြီးရ"

"မခံလို့ပျက်စီးရင် အစိုးရက အကြီးစားပြင်ဆင်မှုတွေ လုပ်ပေးရမှာပေ့ါကွ၊ ရွှေ့လျှောက်ပိုပြီးလုပ်မှ ရမှာကွ၊ အန္တရာယ်ရှိ အဆောက်အအုံဖြစ်လာရင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ အသစ်တည်ဆောက်ပြီး မင်းတို့ကို နေရာပြန်လည်ချထားပေးရမှာပေ့ါ၊ အဲဒါ အိမ်ပိုင်ရှင် အစိုးရရဲ့ တာဝန်ကွ"

"ဟိုတုန်းက ဝန်ကြီးဦးစိန်ဝင်းကိုယ်တိုင် ၂၅ နှစ်ပြည့်ရင် ကျွန်တော်တို့ပိုင်မယ်လို့ ပြောခဲ့တာ သက်သေခံမယ့်သူတွေ အသက်ထင်ရှားရှိတယ်ဗျ"

"ဘယ်ကိစ္စမှာမဆို တစ်ဆင့်ကြားပြောစကားကို တရားဝင်အထောက်အထားအဖြစ်သတ်မှတ်လက်ခံလို့မရဘူးလေကွ၊ Hear Say Evidence ခေါ်တာပေ့ါ။ မင်းလည်း ပညာတတ်တစ်ယောက်ပဲ။ နှုတ်တစ်ရာစာတစ်လုံးဆိုတာ အထူးပြောဖို့မလိုပါဘူး။ ငါသိသလောက် တရားဝင်စာချုပ်မှာ အဲဒီအချက်မပါဘူးကွ၊ ကွယ်လွန်သူဦးစိန်ဝင်းလည်း တရားခံဖြစ်နေပါဦးမယ်ကွာ"

"ဒါပေမယ့် တိုးတဲ့လခက များလွန်းတယ်ဗျ၊ ၂၃ ကျပ် ၆၀ ပြားကနေ ၆၀၀၀ ဆိုတော့ ဦးကြီးစဉ်းစားကြည့်၊ မရှိဆင်းရဲသားတွေ ဘယ်လိုပေးမလဲ"

"အေး များတော့များတယ်၊ ဒါပေမယ့် ကျူးကျော်ရပ်ကွက်က တဲစုတ်တွေကို ငှားနေတဲ့မရှိဆင်းရဲသားတွေထက်တော့ မင်းတို့က သုံးဆလောက်သက်သာနေသေးတယ်ကွ၊ မင်းနဲ့လည်း ညီအစ်ကိုဝမ်းကွဲတော်တဲ့ ကွယ်လွန်သူ မောင်ရွှေရဲ့မိန်းမ ဟိုနေ့ကပဲ တစ်လကို ၂၀၀၀၀နဲ့ လှိုင်သာယာကျူးကျော်တဲကိုငှားဖို့ငါ့ဆီမှာ ငွေလာတောင်းသွားသေးတယ်။ နှစ်ပေါင်းလေးဆယ်ကျော်မှ တိုးတာဆိုတော့ ဖားခုန်ခုန်ပြီး တိုးသလိုဖြစ်နေတာပေ့ါ"

"ဦးကြီးကို အားကိုးရမလားအောက်မေ့တယ်။ အစိုးရဘက်ကပဲ လိုက်ပြောနေတာ။ ကျွန်တော်တို့ဆီက အိမ်လခယူပြီး ဘာမှပြင်ဆင်ပေးတာလည်း မဟုတ်ဘူးဗျ၊ အဲဒါဘာပြောမလဲ"

"ခေတ်ကပြောင်းသွားပြီလေကွာ၊ အရင်ခေတ်ကလို ဘာမှလုပ်မပေးလို့ ပြောပိုင်ဆိုပိုင်ခွင့်မရှိတာမှ မဟုတ်ဘဲ၊ ငါပြောခဲ့တဲ့ (၇၅)နှစ် အရင်းကျေသတ်မှတ်တဲ့အိမ်လခတွေမှာ သုံးပုံနှစ်ပုံက ရုံးစရိတ်နဲ့ပြင်ဆင်ထိန်းသိမ်းစရိတ်ပါတယ်ကွ၊ ဥပမာ မင်းအိမ်လခ ၂၃ ကျပ် ၆၀ ပြားဆိုရင် ၁၈ ကျပ်ခန့်ပါတယ်။ ယခု အိမ်လခ ၆၀၀၀ ဆိုရင် အဆ ၃၀၀ တက်လာတော့ များတယ်ပြောရမှာပေ့ါ၊ ဒါပေမယ့် နှိုင်းယှဉ်စဉ်းစားစရာနှစ်ခုရှိတယ်။ တစ်ခုက ၁၉၆၆ ခုနှစ် လုပ်အားပေးအိမ်ရာရဲ့ အသက်သာဆုံးအိမ်ခန်းလခ ၂၄ ကျပ်ဆိုတာ၊ အဲဒီခေတ်က အောက်တန်းစာရေးတစ်ဦးရဲ့ လစာငွေ ၁၂၆ ကျပ်ရဲ့ ငါးပုံတစ်ပုံရှိတယ်ကွ၊ ယခု ရုံးအကူလစာ ငွေကျပ် ၇၅၀၀၀ ရဲ့ ငါးပုံတစ်ပုံဆိုရင်တောင် ၁၅၀၀၀ ဖြစ်နေပြီ၊ ၆၀၀၀ က သက်သာနေသေးတယ်ကွ၊ ဒ့ါအပြင် ပင်စင်စားဝန်ထမ်းက ပင်စင်လစာရဲ့ သုံးရာခိုင်နှုန်းပဲပေးရမှာဆိုတော့ အနိမ့်ဆုံးပင်စင်လစာငွေ ၄၀၀၀၀ နဲ့တွက်ရင် အိမ်လခ ၁၄၀၀ ပဲပေးရမှာလေ၊ မိသားစု ပင်စင်ဆိုရင် ပိုပြီးသက်သာဦးမယ်၊ မင်းအမေဆိုရင် ၁၀၀၀ လောက်ပဲ ကျမယ်ထင်တယ်" ဟု စာရေးသူက သူ၏မျက်နှာကို အကဲခတ်ကြည့်ရင်း ခဏနားလိုက်၏။ ပြီးမှ ဆက်ပြောလိုက်၏။

"နောက်တစ်ချက်က လွန်ခဲ့တဲ့နှစ်ပေါင်း (၄၅) နှစ်အတွင်း အဆမတန်တက်လာတဲ့ ငွေဖောင်းပွမှုနှုန်းကိုလည်းကြည့်သင့်တယ်၊ မင်းအဖေအိမ်ခန်းရတဲ့ ၁၉၆၆ ခုနှစ်က ရန်ကုန်မြို့ထဲကို သုဝဏ္ဏကပြန်ရင် သုံးဘီးကားခ ငါးကျပ်ပဲပေးရတယ်၊ ယခု ကားငှားရင် ၃၀၀၀ ပေးရတယ်၊ အဆ ၆၀၀ လောက်တက်တာကွ၊ အဲဒီတုန်းက ဓာတ်ဆီတစ်ဂါလန် ၂ ကျပ် ၅၀ ပြား၊ ယခုတစ်ဂါလန်ကျပ် ၄၀၀၀ ဝန်းကျင်ဆိုတော့ အဆ ၁၅၀၀ ကျော်နေပြန်ရော၊ အဲဒီတုန်းက ရွှေဈေးကလည်း တစ်ကျပ်သားမှ ၃၀၀ ကျော်လောက်ပဲရှိတယ်၊ ယခုအဆပေါင်း ၂၀၀၀ ကျော် တိုးလာပြီ၊ အခြားကုန်ဈေးနှုန်းတွေလည်း ဒီအတိုင်းပဲ၊ အိမ်ငှားခဆိုရင် မင်းတို့ရပ်ကွက်မှာ အချို့က အိမ်ခန်းရှေ့ပိုင်းကို ငှားစားနေကြတာတောင် လစဉ်သိန်းကျော်ရနေတယ်ဆိုတော့ နှိုင်းယှဉ်ပြီး စဉ်းစားကြည့်ပေ့ါကွာ၊ နောက်ပြီး အစိုးရဆိုတာ အမြတ်ယူပြီး အိမ်ငှားစားတာမှမဟုတ်ဘဲ၊ အဆောက်အအုံပြင်တာ၊ လမ်းပြင်တာ၊ ရေစီးရေလာကောင်းဖို့နဲ့ ရေပေးရေးစနစ်တွေထိန်းသိမ်းတာစတဲ့ လုပ်ငန်းတွေအတွက် ငွေအများကြီးလိုအပ်တယ် မဟုတ်လား၊ အပေါ်ထပ်အောက်ထပ် စတုရန်းပေ ၅၀၀ ခန့်ရှိတဲ့ အိမ်ခန်းတစ်ခန်းကို လခ ၂၀ ကျပ်လောက်နဲ့ ဘာလုပ်လို့ရမှာလဲ၊ အစိုးရက စိုက်တော့စိုက်ရမှာပေ့ါ။ ဒါပေမယ့် အစိုးရ အပိုင်းကသာ အမြဲတမ်းစိုက်ထုတ်ကျခံဖို့ဆိုတာ ရေရှည်မှာလုံးဝမဖြစ်နိုင်ဘူး။ သူတိုးကိုယ်တိုး နှစ်ဖက်တိုးဆိုတာလို မင်းတို့အိမ်ငှားဘက်ကလည်း ငှားရမ်းခ အထိုက်အလျောက်တိုး၊ အစိုးရဘက်ကလည်း ဘတ်ဂျက်ငွေစိုက်ထုတ်မှုတိုး၊ အဲဒီလို နှစ်ဖက်တိုးနှစ်မျိုးပေါင်းပြီး ရှေ့ခရီးချောမွေ့အောင် တစ်ကနေပြန်စတယ်လို့ပဲ သဘောထားဖို့ပြောချင်တယ်ကွာ. . .။ ။

အထူးဈေးနှုန်းသက်သာသော ကွန်ဒိုအရောင်း အငှားအရေး (ချက်ချင်းနေထိုင်နိုင်ပါသည်)

မင်္ဂလာဈေးရှေ့တည့်တည့်၊ စီးပွားရေးအချက်အချာအကျဆုံးနေရာဖြစ်သော ဗိုလ်ချုပ်လမ်းမကြီး၊ (၁၃၆-၁၃၃)လမ်းကြားရှိ

အဆင့်မြင့်(၁ထပ်)ကွန်ဒိုအဆောက်အဦးသစ်

- ပထမဆုံးအခန်းဝယ်ယူသူ(၁၀)ဦးအား (၁၀)%Discountအပြင် အခန်းတွင်းပြင်ဆင်မှုအသိန်း(၅၀)ကိုလည်း လျှော့ပေးမည်ဖြစ်ပါသည်၊
- ဓာတ်လှေကား(၂)စီးပါဝင်ပါသည်၊ ဝန်ဆောင်မှုစရိတ်သာပေးဆောင်ရမည်ဖြစ်ပြီး အိမ်လခပေးရန်မလိုပါ၊

Location Map

(အရောင်း/အငှား)

စုံစမ်းနိုင်ပါသည်၊

အကျိုးဆောင်ဖြင့်နိုင်ပေပါမည်၊

Hot Line - (09)-8632205

(09)-8632150

(01)-202801

ဝယ်ယူစုံစမ်းရန် - အမှတ်(၁၁၀/၁၃၁) ၁၃၆-၁၃၃လမ်းကြား၊ ဗိုလ်ချုပ်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

- တော်ဝင်ပလာဇာ #3-00၊ ဗိုလ်ချုပ်လမ်းနှင့် ဒိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဝူခုန်းမင်းသား မန္တလေးပရိသတ်များနှင့် တွေ့ဆုံ

မန္တလေး မေ ၂၄

တရုတ်ရုပ်သံ ဇာတ်လမ်းတွဲ "အနောက်အရပ်သို့ ခရီးသွားခြင်း"မှ မျောက်မင်း "ဝူခုန်း"အဖြစ် အသက်ဝင်စွာသရုပ်ဆောင်ခဲ့သော မင်းသား Mr.Liu Xiao Ling Tong နှင့် ဝူခုန်းချစ်သူ မန္တလေးပရိသတ်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၄)လမ်းနှင့် (၂၇) လမ်းထောင့်ရှိ Oriental House ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ASEAN CHINA CENTRE အတွင်းရေးမှူးချုပ် Mr.Ma Ming qiang၊ မန္တလေးမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.WANG Yu တို့က မြန်မာ-တရုတ် ယဉ်ကျေးမှု အပြန်အလှန်ဖလှယ် ရေး၊ ချစ်ကြည်ရင်းနှီးမှု ခိုင်မာရေးတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ မင်းသား Mr.Liu Xiao Ling Tong (ဝူခုန်း)က မန္တလေးပရိသတ်များက နွေးထွေးစွာကြိုဆိုမှုကို ဝမ်းမြောက်ပါကြောင်း၊ "အနောက်အရပ်သို့ခရီးသွားခြင်း" ရုပ်သံဇာတ်လမ်းတွဲများ ထပ်မံရိုက်ကူးလျှင် သာယာလှပသည့် မြန်မာနိုင်ငံတွင် ရိုက်ကူးလိုကြောင်း၊ မျောက်ဇာတ်ရုပ်အဖြစ် ပရိသတ်များ ဆွဲဆောင်မှုရှိစေရန် ၁၇ နှစ်ကြာ ကြိုးစားသရုပ်ဆောင်ခဲ့ရကြောင်း ပြောကြားသည်။

"အနောက်အရပ်သို့ ခရီးသွားခြင်း" ဇာတ်လမ်းတွဲတွင် မျောက်မင်းအဖြစ် သရုပ်ဆောင်ခဲ့စဉ်က လက်ကိုင်တုတ်အဖြစ် အသုံးပြုခဲ့သော တုတ်ချောင်းနှင့် သရုပ်ဆောင်စဉ်က ပြုမူခဲ့သော အမူအရာအချို့ကို သရုပ်ဆောင်ပြသရာ(ဝဲပုံ) လာရောက်သည့်ပရိသတ်များက လက်ခုပ်တီး အားပေးကြသည်။ ထို့နောက် ပရိသတ်ထဲမှ မေးခွန်းများမေးလိုသူများကို စင်ပေါ်သို့ဖိတ်ခေါ်၍ အပြန်အလှန်ဖြေဆိုကြကာ ဝူခုန်းဓာတ်ပုံနှင့် မျက်နှာဖုံးများ လက်ဆောင်ပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရှန်တီ စေတနာ့ဝန်ထမ်းအဖွဲ့နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးတွဲကျင်းပမည့် ကလေးစာပေပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၄

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association -SVA) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association- MWA) တို့ပူးတွဲ၍ မြန်မာနိုင်ငံရှိကလေးများ စာဖတ်သည့်အလေ့အကျင့်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့် ကလေးစာပေများ ပေါ်ထွန်းလာရေးတို့ကိုရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကလေးစာပေ ရေးသားသရုပ်ဖော်သူ မည်သူမဆို ပြိုင်ပွဲဆောင်ပုဒ် "မိသားစု" (Family) ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုးခွဲခြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ အသက်(၃)နှစ်မှ (၄)နှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်(၅)နှစ်မှ (၆)နှစ်အရွယ် ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူနှင့် အသက်(၇) နှစ်မှ (၉)နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူတို့ဖြစ်သည်။

စာမူအဆင့်တစ်ဆင့်လျှင် ပထမဆုနှင့် ဒုတိယဆု နှစ်ဆုစီ စုစုပေါင်း ခြောက်ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆုအတွက် အမေရိကန်ဒေါ်လာ ၈၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဩဂုတ် ၂၀ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း၀၁-၂၅၂၄၁၇၊ ၀၁-၂၅၄၁၇၃ သို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်း အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် တစ်စုံလျှင် ၁၀၀ ကျပ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း Facebook Account ဖြစ်သော Myanmar Mwa တွင် ဖတ်ရှု၍ဖြစ်စေ ရယူနိုင်ကြသည်။

(သတင်းစဉ်)

အိမ်ကြွက်များအလိုအလျောက်သေဆုံးမှု ဓနုဖြူနှင့် ပုသိမ်မြို့နယ်တို့၌ ဖြစ်ပွား

ဓနုဖြူ မေ ၂၄

ဓနုဖြူမြို့နယ် ကျောက်တိုင်ကျေးရွာရှိ နေအိမ်များ၌ မေ ၂၃ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အိမ်ကြွက်အကောင် ၃၀၀ ခန့် အလိုအလျောက်သေဆုံးနေကြောင်း ကျောက်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက သတင်းပေးပို့သဖြင့် ဓနုဖြူမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းဝင်း၊ တိုက်နယ်(မြို့မ) ကျန်းမာရေးမှူး ဦးစန်းဝင်း၊ မြို့နယ် ငှက်ဖျားကြီးကြပ်ရေးမှူး ဦးသူရရွှေတို့က ကျောက်တိုင်ကျေးရွာသို့ သွားရောက်စစ်ဆေးရာ အဆိုပါကြွက်သေများထဲမှ ကြွက်သေသုံးကောင်ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျေးလက်ကျန်းမာရေးမှူး ဦးရဲအောင်က ရန်ကုန်မြို့ ဓာတ်ခွဲခန်းသို့သွားရောက်ပို့ဆောင်၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကူးစက်ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ အဆိုပါကျောက်တိုင်ကျေးရွာ၌ အိမ်ခြေ ၅၂၃ အိမ်၊ လူဦးရေ ၂၀၀၀ ကျော်နေထိုင်လျက်ရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထို့အတူ ပုသိမ်မြို့နယ် ရှော်ပြာကျေးရွာ၌လည်း မေ ၂၂ ရက်က အလိုအလျောက်သေဆုံးသော ကြွက်အဖြူအမည်း အကောင် ၁၀၀ ကျော် တွေ့ရှိရကြောင်း ရှော်ပြာကျေးရွာအုပ်ချုပ်ရေးမှူးက ပုသိမ်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့အကြောင်းကြားသဖြင့် ပုသိမ်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်အောင်နှင့် အဖွဲ့သည် လူနာတင်ယာဉ်ဖြင့် အဆိုပါကျေးရွာသို့ ရောက်ရှိပြီး ရှော်ပြာရဲကင်းမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးလက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ကျေးလက်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများစုပေါင်း၍ ကျေးရွာအတွင်းနေအိမ်များသို့ လိုက်လံစစ်ဆေးကြည့်ရှုရာ အိမ်ခြေ ၂၀ ခန့်တွင် ပျမ်းမျှတစ်အိမ်လျှင် ကြွက်သေအကောင် ငါးကောင်နှုန်းခန့် တွေ့ရှိရကြောင်း သိရသည်။

ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအား ကြွက်ရောဂါကာကွယ်ဆေးပေးဝေခြင်း၊ နေအိမ်များ ဆေးဖျန်းပေးခြင်း၊ ကြွက်ရောဂါအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

(ပုသိမ်လှကြည်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၄

မေ ၂၄ ရက် နံနက် ၀၃ နာရီ ၁၉ မိနစ် ၅၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၂၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (မြစ်ကြီးနားမြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နမ့်ဆန်တွင် ဆိုင်ကယ်ဆီတိုင်ကီ ပေါက်ကွဲပြီး လူတစ်ဦးသေဆုံး

နမ့်ဆန် မေ ၂၄။ ။သီပေါ-နမ့်ဆန်ကားလမ်းအတိုင်း အမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်သည် ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံနှင့် နတ်စင်ကုန်းအကြား၌ အပူချိန်မြင့်တက်ပြီး ဓာတ်ဆီတိုင်ကီပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားခဲ့သည်။အဆိုပါ ဆိုင်ကယ်မီးလောင်သည့် အရှိန်ကြောင့် ယင်းဆိုင်ကယ်အနီးမှ ဖြတ်သန်းစီးနင်းလာသော မောင်ချမ်းသာအောင် စီးနင်းလာသည့် ဆိုင်ကယ်မှာလွင့်စဉ်သွားခဲ့ပြီး မောင်ချမ်းသာအောင်တွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုအခါ နမ့်ဆန်ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သတင်းပေးပို့သူများ သိသာရန်

ကြေးမုံသတင်းစာတိုက်သို့ mail ဖြင့် သတင်းနှင့်စာမူများပေးပို့ကြသူအားလုံးအား သတင်းစာတိုက်မှ အသိအမှတ်ပြု ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းနှင့်စာမူများကို ပေးပို့ကြရာတွင် မိမိပေးပို့သည့် လိပ်စာထက် **အကြောင်းအရာခေါင်းစဉ်အကျဉ်း**ကို ဦးစားပေးဖော်ပြပေးရန်နှင့် သတင်းနှင့်စာမူများကို Win နှင့်ဖြစ်စေ၊ Zawgyi နှင့်ဖြစ်စေ ဆောင်ရွက်ပေးရန်နှင့် ပေးပို့ရန်အချိန်နှင့်အခြားအခက်အခဲရှိမှသာ ဓာတ်ပုံရိုက်ပေးပို့ပါရန်မေတ္တာရပ်ခံအပ်ပါသည်။

(စာတည်း)

ဥတုရာသီ
တောကိုမို၏

○ **ရန်ကုန်(လှိုင်သာယာ)မှ**

ရှေးဦးစွာ ရန်ကုန်(လှိုင်သာယာ)-ညောင်တုန်း-ဇလွန်-ဟင်္သာတ ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ကျင်းပသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ရထားတွဲဆိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ရန်ကုန်(လှိုင်သာယာ)-ညောင်တုန်း-ဇလွန်-ဟင်္သာတ ရထားလမ်း၏ စီမံကိန်းဒါရိုက်တာ ဦးဇော်မင်းဦးက "ဒီရထားလမ်းပိုင်းရဲ့ လုပ်ငန်းကတော့ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့တာပါ။ ဒီ လှိုင်သာယာဘူတာရှေ့မှာလည်း ယာဉ်တွေရပ်နားနိုင်ဖို့အတွက် ဘတ်စ်ကားဂိတ်များ၊ စားသောက်ဆိုင်များနှင့် စနစ်တကျစီမံဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီရထားလမ်းပိုင်းများကိုလည်း ကွန်ကရစ်ဇလီဖားတုံးများနဲ့ ကြံ့ခိုင်အောင်ပြုလုပ်ထားပါတယ်။ ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းက သူတွေအားလုံးအချိန်တိုအတွင်း လွယ်ကူစွာဆက်သွယ်သွားလာနိုင် အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ပွင့်လင်းရာသီရောက်ပြီဆိုရင် ဒီစကြော့လမ်းကနေ အိမ်မဲ-ပုသိမ်မြို့ထိ စီစဉ်ဆောင်ရွက်သွားတော့မှာပါ"ဟု ရှင်းပြခဲ့သည်။

အဆိုပါ ရန်ကုန် (လှိုင်သာယာ)- ညောင်တုန်း-ဇလွန်-ဟင်္သာတ ရထားလမ်း၏ ပထမဦးဆုံး လူစီး၊ ကုန်တင်ရထားတွဲဆိုင်းသစ် ခရီးစဉ်မှာ မိုင်ပေါင်း ၄၀ ကျော်ရှိနေပြီး ရထားလမ်းအရှည် (ခရီးမိုင်) ၈၉ ဒသမ ၇၆ မိုင်၊ ရထားလမ်းအရှည် (သံလမ်းမိုင်) ၉၆ ဒသမ ၄၂ မိုင်နှင့်ရထားလမ်းတစ်လျှောက် တံတားကြီး/ငယ် စုစုပေါင်း ၂၄၆ စင်းရှိနေကြောင်းဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။ ရထားတွဲဆိုင်းများအတွင်း ရိုးရိုးတန်း သုံးတွဲ၊ အထက်တန်းတွဲတစ်တွဲနဲ့ ကုန်တင်တစ်တွဲ အပါအဝင် ရထားထိန်းတွဲတစ်တွဲတို့ ပါရှိကာ ခရီးစဉ်တစ်ခုအတွက် ခရီးသည် ဦးရေ ၃၀၀ ကျော်လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။ ခရီးစဉ်ဘူတာများအရလည်း လှိုင်သာယာဘူတာမှ စတင်ကာ ရိုးရိုးတန်းအတွက်ရထားလက်မှတ်ခနှုန်းထားကို ငွေကျပ် ၁၀၀ မှ ဟင်္သာတဘူတာအထိ ငွေကျပ် ၉၀၀ ဖြင့်လည်းကောင်း၊ အထက်တန်းအတွက်ရထားလက်မှတ်ခနှုန်းထားကို ငွေကျပ် ၂၀၀ မှ ၁၉၀၀ ကျပ်အထိလည်းကောင်း အသီးသီးသတ်မှတ်ထားရှိသည်။ ခရီးစဉ်ဘူတာများစာရင်းအရ လှိုင်သာယာ၊ ရေစို၊ မဲဇလီ၊ ဆားမလောက်၊ ညောင်တုန်း၊ ရှမ်းစု၊ စကြော့၊ ကြိမ်ချောင်း၊သပြု၊ ညောင်ချောင်း၊ ဓနုဖြူ၊ ဇီးဖြူကုန်း၊ ဖက်သောင်၊ ကျုံရှု၊ ဇလွန်၊ ပျဉ်းမကုန်း၊ သဲဖြူ၊ ဒူးယား၊ ပုဇွန်တောင်(သပြု)၊ ဟင်္သာတအထိကို ဘူတာပေါင်း ၂၀ သတ်မှတ်ထားရှိပြီး ဘလောက်ဘူတာ ၁၇ ဘူတာနှင့် ရပ်စခန်းဘူတာ ငါးဘူတာတို့ဖြင့် အများပြည်သူများ အဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိသည်။

မေ ၂၅ ရက် နံနက်ပိုင်းမှစတင်ကာ ဟင်္သာတဘူတာမှ နံနက် ၅ နာရီ စတင်ထွက်ခွာမည်ဖြစ်ပြီး လှိုင်သာယာဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထိုမှတစ်ဖန် လှိုင်သာယာဘူတာမှပင် မွန်းလွဲ ၂ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ဟင်္သာတဘူတာသို့ ည ၈ နာရီခွဲတွင် ဆိုက်ရောက်ကာ နေ့ချင်းပြန်ခရီးစဉ်ကို အသွားအပြန်ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

○ (၆၆)ကြိမ်မြောက်မှ

စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်၊ စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စာအောင်သံဃာတော် အရှင်သူမြတ်များ၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

(၆၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့ အမှူးပြုသောပရိသတ်များက တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၏ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် (၆၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၆ ရက်မှ ပြာသိုလဆန်း ၉ ရက်အထိ ကျင်းပခဲ့ရာ အာဂုံပြန်နှင့်သဘောရေးဖြေစာမေးပွဲတို့၌ ပိဋကသုံးပုံအာဂုံဆောင် တိပိဋကဓရ (၁)ပါး၊ ပိဋကနှစ်ပုံခွဲရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၁)ပါး၊ ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိက အရှင်မြတ်(၃)ပါး၊ ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၁)ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက (၂) ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ(၆) ပါး၊ ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရ အရှင်မြတ် (၁၅)ပါး၊ ဝိနယပိဋကရွေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒ (၆) ပါး၊ ဝိနယပိဋကရွေ့ပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၃)ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် (၇၈)ပါး အောင်မြင်တော်မူကြပါကြောင်း။

သာသနာ့အာဇာနည် အရှင်မြတ်များတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ သက်တော်(၃၉)နှစ်၊ သိက္ခာတော်(၂၀)ဝါရှိ အရှင်ဝါသေဋ္ဌာလင်္ကာရ အရှင်သူမြတ်သည် ၁၃၇၅ခုနှစ် (၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံအလုံးစုံကို အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်ကိုရရှိခဲ့ပြီး တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါကြောင်း။

ပိဋကစာပေကျမ်းဂန်တွင် သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အရဟန္တဗုဒ္ဓ၊ သုတဗုဒ္ဓဟူ၍ ဗုဒ္ဓလေးမျိုးရှိလေရာ ပိဋကတ်ဆောင် အရှင်မြတ်တို့သန္တာန်၌ ဗုဒ္ဓဟောပြမြတ်ဓမ္မများ သုတအနေအားဖြင့် တည်ရှိလေသောကြောင့် အရှင်မြတ်တို့ကို သုတဗုဒ္ဓဟူ၍ ပိဋကတ်သမိုင်းတွင် မှတ်တမ်းတင်ခဲ့ပါကြောင်း၊ **"အနတီတ သတ္ထုကမေဝ ပါဝစနံ"** ကျမ်းဂန်လာအရလည်း ပါဝစနခေါ် ပိဋကတ်တော်ရှိနေခြင်းသည်ပင် ဘုရားရှိနေသည်ဟု အဓိပ္ပာယ် သဘောသက်ရောက်လေသောကြောင့် ဘုရားတည်အောင် စွမ်းဆောင်နိုင်သည်မှာလည်း အရှင်မြတ်တို့ ပိဋကတ်ဆောင်ပုဂ္ဂိုလ်များပင် ဖြစ်ပါကြောင်း။

ယနေ့အခါတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားကုသိုလ်ရှင်အများတို့သည် ပစ္စယဓမ္မ အနုဂ္ဂဟနှစ်ဖြာ ပူဇာအာမိသ ဓမ္မနှစ်တန် ကုသိုလ်ကံတို့ကို ထက်သန်စေတနာ သဒ္ဓါရဲရဲ ဝေဆာကဲဆင့် ချီးမြှင့်ပူဇော်လျက် ရှိကြပါကြောင်း၊ ဤသို့ဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆရာဒကာ ညီညာ ရှေ့နောက် ချီးမြှောက်ပံ့ပိုး ဆတိုးစုပုံမဟာ ကုသိုလ်ဇောစိတ်အဟုန်တို့ကြောင့် ဘုရားတပည့်တော်တို့အားလုံးသည် နိဗ္ဗာန်သို့တိုင်လှမ်းကိုင်ရည်စူး အကျိုးထူးများရရှိကြ၍ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေသတည်း၊ သာသနာတော်မြတ်ကြီးသည်လည်း အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားပါစေသတည်းဟူ၍ ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်း အာဂုံအောင်မြင်တော်မူသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဝါသေဋ္ဌာလင်္ကာရအား တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင်လက်မှတ်တော်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို လည်းကောင်း၊ အဘိဓမ္မာ ပထမပိုင်း ငါးကျမ်း သဘောရေးဖြေ အောင်မြင်တော်မူသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား မူလအဘိဓမ္မကောဝိဒအသိအမှတ်ပြု လက်မှတ်တော်ကိုလည်းကောင်း ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဘိဓမ္မာ (ပထမပိုင်း) ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်သုံးပါး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်တစ်ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် နှစ်ပါးနှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် နှစ်ပါး၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ငါးပါး၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ငါးပါး၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ငါးပါး၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ငါးပါးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ငါးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် (၄၃)ပါးတို့အား အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ်အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ်အား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ်အား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၁၄ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟက်တာ တီမာမန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကောင်းမှုတရား ကောင်းကျိုးတရားများ အဆင့်ဆင့်ဖြစ်ပွားခံစားကြရလျက် သာသနာတော်မြတ်ကြီးလည်း အရှည်ခံ၍ တည်တံ့မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ သာရဏီယဩဝါဒကထာ

[၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၁)ရက်၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၄ ရက်၊ စနေနေ့]

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ (၁)ပါး၊ မူလအာဘိဓမ္မိက(၃)ပါး၊ အဘိဓမ္မာရှေ့ပိုင်း ရေးဖြေအောင်မူလအဘိဓမ္မကောဝိဒ(၁)ပါး၊ ဒီဃဘာဏက(၂)ပါး၊ ဒီဃနိကာယကောဝိဒ(၁)ပါး၊ ဝိနယဓရ(၁၅)ပါး၊ ဝိနယကောဝိဒ(၆)ပါး၊ ဝိနည်းရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၃)ပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၆)ပါးစသည်အားဖြင့် အောင်ပန်းအဆင့်ဆင့် ရရှိတော်မူခဲ့ကြသည့် သာသနာ့အာဇာနည် အရှင်မြတ် (၇၈)ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာအပေါင်းသူတော်ကောင်းတို့အား အမှတ်ရသင့်သော သမ္မောဒနီယသာရဏီယဩဝါဒကထာ မြွက်ကြားလိုသည်မှာ-

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာတော်ပြန်ပွဲရေးဖြေပွဲကြီးတွင် ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသရွေ့ ပြန်ဆိုရေးသားဖြေဆိုအောင်မြင်တော်မူခဲ့ကြ၍ ယခုကဲ့သို့ ဆိုင်ရာဆိုင်ရာ ဘွဲ့တံဆိပ်၊ အောင်လက်မှတ်တော်များကို အသီးသီးခံယူတော်မူကြမည့် အရှင်မြတ်တို့သည်လည်း မြန်မာနိုင်ငံပရိယတ္တိအဆင့်အတန်းကို မြှင့်တင်ရာတွင် ထိပ်ဆုံးမှ ပါဝင်နေကြသောကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့်တကွ အခြားအခြားသော ရဟန်းသံဃာတော်များ၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာများမှာ နှစ်ထောင်းအားရဖြစ်ကြလျက် မြန်မာနိုင်ငံ ပရိယတ္တိသာသနာတော်တိုးတက်မှုအတွက် အားတက်ဂုဏ်ယူမှုလည်းဖြစ်ကြရပါသည်။ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာတို့သည် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တို့၏ ကြိုးစားအားထုတ်မှု အောင်မြင်မှုများကို ကြည်ညိုသဒ္ဓါ တိုးပွားကြသည့်အားလျော်စွာ ထက်သန်သောသဒ္ဓါဝီရိယ စေတနာတို့ဖြင့် အရှင်မြတ်တို့အား ဂုဏ်ပြုပူဇော်မှုပြုကြရသည်မှာလည်း ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်ဘုရား။

စာတော်ပြန်ပွဲ ဆင်နွှဲအောင်မြင် အရှင်မြတ်အပေါင်းတို့-

"ပရိယတ္တိံ နိဿာယပရိဝါရော ဥပ္ပဇ္ဇိ ပရိဝါရံ နိဿာယ လာဘော" ဟူသောသုတ္တနိပါတ အဋ္ဌကထာ (၁၉၃) ပါဠိလာရှိသည်နှင့်အညီ ပရိယတ္တိကို အမှီပြု၍ တပည့်ဒါယကာ ဒါယိကာမများ များစွာဝန်းရံ အခြွေအရံများ ဖြစ်ရှိလာတတ်ပါသည်။ အခြံအရံကို အမှီပြု၍ လာဘ်လာဘများ ပေါများလာတတ်ပါသည်။ ဖြစ်ပေါ်လာသည့် လာဘ်လာဘသည် ဓာတ်ခံမကောင်းသည့် ပုဂ္ဂိုလ်များအတွက် တိုးတက်ရေးဘက်ကို ဦးတည်ခြင်းမရှိဘဲ ဈာန် မဂ်ဖိုလ်တရားထူးများရရှိရန် အနှောင့်အယှက်အတားအဆီးပင် ဖြစ်တတ်ပါသည်။

အရှင်မြတ်တို့၏ အဆင့်မြင့်သော ပရိယတ္တိအောင်ပန်း ဆင်မြန်းပန်ဆင် အောင်မြင်ခြင်းကို အစွဲပြု၍ လာဘ်ပူဇော်သက္ကာရများ များပြားလာပါက "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာ ယိကောအနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ" ဟူသော နိဒါနဝဂ္ဂ၊ လာဘသက္ကာရ သံယုတ်၊ ဒါရုဏသုတ်၌ လာရှိသည်နှင့်အညီ လာဘ်ပူဇော်သက္ကာရများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းသည် ခက်ထန်လှ၏။ ခါးစပ်လှ၏။ ကြမ်းတမ်းလှစွာ၏။ ယောဂလေးတန် ကုန်ရာမှန်သော အမြတ်ဆုံးဖြစ်သည့် အရဟတ္တဖိုလ်ကို ရရှိရန်အတွက် အနှောင့်အယှက် အန္တရာယ်ဖြစ်၏။ အစရှိသဖြင့် နှလုံးသွင်းတော်မူကြကာ ပရိယတ္တိလမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲ တစ်ဝက်တစ်ပျက်နှင့် ပြီးဆုံးလိုက်ရသော (အန္တရာဝေါသာန) အခြေအနေမျိုးမဖြစ်ရှိရလေအောင် သတိပြုရမည်ဖြစ်ပါသည်။

စာတော်ပြန်ပွဲ ရေးဖြေပွဲကိုဖြေဆိုအောင်မြင် သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာအပေါင်း သူတော်ကောင်းတို့ မြတ်စွာဘုရားရှင်သည် သာသနာတော်ကွယ်ခြင်း၊ တည်တံ့ခြင်းအကြောင်းတို့ကို ဟောကြားတော်မူခဲ့ပါသည်။ "န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ" စသည်ဖြင့် ဟောကြားတော်မူသော နိဒါနဝဂ္ဂသံယုတ် သဒ္ဓမ္မပ္ပတိရူပကသုတ်ကို အမှတ်သတိပြုသင့်လှပါသည်။ လိုရင်းအဓိပ္ပာယ်ကို ပြောရလျှင် ကဿပ ပထဝီဓာတ်သည်လည်း သာသနာတော်ကို မကွယ်ပစေနိုင်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့သည်လည်း သာသနာတော်ကို မကွယ်ပစေနိုင်၊ စင်စစ်သော်ကား ဤသာသနာတော်တွင်း၌ ဖြစ်ကုန်သော အချည်းအနှီးသော ယောကျ်ားတို့သည်သာ ဤသာသနာတော်ကို ကွယ်ပစေနိုင်ကုန်၏" ဟု မိန့်တော်မူကာသာသနာတော်ကွယ်ခြင်း အကြောင်းငါးပါးတို့ကို ဟောကြားမြွက်ဖော်မိန့်ကြားတော်မူခဲ့ပါသည်။

၁။ ဘုရား၌ မရိုသေ မကိုင်းညွှတ်ခြင်း
၂။ တရားတော်၌ မရိုသေ မကိုင်းညွှတ်ခြင်း
၃။ သံဃာတော်၌ မရိုသေ မကိုင်းညွှတ်ခြင်း
၄။ အကျင့်သိက္ခာ၌ မရိုသေ မလေးစားခြင်း
၅။ သမာဓိ၌ မရိုသေ မလေးစားခြင်းတို့ဖြစ်ပါသည်။

သာသနာတော်တည်ခြင်း အကြောင်းတို့မှာ-

၁။ ဘုရား၌ ရိုသေလေးစားခြင်း
၂။ တရားတော်၌ ရိုသေလေးစားခြင်း
၃။ သံဃာတော်၌ ရိုသေလေးစားခြင်း
၄။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်း
၅။ သမာဓိ၌ ရိုသေလေးစားခြင်းတို့ ဖြစ်ပါသည်။

သာသနာတော်၌ အရှည်ခံ၍တည်တံ့ခိုင်မြဲရေးကို လိုလားကုန်သော အရှင်မြတ်အပေါင်းနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာအပေါင်းတို့သည် ဘုရား တရား သံဃာနှင့် မိမိဆိုင်ရာအကျင့်သိက္ခာ သမာဓိတရားတို့ကို ရိုသေလေးစားကြပါက ကောင်းမှုတရား ကောင်းကျိုးတရားများလည်း အဆင့်ဆင့်ဖြစ်ပွားခံစားကြလျက် သာသနာတော်မြတ်ကြီးလည်း အရှည်ခံ၍ တည်တံ့မည်ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ သာသနာတည်ကြောင်း ငါးပါးတို့ကို အသီးသီးကျင့်ဆောင်နိုင်ကြသဖြင့် နိဗ္ဗာန်တိုင်ထိ ကောင်းမြတ်သည့် အကျိုးတရားတို့နှင့် ပြည့်စုံကြကာ သာသနာတော်မြတ်ကြီးအရှည်အကြာ စည်ပင်ပြန့်ပွားစေပါသတည်းဟု ပတ္ထနာပြုရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာတော်ပြန်ပွဲ ရေးဖြေပွဲကို ပြန်ဆိုဖြေဆိုအောင်မြင် သာသနာ့အာဇာနည် အရှင်မြတ်အပေါင်းတို့နှင့်တကွ ဥပါသကာ ဥပါသိကာအပေါင်းသူတော်ကောင်းတို့။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

❐ **ရှေ့ဖုံးမှ**

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ-ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် အခြေအနေမှာ မေ ၂၄ ရက် နံနက်ပိုင်းအထိ ပုံမှန်အနေအထားအတိုင်းရှိပြီး ဒေသခံများ၊ ဈေးရောင်းဈေးဝယ်များ၊ လုပ်ငန်းကိစ္စအလို့ငှာ ကော့သောင်း-ရနောင်း ကူးသန်းသွားလာနေကြသူများအခြေအနေမှာ ယခင်အတိုင်း ပြောင်းလဲမှုတစ်စုံတစ်ရာမရှိကြောင်း တွေ့မြင်ရသည်။

နယ်စပ်ကူးသန်းခွင့်လုပ်ငန်းများဆောင်ရွက်နေသည့် မြန်မာနိုင်ငံ(ကော့သောင်း)

လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများ ပြောကြားချက်အရ ထိုင်းနိုင်ငံဘက်မှ ကော့သောင်း-ရနောင်းနယ်စပ် ကူးသန်းသွားလာခွင့်နှင့် ပတ်သက်၍ တားမြစ်သည့် မည်သည့်အမိန့်ထုတ်ပြန်ချက်မှ မရှိကြောင်း၊ အလားတူ မြန်မာနိုင်ငံဘက်မှလည်း တရားဝင်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မရှိကြောင်း၊ နှစ်နိုင်ငံနယ်စပ် ကူးသန်းရောင်းဝယ်သွားလာရေးလုပ်ငန်းများတွင် နှစ်နိုင်ငံခရီးသည်များအား ပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် ရေယာဉ်ငယ်(ပဲ့ချိတ်) မောင်းနှင်သူများကလည်း ယခင်အခြေအနေအတိုင်း နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်များတွင် မည်သည့် တားမြစ်ကန့်သတ်ချက်မှ မရှိကြောင်း သိရသည်။

မေ ၂၄ ရက် မွန်းလွဲပိုင်းအထိ ဒေသအတွင်း စုံစမ်းသိရှိရသည့် အခြေအနေအရ ထိုင်းနိုင်ငံ၏ နိုင်ငံရေးမငြိမ်သက်မှုကြောင့် အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် မြန်မာ-ထိုင်းနယ်စပ်ဖြတ်သန်းသွားလာရာဂိတ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ (ကော့သောင်းမြို့)နှင့်ထိုင်းနိုင်ငံ (ရနောင်းမြို့) ကူးသန်းရောင်းဝယ်ဖောက်ကားသွားလာမှု အခြေအနေမှာ ပုံမှန်အနေအထားဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

❐ **ကျောဖုံးမှ**

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်ကစပြီး အရပ်ဘက်အစိုးရ တက်လာပြီးနောက်ပိုင်း ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို အရှိန်မြှင့် လုပ်ဆောင်ခဲ့ပြီး သန်း ၆၀ ကျော်ရှိများပြားသော လူဦးရေနှင့် ဈေးနှုန်းချိုသာသော အလုပ်သမားများ ရှိနေခြင်းတို့ကြောင့် အာရှ၏ နယ်မြေသစ်ဟုပင် ခေါ်ဝေါ်သတ်မှတ်ခံနေရသည်။

မြန်မာနိုင်ငံသည် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အစုရှယ်ယာနှင့် ငွေကြေးလဲလှယ်မှုဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ မြန်မာအစိုးရသည် လာမည့်နှစ်၌ စတော့ဈေးကွက် မဖွင့်လှစ်မီ ယခုလာမည့် နွေရာသီ၌ အစုရှယ်ယာနှင့် ငွေကြေးလဲလှယ်မှုဆိုင်ရာ ကော်မရှင်တစ်ခု ထူထောင်ရန် စီစဉ်ထားသည်။ သို့သော်လည်း ဝန်ထမ်းများအား ရှာဖွေစုဆောင်းရာ၌ အခက်အခဲနှင့် ကြုံရဖွယ်ရှိကြောင်း ဒိုင်ဝါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဒိုင်ဝါကုမ္ပဏီသည် ၂၀၁၁ ခုနှစ်ကတည်းက အလယ်အလတ်အဆင့်ရှိ အစိုးရဝန်ထမ်းများကို လေ့ကျင့်သင်ကြားခဲ့သည့်နည်းတူ ဂျပန်ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီကလည်း တာဝန်ရှိပုဂ္ဂိုလ်များကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ဒိုင်ဝါကုမ္ပဏီမှ တာဝန်ရှိသူက လေ့ကျင့်သင်ကြားပေးခဲ့သော မြန်မာဝန်ထမ်းများမှာ ဖွင့်လှစ်မည့် စတော့ရှယ်ယာ ဈေးကွက်တွင် အလုပ်လုပ်မည်ဟု မထင်ရကြောင်း၊ အကြောင်းမှာ မြန်မာနိုင်ငံရှိ အလုပ်သမားများမှာ ပုဂ္ဂလိကလုပ်ငန်းထက် အစိုးရဌာနမှ လုပ်ငန်းများကို ပို၍ နှစ်သက်ကြကြောင်း၊ ဝန်ထမ်းရှာဖွေစုဆောင်းရေး အခက်အခဲအပြင် ကွန်ပျူတာ အသုံးပြုကုန်သွယ်မှုစနစ် ထူထောင်ရေးပါ စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဆိုသည်။

အခြားအခက်အခဲ တစ်ခုမှာ ယင်းစတော့ရှယ်ယာဈေးကွက်ထဲ မြန်မာကုမ္ပဏီများ ဝင်ရောက်ရန်မည်သို့ လှုံ့ဆော်စည်းရုံးရမည်ဆိုသည့် အချက်ပင်ဖြစ်သည်။

တောင်ကိုးရီးယားသည် ၂၀၁၁ ခုနှစ်က လာအိုနိုင်ငံ၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း စတော့ရှယ်ယာဈေးကွက် ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်လည်း ယင်းနိုင်ငံများရှိ ကုမ္ပဏီအနည်းငယ်သာ ယင်း စတော့ရှယ်ယာ ဈေးကွက်ထဲ ဝင်ရောက်လာကြသည်။

စတော့ရှယ်ယာ ဈေးကွက်ထဲ ဝင်ရောက်မည့် ကုမ္ပဏီများမှာ မိမိတို့၏ ငွေရေးကြေးရေးကိစ္စကို အသေးစိတ် ဖော်ပြရမည်ဖြစ်ရာ ကုမ္ပဏီအများစုမှာ ယင်းကဲ့သို့ လုပ်ဆောင်ရမည်ကို ဝန်လေးနေကြကြောင်း စတော့ရှယ်ယာဈေးကွက်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း ဂျပန်ကုမ္ပဏီများ လွယ်ကူချောမောစွာ ဝင်ရောက်လာနိုင်ရန် ကုန်ကျစရိတ်ကို ကျခံခဲ့သည့်အပြင် စတော့ရှယ်ယာဈေးကွက် ဖွင့်လှစ်နိုင်ရေးကိုပါ မြန်မာနိုင်ငံကို ကူညီလိုစိတ် ရှိနေသည်။ ဂျပန်ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက သက်ဆိုင်ရာနိုင်ငံများရှိ ဥပဒေနှင့် အုပ်ချုပ်ရေးစနစ်များမှာ ဂျပန်နိုင်ငံတွင် ကျင့်သုံးသည့် ဥပဒေနှင့် အုပ်ချုပ်ရေးစနစ်များနှင့် နီးစပ်နေပါက ဂျပန်ကုမ္ပဏီများ ပို၍ အဆင်ပြေမှာဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

(ကျိုဒို)

ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် အရည်အသွေးပြည့်ဝသော ဆရာများ လေ့ကျင့်မွေးထုတ်ရန် ဆရာအတတ်သင် ကောလိပ်ကျောင်းများအား အရည်အသွေးမြင့်တင်

ရန်ကုန် မေ ၂၄

ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် အရည်အသွေးပြည့်ဝသော ဆရာများ လေ့ကျင့်မွေးထုတ်ရန် ဆရာအတတ်သင် ကောလိပ်ကျောင်းများအား အရည်အသွေးမြင့်တင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ စိန်ရတုခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်များနှင့် ဆရာအတတ်သင်ကျောင်းအုပ်ကြီးများ၊ အကြံပေးပညာရှင်အဖွဲ့ဝင်များ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်သမ္မတကြီးက ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းပေးပြီးနောက်တွင် ပညာရေးမူဝါဒများ ရေးဆွဲကာ အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စု အစိုးရနှင့် လွှတ်တော်သို့ တင်ပြခဲ့ရာ လွှတ်တော်၌ ဆွေးနွေးဆဲဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်သည့် တက္ကသိုလ်များ ဥပဒေ၊ ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ် ဥပဒေနှင့် အမျိုးသားပညာရေး စီမံကိန်းတို့ကို လုပ်ငန်းအဖွဲ့များက နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက် ပညာရှင်များ၊ Stakeholders များနှင့် အတူ ဆွေးနွေးညှိနှိုင်းရေးဆွဲပြီးပါက ထုတ်ပြန်ကြေညာ၍ ပြည်သူများ၏ အကြံဉာဏ်များကို ရယူမှာဖြစ်ကြောင်း၊ အချိန်ယူ၍ ညှိနှိုင်းဆွေးနွေးလုပ်ဆောင်ရမည့် အချက်များကို ဆောင်ရွက်နေစဉ်၌ ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို အစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း။

ပထမအဆင့် အမျိုးသားပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်အဖြစ် စာတတ်မြောက်ရေးလှုပ်ရှားမှုနှင့် လူငယ်လေ့ကျင့်ပြုစုပျိုးထောင်ရေး လှုပ်ရှားမှုများဖြစ်သည့် ဘက်စုံထူးချွန်လူငယ်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်အစီအစဉ်များကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအဆင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးအစီအစဉ်၊ ကျောင်းမနေနိုင်သော ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးအစီအစဉ်၊ ဘုန်းတော်ကြီးသင် ပညာရေးမြှင့်တင်မှုအစီအစဉ်၊ ရှေးဦးကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အစီအစဉ်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ တက္ကသိုလ်၊ ကောလိပ်များ စီမံခန့်ခွဲမှုသင်တန်းပေးရေးအစီအစဉ်များ၊ အရည်အသွေးမူဘောင်သတ်မှတ်ရေးနှင့် မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်မှာဖြစ်ကြောင်း၊ ယင်းဆောင်ရွက်မှုအစီအစဉ်များထဲတွင် ပညာရေးအရည်အသွေးမြှင့်တင်နိုင်ရန် ဆရာများ၏ အရည်အသွေး၊ အရည်အချင်းပြည့်ဝအောင် မွေးထုတ်သော ဆရာအတတ်သင်ကဏ္ဍအတွက် အတွေ့အကြုံများစွာရှိသော ဆရာအတတ်သင်ကောလိပ် ကျောင်းအုပ်ကြီးများ၏ လေ့လာတွေ့ရှိချက်များနှင့် ပြုပြင်သင့်သည့် အချက်များကို ဆွေးနွေးသုံးသပ်တင်ပြကြရန် ဖြစ်ပါကြောင်း၊ ဆရာအတတ်ကျွမ်းကျင်မှု အရည်အသွေးမူဘောင်ရေးဆွဲရေးနှင့် ကျွမ်းကျင်မှုအခြေပြု ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းများကို လိုအပ်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေးဆွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ဆရာအတတ်ပညာဆိုင်ရာ မူဝါဒနှင့် ဥပဒေလိုအပ်ချက်များကို ရေးဆွဲဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ ကလေးများ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး အရည်အသွေးမြင့်မားစေလိုပါက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ဆရာများ လေ့ကျင့်မွေးထုတ်နိုင်ရန်အတွက် ပညာရေးတက္ကသိုလ်နှင့် ပညာရေး ကောလိပ်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဆင့်မြင့်မူလတန်းကြို ဆရာ/ဆရာမများ မွေးထုတ်ရေးအတွက် "ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဗဟိုဌာန "(Central Centre for Early Childhood Care and Development) (ECCD - Centre) ဌာနကို ဖွင့်လှစ်လျက်ရှိပြီး သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပုဂ္ဂလိကမူကြိုနှင့် စေတနာ့ဝန်ထမ်းမူကြို ဆရာ/ဆရာမများ သင်ကြားပေးလျက်ရှိကြောင်း၊ ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရပ်ကွက်/ကျေးရွာအခြေပြု မူကြိုကျောင်းများ ပြည့်စုံလုံလောက်အောင် ဖွင့်လှစ်နိုင်ရေး၊ မူကြိုဆရာ/ဆရာမများ၏ အရည်အသွေး ပိုမိုတိုးတက်လာရေး ဆောင်ရွက်လျက်ရှိပြီး " ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ" (ECCD-Policy) ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ယနေ့အစည်းအဝေး၌ မူကြိုပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ပညာရေးကောလိပ်များမှ အရည်အသွေးပြည့်ဝသော ဆရာ/ ဆရာမများ မွေးထုတ်နိုင်ရေးဆိုင်ရာကိစ္စများကို အဓိကဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့ညှိနှိုင်းချက်များအရ လက်တွေ့ကျသော ပညာရေးမြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သော ဆရာအတတ်ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ဆောင်ရွက်ရန်၊ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Plan ရေးဆွဲရန်နှင့် Budget ရေးဆွဲရန်၊ Plan နှင့် Budget ကို လာမည့်ဩဂုတ်လတွင် အပြီးရေးဆွဲတင်ပြရန်၊ BEd စာပေးစာယူသင်တန်း အရည်အသွေးမြှင့်တင်ရေးအတွက် ဝင်ခွင့်ရွေးချယ်ခြင်းမှစ၍ အဆင့်ဆင့် ပြန်လည်သုံးသပ်ပြင်ဆင်ရန်တို့ကို ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသွားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ထူးကဲဒီရေကြောင့် ကားလမ်းများရေကျော် ခရိုင်အင်အားဖြင့် ချောင်းမြောင်းများ ဆယ်ယူရှင်းလင်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးသည် မြစ်ချောင်းများပေါများသဖြင့် မိုးရာသီတွင် ထူးကဲဒီရေတက်မှုကြောင့် အချို့သော မြို့နယ်များတွင် ကားလမ်းရေကျော်မှု ဖြစ်စဉ်များရှိနေသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြစ်ထွက်ပေါက် ချောင်းမြောင်းများအား ကြိုတင်ဆယ်ယူ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးစစ်အောင်က ကြီးကြပ်ပြီး လှိုင်မြစ်ထဲသို့စီးဝင်သော လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်နှင့် (၈) ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းနေသည့် ပဏ္ဍိတလမ်း ရေနုတ်မြောင်းကို ခရိုင်အင်အားဖြင့် စုပေါင်းဆယ်ယူရှင်းလင်းနေကြောင်း ယင်းလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောဆိုသည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ ပထဝီမြေမျက်နှာပြင်အရ အချို့မြို့နယ်တွေက ပင်လယ်ရေမျက်နှာပြင်ထက် နိမ့်ကျနေတော့ မိုးရာသီမှာ ထူးကဲဒီရေတက်နေရင် ကားလမ်းတွေ ရေကျော်မှုနဲ့ ကြုံတွေ့ရတယ်၊ ဒါပေမယ့် ချောင်းမြောင်းတွေကို ကြိုတင်ဆယ်ယူထားတော့ ဒီရေပြန်ကျသွားရင် နာရီပိုင်းအတွင်းကားလမ်းပေါ်မှာ ရေမရှိတော့ပါဘူး"ဟု မြို့တော်နေပြည်သူတစ်ဦးက ကားလမ်း ရေကျော်မှုဖြစ်စဉ်ကို ပြောဆိုသည်။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးဦးကာလနောက်ကျပြီး အပူရှိန်မြင့်တက်ခဲ့သဖြင့် မိုးရွာစေချင်သူများက မိုးခေါ်လွန်ဆွဲပွဲများ ဆောင်ရွက်နေကြစဉ် အနောက်တောင်လေနှင့်အတူ မြို့တော်ရန်ကုန်၌ မုတ်သုံမိုးစတင် ရွာသွန်းလာပြီဖြစ်သည်။

(မောင်သုည)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၃၆၆)၊ မြေအကျယ်(အလျား ပေ၄၀× အနံ ပေ၆၀)၊ ဦးတင်အေးအမည်ပေါက် မြေချပါမစ်မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသံချောင်း [၁၂/မဘန(နိုင်)၀၆၄၀၁၅]ထံမှ (အလျား ပေ၄၀×အနံ ပေ၆၀) အနက်(အလျားပေ၂၀×အနံ ပေ၆၀)ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အက်စတာမြတ်ထွေး LL.B, C.B.L,F.B.S,D.B.S.P,A.P.S
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)
၅၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၈၂၁၈၇



ပြည်တွင်းရေးရာ

ပင်လုံ(နတလ)သင်တန်းကျောင်းမှ ပွင့်လန်းလာမည့် အနာဂတ်ပန်းကလေးများ

ပင်လုံမြို့ရှိ(နတလ)သင်တန်းကျောင်းအဆောင်အား တွေ့ရစဉ်။

မြန်မာနိုင်ငံအတွင်း၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည်။ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသည့် နယ်စပ်ဒေသများကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် လည်းကောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ ရင်သွေးငယ်များကို ခေတ်စနစ်နှင့်အညီ ပညာသင်ကြားပေးပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာစေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို နိုင်ငံတော်အနှံ့အပြားတွင် ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားလူငယ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်မှ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ တွင် တည်ရှိသည့် ပင်လုံမြို့နယ်ခွဲ၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၂၀၀၄ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတော်မှ ဖွင့်လှစ်ပေးခဲ့သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ တောင်ကြီးခရိုင်များမှ ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားများ၏ ရင်သွေးများအား (ငါးတန်းမှ ၁၀ တန်းအထိ) လက်ခံပေးပြီး ကျောင်းအိပ် ကျောင်းစားစနစ် နိုင်ငံတော်၏ စရိတ်ဖြင့် အနာဂတ်ပန်းကလေးများ ပွင့်လန်းလာအောင် ဥယျာဉ်မှူးသဖွယ် ပေါင်းသင်မြေဆွ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

ပင်လုံမြို့နယ်ခွဲ၌ ဖွင့်လှစ်ထားသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် လွိုင်လင်-ပင်လုံ ကားလမ်းမကြီးဘေး ပင်လုံမြို့အဝင်မုခ်ဦးအနီးတွင် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင်ကြီးနှစ်ဆောင်ဖြင့် ထည်ထည်ဝါဝါ တည်ဆောက်ထားပြီး အုပ်ချုပ်မှုရုံးခန်း၊ ဝန်ထမ်းအိမ်ရာများ သီးသန့်တည်ဆောက်ထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ပင်လုံ(နတလ) ကျောင်းဖွင့်လှစ်သည့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစတင်၍ ပညာတတ်လူငယ်တော်တော်များများကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းကြောင့် ဘွဲ့ရ ခြောက်ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၃၅ ဦး ရှိကြောင်း သိရသည်။ အချို့သည် ပင်လုံတက္ကသိုလ်တွင် တက်ရောက်နေပြီး အချို့သည် ဝန်ကြီးဌာနများတွင်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းများတွင် လည်းကောင်း တာဝန်ကိုယ်စီ ထမ်းဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။

ပင်လုံ(နတလ) ကျောင်း၏ အုပ်ချုပ်မှုအနေအထားကို တင်ပြရသော် ကျောင်းအုပ်တစ်ဦး၊ ဒုတိယ ကျောင်းအုပ်တစ်ဦး၊ နည်းပြ ၁၁ ဦး၊ ရုံးအဖွဲ့ နှစ်ဦးနှင့် ထမင်းချက်စားဖိုမှူး နှစ်ဦး စုစုပေါင်း ၁၇ ဦးဖြင့် ဆောင်ရွက်နေကြပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းသား ၁၁၅ ဦး ရှိကြောင်းသိရသည်။ ပင်လုံ(နတလ) ကျောင်းအုပ်ကြီး ဦးရွှေဝင်းက "ကျွန်တော်တို့ကျောင်းမှာတော့ လက်ရှိကျောင်းသားဦးရေ၊ အဆောင်၊ အုပ်ချုပ်မှုနှင့် နည်းပြအနေအထားကတော့ လုံလောက်မှုရှိပါတယ်။ ယခုလက်ရှိမှာတော့ ကျောင်းသားများ(ယောကျ်ားလေး)သာ လက်ခံပြီး ပညာသင်ကြားပေးနေပါတယ်။ လာမယ့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာတော့ အမျိုးသမီးဆောင် ထပ်ဆောက်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ အမျိုးသမီး ၆၀ကို စတင်လက်ခံပြီး ပညာသင်ကြားပေးသွားမှာဖြစ်ပါတယ်။ နေထိုင်မကောင်းဖြစ်ရင်လည်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွေကို အချိန်နှင့် တစ်ပြေးညီပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးပါတယ်။ နှစ်စဉ် နွေရာသီ ကျောင်းပိတ်ရက်တွေမှာတော့ သာသနာ့ဘောင်သွတ်သွင်း(ရှင်ပြု)ပေးပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်၏ မွန်မြတ်လှသောစေတနာ၊ မေတ္တာများဖြင့် နယ်စပ်ဒေသများမှ ရင်သွေးငယ်များ၏ စားဝတ်နေရေး စသည်များကို (အခမဲ့)ပြည့်စုံအောင် စီမံဆောင်ရွက်ပေးနေကြောင်း သိရသည်။ ထို့ပြင် ကျေးလက်ဖွံ့ဖြိုးရေး၊ လမ်းတံတား၊ ရေ၊ မီး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် ဘက်စုံထောင့်စုံမှ ပြည့်စုံအောင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ပင်လုံမြို့နယ်ခွဲရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော တိုင်းရင်းသားရင်သွေးငယ်များသည် အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး ပညာရည်မြင့်မားသည့် ပန်းကလေးများ ပွင့်လန်းလာတော့မည်ဖြစ်ပါကြောင်း ပင်လုံ(နတလ) ကျောင်းဖွင့်လှစ်သည့် (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

မိုးလွင်ဦး(လွိုင်လင်)

ရေသန့်ခေတ်ကြီးထဲတွင် ရောဝတီမြစ်ရေအား နှစ်ခြိုက်ခုံမင်စွာ သောက်သုံးသူများရှိ

မကွေး မေ ၂၄

ယနေ့ကမ္ဘာပေါ်တွင် သောက်ရေသန့်ကို အမည်ပေါင်းများစွာဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပြီး သောက်သုံးသူများလည်း များပြားလျက်ရှိသည်။ သို့သော် ဧရာဝတီမြစ်ကမ်းဘေးတွင် နေထိုင်လျက်ရှိသည့် ကျွန်မတို့ မြန်မာလူမျိုးများစွာထဲက အချို့အချို့သောသူများသည် ယင်းဧရာဝတီမြစ်ရေကို ယနေ့တိုင် ခုံမင်စွာသောက်သုံးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိနေသည့် မြို့ပေါင်းများစွာထဲက မကွေးမြို့၏ ဧရာဝတီမြစ်ရေသောက်သုံးမှုနှင့် ရောင်းချမှုနှုန်းထားများကို အောက်ပါအတိုင်းသိခဲ့ရပါသည်။ မကွေးမြို့ပေါ်နှင့် ကျေးရွာများရှိ ဒေသခံတော်တော်များများသည် မြစ်ရေကိုသာ သောက်သုံးချင်၊ ချိုးချင်၊ ချက်ပြုတ်စားသောက်ချင်စိတ်ရှိကြသည်။မကွေးမြို့ကမ်းနားလမ်းရှိ ဧရာဝတီမြစ်ရေအား ရေစုပ်မော်တာဖြင့် ရေတင်၍ ရောင်းချနေသည့် ဗဒင်မြစ်ရေရောင်းချသည့် အဘိုးအိုက "ကျွန်တော်တို့မြစ်ရေ ရေစည်လှည်းတစ်စီးကို ရေချည်းပဲတစ်စီး ကျပ် ၁၅၀ ရောင်းပါတယ်။ လှည်းပါ ငှားရရင်တော့ တစ်စီး ကျပ် ၃၀၀ ရောင်းပါတယ်။ မြစ်ရေတင်ကားတစ်စီး (ရေပီပါ ခုနစ်လုံးဆံ့ကို အိမ်အရောက် ကျပ် ၅၀၀၀ နဲ့ ပို့ပေးပါတယ်။ ကားနဲ့ဆိုတော့ ဆီဖိုးနဲ့ ဝေးရင်ဝေးသလို ကျပ် ၅၀၀၀ ကနေ ၅၅၀၀၊ ၆၀၀၀ လောက်တော့ရပါတယ်။ တစ်နေ့ကို ရေစည်လှည်း ပုံမှန်အိမ်အရောက်ရောင်းတဲ့သူ ခုနစ်ဦးလောက် ရှိပါတယ်။ တစ်ဦးကို တစ်နေ့ခြောက်စည်၊ ခုနစ်စည်လောက်တော့ အခုနွေပိုင်းမှာ ရောင်းရပါတယ်။ အိမ်အရောက်တစ်စည်ကို ဝေးရင်ဝေးသလို တွန်းပို့ရသူက ကျပ် ၆၀၀ နဲ့ ကျပ် ၇၀၀ လောက် ရောင်းတယ်လို့ သိရပါတယ်"ဟု ပြောပြသည်။

မြစ်ရေဖြင့် ထမင်းချက်စားပါက ထမင်းသည် နွေရာသီ၌ နေပူသော်လည်း မသိုးကြောင်းနှင့် အမြဲသောက်နေသဖြင့် ရေသန့်ကို မသောက်တတ်တော့ကြောင်း မကွေးမြို့ ဆားစည်ရပ်မှ အဘွားအိုတစ်ဦးက ပြောသည်။ မကွေးမြို့ ကမ်းနားလမ်းတွင် မြစ်ရေရောင်းချမှုမှာ ဗဒင်မြစ်ရေမှသာ ရောင်းချသည်သာမက စည်ပင်သာယာအဖွဲ့မှလည်း ရောင်းချလျက်ရှိသည်။ ဗဒင်မြစ်ရေရောင်းချမှုမှာ တရားဝင်လုပ်ကိုင်နေသည့် အလုပ်ဖြစ်ကြောင်းနှင့် မိမိတို့က ရေစုပ်စက်အား မီးစက်ဖြင့် မောင်းသည့်အတွက် ၂၄ နာရီ အချိန်မရွေး ရောင်းချနိုင်ကြောင်းနှင့် မြို့ပေါ်ဌာနဆိုင်ရာများနှင့် မီးသတ်ယာဉ်များ အရေးပေါ်လိုအပ်ပါက အချိန်မရွေး မောင်းနှင်၍ ရေတင်ပေးကြောင်း ၎င်းအဘိုးအိုက ပြောသည်။

ရေသန့်များ ခေတ်စားနေသည့် ယနေ့ခေတ်ကြီးထဲတွင် ရှေးရိုးအစဉ်အလာအတိုင်း မြစ်ရေကိုသာ မက်မက်မောမော သောက်သုံးသူများရှိနေသည့် မကွေးမြို့နှင့် ရေကုသိုလ်သာမက မြို့တွင်း မီးရေး၊ ထင်းရေးများကိုပါ ကူညီလျက်ရှိသည့် မြစ်ရေတင်ရောင်းချနေသည့် အဘိုးအိုအား လေးစားဂုဏ်ယူစွာ ရေးသားလိုက်ရပါသည်။

ခင်မာလာ(မကွေး)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်		အရေအတွက်
၁။	Computer Table(3x2)	(၁၀)လုံး
၂။	အံ့ဆွဲ(၄ဆင့်)ဗီရို	(၅)လုံး
၃။	ရုံးခန်းများအလူမီနီယံကာရံခြင်း	
၄။	A4 Paper Double A(Thailand)	(၂၅၀)ပုံး
၅။	A3 Paper Double A(Thailand)	(၂၀)ပုံး
၆။	Legal Paper	(၂၀)ပုံး
၇။	NPG-25 Toner	(၁၅)ခု
၈။	NPG-50 Toner	(၁၅)ခု
၉။	NPG-26 Toner	(၁၀)ခု
၁၀။	NPG-28 Toner	(၁၀)ခု
၁၁။	NPG-51 Toner	(၁၀)ခု
၁၂။	NPG-46 Toner(Cyan)	(၄)ခု
၁၃။	NPG-46 Toner(Magenta)	(၄)ခု
၁၄။	NPG-46 Toner(Yellow)	(၄)ခု
၁၅။	NPG-46 Toner(Black)	(၆)ခု
၁၆။	Fx-3 Cartridge	(၆)ခု
၁၇။	Fx-9 Cartridge	(၁၂)ခု
၁၈။	NPG-50/51(IR-2545)(Drum Unit)	(၄)ခု
၁၉။	NPG-25/26(IR-3025)(Drum Unit)	(၄)ခု
၂၀။	IR-3245(Drum Unit)	(၄)ခု
၂၁။	IR-2016(Drum Unit)	(၂)ခု
၂၂။	IR-5030(Black)(Drum Unit)	(၂)ခု
၂၃။	IR-3020(Drum Unit)	(၂)ခု

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၂၅-၅-၂၀၁၄ ရက်မှ ၂၈-၅-၂၀၁၄ ရက်အထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း

၃။ တင်ဒါတင်သွင်းရမည့်ရက် ၂၉-၅-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၆၁၁၄ နှင့် ၀၆၇-၄၀၆၀၆၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ဒေါ်စန္ဒသိင်္ဂီ(ဒေါ်စန်းရီ) [၁၂/တမန(နိုင်)၀၂၃၅၀၃]နှင့် ဒေါ်ခင်ဝင်းကြည်[၁၂/တမန(နိုင်)၀၂၃၅၁၈]

မှတ်ပုံတင်ကတ်(၂)ခုနှင့် E ပင်စင်ကတ်ပြား(၂)ခု ပူးတွဲထည့်ထားသော ပိုက်ဆံအိတ်ပန်းရောင်တစ်လုံးနှင့်ငွေတချို့ ၂၃-၅-၂၀၁၄ ရက် မွန်းလွဲ ၂း၃၀နာရီခန့်က အဖြူရောင် Taxi နောက်ခန်းတွင် ကျန်ခဲ့ပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဒေါ်စန္ဒသိင်္ဂီ (၈)မိုင်၊ ပေါက်စေတီဝင်း
ဖုန်း-၀၉-၇၃၁၆၄၈၃၄၊
ကိုကံညွန့် ဖုန်း-၀၉-၄၂၅၃၂၆၈၈၁

ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ Cinefondation Prizes 2014 ဆုများ ထုတ်ပြန်ကြေညာ

ပြင်သစ်နိုင်ငံ ကိန်းစ်မြို့တော်တွင် ကျင်းပလျက်ရှိသည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှ Cinefondation Prizes 2014 ဆုအတွက် ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းစာရင်းတွင် အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ ဒါရိုက်တာ Annie Silverstein ၏ Skunk ဇာတ်ကားက ပထမဆုကိုလည်းကောင်း၊ ဒုတိယဆုကို စင်ကာပူနိုင်ငံ NYU Tisch အနုပညာကျောင်းမှ ဒါရိုက်တာ Atsuko Hirayanagi ၏ Oh Lucy! ဇာတ်ကားကလည်းကောင်း၊ တတိယဆုကို အီတလီမှ Lievito Madre ဇာတ်ကားနှင့် ဗြိတိန်မှ The Bigger Picture ဇာတ်ကားတို့ကလည်းကောင်း အသီးသီးရရှိဆွတ်ခူးခဲ့ကြသည်။

အဆိုပါဆုပေးပွဲသည် ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်အတတ်ပညာဆိုင်ရာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏လက်ရာ ဇာတ်ကားများကို ယှဉ်ပြိုင်စေသည့်ဆုပေးပွဲတစ်ခုဖြစ်ပြီး ယခုဆုပေးပွဲတွင် နိုင်ငံစုံမှ ကျောင်းသား ၁၆ ယောက်၏ လက်ရွေးစင် ဇာတ်ကားများကို ဆန်ခါတင်ရွေးချယ်ကာ ဆုရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ပြန်လည်ပေါင်းစည်းတော့မည့် Destiny's Child

ဂီတနယ်ပယ်လောကတွင် နှစ်အတန်ကြာ မတွေ့ရတော့သည့် အမေရိကန်အမျိုးသမီး R&B တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် Destiny's Child ကို ယခုအခါ သီချင်းသစ်တစ်ပုဒ်တွင် ပြန်လည်မြင်တွေ့ရတော့မည်ဖြစ်ကြောင်း သိရသည်။

နာမည်ကျော် R&B တေးသံရှင်များဖြစ်ကြသည့် ဘီယွန်စေး၊ Michelle Williams နှင့် Kelly Rowland တို့ ပါဝင်ဖွဲ့စည်းထားသော အဆိုပါဂီတအဖွဲ့သည် ၂၀၀၆ ခုနှစ်က လမ်းခွဲခဲ့ကြပြီး ယခုတစ်ဖန် သီချင်းသစ်တစ်ပုဒ်တွင် ပြန်လည်လက်တွဲလာခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် အဆိုပါအဖွဲ့သည် ယမန်နှစ်က နယူးအော်လင်း၌ ကျင်းပခဲ့သည့် Super Bowl half time show တွင်လည်း သီချင်းတစ်ပုဒ်ကို အတူတကွ ပြန်လည်သီဆိုခဲ့ကြသည်။

မျိုးစန္ဒာမောင်
ရေးသားသည်

ပိန်းဇလုပ်ဘူတာရုံပိုင်နှင့် ဦးထွန်းထွန်းတို့ကြီးကြပ်၍ ပိန်းဇလုပ်မြောက်ပိုင်းရပ်ကွက်မှ မခင်မာဝင်း ဦးဆောင်သော ရေအလှူရှင်အဖွဲ့ ရန်ကုန်-ရွှေညောင် အမှတ်(၉)အဆန်ရထားစီးခရီးသည်များကို ရေခဲစိမ်ရေသန့်များ လှူဒါန်းနေစဉ်။ အောင်မြင့်ခိုင်(မြန်မာ့မီးရထား)

ဆင်ပေါင်ဝဲမြို့၌ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဆင်း

ဆင်ပေါင်ဝဲ မေ ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့၌ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဆင်းပွဲကို မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၁) မူလတန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများက မြန်မာ့ကျောင်းသီချင်းနှင့် အဖွင့်သီဆိုဖျော်ဖြေကြပြီး ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ငွေတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ပညာရေးမှူး ဦးကျော်ငွေက ပေးအပ်ရာ သင်တန်းသားသင်တန်းသူများကိုယ်စား ရှားစေးဖို့မူလတန်းကျောင်းဆရာ ဦးဝေဖြိုးအောင်က လက်ခံရယူသည်။

ဆက်လက်၍ ပန်းချီပညာထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူအသီးသီးက ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ဆရာ ဆရာမ ၇၆ ဦးကို မကွေးပညာရေးကောလိပ်၌ မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးနည်းပြသင်တန်း တက်ရောက်ခဲ့ကြသော နည်းပြဆရာ ဆရာမ ၁၃ ဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါဦးစီးဌာနနှင့် တက္ကသိုလ်များတွင် ဆောင်ရွက်မည့် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ကျောင်းအမည်	လုပ်ငန်းအမည်
၁။	နည်းပညာတက္ကသိုလ်(ထားဝယ်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
၂။	နည်းပညာတက္ကသိုလ်(တောင်ငူ)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၃။	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၄။	နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)	(က) သံကူကွန်ကရစ်နှစ်ထပ်စာသင်ဆောင် (၂၀၂'×၆၄')(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) သံကူကွန်ကရစ်အလုပ်ရုံ (၁၂၀'×၇၀'×၂၀')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ဂ) သံကူကွန်ကရစ်နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ (၄၈'×၄၉')(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၅။	နည်းပညာတက္ကသိုလ်(ပခုက္ကူ)	RCနှစ်ထပ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၆။	နည်းပညာတက္ကသိုလ်(ဟသ်ာတ)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၇။	နည်းပညာတက္ကသိုလ်(မအူပင်)	RCနှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၈။	နည်းပညာတက္ကသိုလ်(သန်လျင်)	(က) စာသင်ဆောင်(၁၁၁'×၈၃')Theatare (၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၉။	နည်းပညာတက္ကသိုလ်(မကွေး)	RC နှစ်ထပ်(၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၀။	အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)	RCနှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄') (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၁။	နည်းပညာတက္ကသိုလ်(ပုသိမ်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄') (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၂။	အစိုးရနည်းပညာအထက်တန်းကျောင်း (ကော့သောင်း)	(က) ပင်မနှစ်ထပ်စာသင်ဆောင် (၂၁၇'×၁၃၀') RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) (၆)ခန်းတွဲနှစ်ထပ်လူနေဆောင်(၁၄၇'×၄၀') RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၃။	မန္တလေးနည်းပညာတက္ကသိုလ်	ဆရာ၊ဆရာမများအဆောင်(၁၆၈'×၄၈'×၂၄') RC (၂)ထပ်(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၄။	မန္တလေးကွန်ပျူတာတက္ကသိုလ်	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်(၂)လုံးသံကူကွန်ကရစ် ဆောက်လုပ်ခြင်း
၁၅။	ကွန်ပျူတာတက္ကသိုလ်(မုံရွာ)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ် RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၆။	ကွန်ပျူတာတက္ကသိုလ်(မကွေး)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၇။	ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၈။	ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၉။	ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
၂၀။	ကွန်ပျူတာတက္ကသိုလ်(မအူပင်)	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၂၁။	ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၂၂။	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်း
၂၃။	ဖြုပ်ပစ္စည်းသိပ္ပံနှင့်ဖြုပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၆-၆-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ်-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

လူကုန်ကူးမှုတွန်းလှန်မှ လူသားဘဝလုံခြုံရ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်(က) ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း(ခ)မင်းတပ်-မတူပီလမ်း(ဂ)ဟားခါး-မတူပီလမ်းတို့တွင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် (ဃ)ကျောက်တော်-ပလက်ဝလမ်း ကျောက်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁-၇-၂၀၁၄ ရက်

အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မင်းတပ်ခရိုင်၊ မင်းတပ်မြို့။
ဖုန်း-၀၇၀-၇၀၃၀၈၊ ၀၇၀-၇၀၃၀၉

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၅၇/၂၅၉)ရှိ ရတနာပုံရုပ်ရှင်ရုံအပေါ်ထပ်ရှိ ပစ္စည်းများထည့်သွင်းထားသည့် ပေ(၂၅×၁၂၀)ရှိ အခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စည်စည်ချို[၇/ကတခ(နိုင်)၀၈၆၄၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံးတော် ၌ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၈၄)ဖြင့် တရားလိုပြုလုပ်၍ (၁)ဒေါ်ခင်နန်းဝေ၊ (၂)ဦးအောင်ခိုင်စိုးနှင့် (၃)ဦးဝင်းသန်းဦးတို့အပေါ်တွင် လျော်ကြေးငွေနှင့်နစ်နာကြေးများရလိုမှုကို စွဲဆိုခဲ့ရာတွင် အထက်ဖော်ပြပါ အခန်းအားလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုစေရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁)မှ ၃၀-၄-၂၀၁၄ ရက်စွဲပါ ယာယီတားဝရမ်းကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်စေရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို
Legal Consultant (Sr-8478)
CN Win Law Firm
Hp:09-5145589, 09-43172986,email,cnwinlawfirm9@gmail.com
No.(70/A), 1st flr, Awbar Rd, Kyaukmyaung,TamweTsp,Yangon.

မြန်မာ့ဘောလုံးတိုးတက်ဖို့ အခမဲ့ပြကြစို့

မြန်မာ့ဘောလုံးလောကသမိုင်းမှာ ရွှေရောင်လွှမ်းခဲ့တဲ့နေ့စွဲများစွာရှိခဲ့ဖူးပါတယ်။ အဲဒီရွှေရောင်လွှမ်းနေ့စွဲတွေက လက်ရှိမှာတော့ အတိတ်ဖြစ်ရပ်များအနေနဲ့သာကျန်ရစ်ခဲ့ပါပြီ။ ၂၀၁၄ ခုနှစ် မေလဟာ မြန်မာ့ဘောလုံးလောကအတွက် အလွန်အရေးကြီးတဲ့ အချိန်အခါဖြစ်ခဲ့ပါတယ်။ ဒီကာလအပိုင်းအခြားအတွင်းမှာ မြန်မာဘောလုံးအသင်းတွေဟာ နိုင်ငံတကာပြိုင်ပွဲမျိုးစုံကို ယှဉ်ပြိုင်နေခဲ့ရပြီး AFC Cup ပြိုင်ပွဲ၊ AFC Challenge Cup၊ ပြီးတော့ AFC Women's Asian Cup စတဲ့ ပြိုင်ပွဲတွေအပြင် မလေးရှားဘောလုံးအကယ်ဒမီ Frenz က ကျင်းပတဲ့ ယူ-၁၆ လူငယ် ဖိတ်ခေါ်ပြိုင်ပွဲလည်းရှိနေခဲ့ပါတယ်။ ပြိုင်ပွဲအချို့မှာ မြန်မာဘောလုံးအသင်းတွေ ရှုံးနိမ့်ခဲ့ရပါတယ်။ အထင်ရှားဆုံးကတော့ ယခုနှစ်မှာ ပထမဆုံးအကြိမ်အဖြစ် အာရှတိုက်တစ်ခုလုံးမှာ ဒုတိယအဆင့်ရှိတဲ့ AFC Cup ပြိုင်ပွဲရဲ့ နောက်ဆုံး ၁၆ သင်းအဆင့်ကို ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ မြန်မာကလပ်နှစ်သင်းစလုံး (ရန်ကုန်၊ နေပြည်တော်) တက်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာကလပ်တွေရဲ့ အောင်မြင်မှုဟာ ကြာရှည်မခံခဲ့သလို ရန်ကုန်အသင်းကတော့ ကလပ်အသင်းသမိုင်းတစ်လျှောက်မှာ အဆိုးရွားဆုံးရလဒ်အဖြစ်နဲ့ အင်ဒိုနီးရှားကလပ် ပါစီပူရာအသင်းကို ၉-၂ ဂိုးဆိုတဲ့ ရလဒ်မျိုးနဲ့ရှုံးခဲ့သလို နေပြည်တော်အသင်းဟာလည်း ဗီယက်နမ်ထိပ်သီး ဟန္တိုင်းကို ၅-၀ ရလဒ်နဲ့ ဂိုးပြတ်ကိုအရေးနိမ့်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာဘောလုံးလောကဟာ ရှုံးနိမ့်မှုတွေနဲ့ ယဉ်ပါးနေချိန်ဖြစ်တဲ့အတွက် ဒီအကြောင်းအရာတွေဟာ သိပ်ပြီးအထူးအဆန်း မဟုတ်တော့ပါဘူး။ ဒီရက်ပိုင်းမှာသာမက ၂၀၁၃ နှစ်လယ်ကနေစတင်ပြီး အခု ၂၀၁၄ မေလအထိ မြန်မာဘောလုံးပရိသတ်တွေကြားမှာ ရေပန်းအစားဆုံးကိစ္စရပ်တစ်ခုရှိခဲ့ပါတယ်။ အဲဒီကိစ္စကတော့ မြန်မာဘောလုံးပရိသတ်များစွာရဲ့သမိုင်းမှာ အဆိုးရွားဆုံးအချိန်အဖြစ်လည်း မှတ်တမ်းဝင်နိုင်လောက်တဲ့ အခြေအနေမျိုးအထိကို ဖြစ်ခဲ့ပါတယ်။ အဲဒီပြဿနာကတော့ မြန်မာ့လက်ရွေးစင်အသင်း၊ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းတို့ရဲ့ အရေးပါလှတဲ့ ပြိုင်ပွဲ၊ အခြေအနေတစ်ခုမှာ ပြည်တွင်းကရုပ်သံလိုင်းတွေအနေနဲ့ တိုက်ရိုက်ပြသခြင်းမပြုခဲ့တာပါပဲ။ မြန်မာအမျိုးသားအသင်းဟာ အာရှဖလားပြိုင်ပွဲကိုဝင်ခွင့်အတွက်၊ အမျိုးသမီးအသင်းကတော့ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ကြိုးစားနေတဲ့အချိန်မှာ ပြည်တွင်းရုပ်သံလိုင်းတွေကတော့ ကိုရီးယားကားကို တစ်နေ့သုံးကြိမ် အပြမပျက်ခဲ့ပါဘူး။ ဟိုးအရင်ခေတ် မီဒီယာတွေ မဖွံ့ဖြိုးခင်အချိန်တုန်းကဆိုရင်တောင် တခြားအစီအစဉ်တွေ မပြသနိုင်ရင်နေပါစေ မြန်မာအသင်းရဲ့ ဘောလုံးပွဲစဉ်တွေဆိုရင်တော့ ရှုံးရှုံးနိုင်နိုင် ပြည်တွင်းရုပ်သံတွေကနေ အမြဲတမ်းပြသပေးနိုင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ပြည်တွင်းမီဒီယာလောကဟာ ဖွံ့ဖြိုးလာပြီဖြစ်သလို ရုပ်သံလိုင်းပေါင်းစုံပေါ် ပေါက်လာခဲ့ပြီဖြစ်တဲ့အတွက် (ဘောလုံး) အားကစားပြိုင်ပွဲတွေကို မလွတ်တမ်းစောင့်ကြည့်ခွင့်ရမယ်လို့ တွေးမိခဲ့ပေမယ့်လည်း ကျွန်တော်တို့ရဲ့အထင်အမြင်တွေ လုံးဝကို တက်တက်စင်အောင် လွဲချော်ခဲ့ပါပြီ။ အဓိကပြဿနာရဲ့အရင်းအမြစ်ကတော့ Forever Media Group ရဲ့ For Sports ဆိုတဲ့ ရုပ်သံလိုင်းကနေအစပြုခဲ့ပါတယ်။ အထူးသဖြင့် ဒီရက်ပိုင်းမှာ မြန်မာ့လက်ရွေးစင်(အမျိုးသား) အသင်းရဲ့ အရေးပါလှတဲ့ AFC Challenge Cup ပြိုင်ပွဲရှိနေခဲ့ပါတယ်။ မေ ၁၉ ရက်က မော်လ်ဒိုက်နဲ့စကစားခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုအရေးပါလှတဲ့ပြိုင်ပွဲကို တစ်နိုင်ငံလုံးအနှံ့တောရွာမြို့ပါမကျန် ကြည့်ရှုနိုင်တဲ့ FTA ရုပ်သံလိုင်းတွေဖြစ်တဲ့ MRTV, MRTV 4, Channel 7 စတဲ့ ရုပ်သံလိုင်းတွေကနေ ထုတ်လွှင့်သင့်ပါတယ်။ အခုကတော့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့မြို့တွေက လူအနည်းငယ်သာ ဖမ်းယူကြည့်ရှုနိုင်တဲ့ For Sports ဆိုတဲ့ ရုပ်သံလိုင်းကသာ ထုတ်လွှင့်ခဲ့ပါတယ်။ ဒါဟာ မြန်မာ့ဘောလုံးလောကအတွက် လုံးဝကိုမဖြစ်သင့်တဲ့အရာပါ။ အဲဒီရုပ်သံလိုင်းဟာ အခပေးရုပ်သံလိုင်းတစ်ခုပါ။ နောက်ပြီး ပိုဆိုးတာကတော့ တစ်နိုင်ငံလုံးကြည့်ရှုလို့ မရနိုင်သေးတာပါပဲ။ ဒီလိုမျိုး တစ်နိုင်ငံလုံး ကြည့်မရနိုင်သေးတဲ့ ရုပ်သံလိုင်းကနေ မြန်မာ့လက်ရွေးစင်အသင်းရဲ့ပွဲစဉ်ကို ထုတ်လွှင့်ခဲ့တာ အရမ်းကိုအံ့အားသင့်စရာဖြစ်ရပ်တစ်ခုပါ။ ပြည်ပမှာဆိုရင်လည်း ဘယ်နိုင်ငံမှာမှ ကိုယ့်လက်ရွေးစင်အသင်းရဲ့ ပွဲစဉ်၊ ပြည်တွင်းလိဂ်ပွဲစဉ်တွေကို အခပေးရုပ်သံလိုင်းမှာ ပြသတယ်ဆိုတာ တစ်ခါမှမကြားဖူးပါဘူး။ အခြားမကြည့်နဲ့ **အရှေ့တောင်အာရှမှာဆိုရင်လည်း ထိုင်းပရီမီယာလိဂ်၊ ဗီယက်နမ် V လိဂ်၊ မလေးရှား စူပါလိဂ်စတဲ့ ပြည်တွင်းလိဂ်တွေသာမကဘဲ လက်ရွေးစင်အသင်းကြီးရဲ့ပွဲစဉ်သက်တမ်းအလိုက် လူငယ်လက်ရွေးစင်တွေရဲ့ပွဲတွေကို အခပေးမှာ ပြသထားတာမျိုး မရှိပါဘူး။** အခပေးရုပ်သံလိုင်းမှာ ပြသတာဟာ အပြစ်တော့ မဟုတ်ပေမယ့် ပိုက်ဆံပေးနိုင်တဲ့ သူတွေကြည့်ရမယ်၊ ပိုက်ဆံမပေးနိုင်ရင်တော့ မကြည့်နဲ့ဆိုပြီး ခွဲခြားထားသလိုမျိုးပါပဲ။ ဒီလိုခွဲခြားရအောင်လည်း ဒီရုပ်သံလိုင်းက တစ်နိုင်ငံလုံးမှာ ကြည့်လို့မရသေးတဲ့အတွက် နယ်ကလူတွေနဲ့ မြို့ကလူတွေကို ခွဲခြားပြီး မြန်မာ့ဘောလုံးလောကနဲ့ အဆက်အသွယ်ဖြတ်ထားသလိုပါပဲ။ ဒါကြောင့် ကျွန်တော်ပြောချင်တာကတော့ For Sports ရုပ်သံလိုင်းမှာ လက်ရွေးစင်အသင်းရဲ့ ပွဲစဉ်တွေကို မပြသဘူးဆိုရင်တော့ အကောင်းဆုံးပါ။ မြန်မာပြည်မှာပြသနိုင်တာချင်းအတူတူ FTA မှာ မပြသဘဲ ဒီလိုမျိုးခွဲခြားပြီး လုပ်တာကတော့ ကောင်းတဲ့လုပ်ရပ်လို့မယူဆပါ။ အခပေးက ပြသမယ်ဆိုရင်လည်း ဒီရုပ်သံလိုင်းကို တောရွာမြို့ပါမကျန် တစ်နိုင်ငံလုံးကြည့်ရှုနိုင်အောင် လုပ်ဆောင်ပေးပါ။ မြန်မာ့ဘောလုံးတိုးတက်ရေးဆိုပြီး စီမံကိန်းတွေ ချမှတ်နေပေမယ့် ပြည်သူတွေကိုတောင် ဘောလုံးပွဲမကြည့်နိုင်အောင် လုပ်ခြင်းဟာ မြန်မာဘောလုံးလောကအတွက် အနုတ်လက္ခဏာဆောင်သလို မြန်မာဘောလုံးကို ချစ်မြတ်နိုးတဲ့ ပြည်သူတွေအတွက်လည်း ကောင်းတဲ့လုပ်ရပ်မဟုတ်ပါ။ ဒါကြောင့် နောက်လာမယ့်မြန်မာအသင်းရဲ့ နိုင်ငံတကာပွဲစဉ်တွေ၊ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တွေကို FTA တွေမှာ ထုတ်လွှင့်နိုင်မယ်ဆိုရင်တော့ အားလုံးအတွက် အကောင်းဆုံးဖြစ်ပြီး အခပေးကသာ ဆက်လက်ပြသနေမယ်ဆိုရင်လည်း တစ်နိုင်ငံလုံးအနှံ့ ကြည့်ရှုနိုင်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်နေပါကြောင်း။ ။

ရဲစွမ်း

မန်ယူအသင်းနှင့် အီဗရာ စာချုပ်သစ်ချုပ်ဆို

မန်ယူအသင်း၏ အားထားရသော နောက်ခံကစားသမား အီဗရာသည် မန်ယူအသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။ ပြင်သစ်ကြယ်ပွင့်အီဗရာသည် မန်ယူအသင်းနှင့်အတူ ကစားသမားဘဝကို ရှစ်နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် မန်ယူအသင်းနှင့် လမ်းခွဲရန် စဉ်းစားခဲ့သည်။ သို့သော် လက်ရှိတွင် လာမည့်သီတင်းပတ်အတွင်း စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည့် ၎င်း၏စာချုပ်အား နောက်ထပ်တစ်နှစ်ထပ်တိုးချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ဆောက်သမ်တန်ဘယ်နောက်ခံကစားသမား လူကီရှောအား ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ခေါ်ယူမည်ဆိုသည့် သတင်းများထွက်ပေါ်ခဲ့ခြင်းကြောင့် အီဗရာက မန်ယူအသင်းနှင့်လမ်းခွဲရန် စဉ်းစားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မန်ယူနည်းပြအဖြစ်စတင်ကိုင်တွယ်တော့မည့် လူးဝစ်ဗန်ဟားလ်၏ ပထမရာသီကုန်ဆုံးသည်အထိ မန်ယူအသင်း၌ အီဗရာဆက်ရှိနေတော့မည်ဖြစ်သည်။

ဒေးဗစ်လုဇ်အား ရောင်းချရန် ချယ်လ်ဆီးသဘောတူညီ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အသင်း၏အားထားရသည့် ဘရာဇီးကြယ်ပွင့်ဒေးဗစ်လုဇ်အား ပြင်သစ်ချန်ပီယံပီ အက်စ်ဂျီအသင်းသို့ ပေါင်သန်း ၄၀ ဖြင့် ရောင်းချရန်သဘောတူလိုက်ပြီ ဖြစ်သည်။ ဒေးဗစ်လုဇ်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဘင်ဖီကာအသင်းမှ ပေါင် ၂၁ ဒသမ ၃ သန်း ဖြင့် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာ ခဲ့သူဖြစ် သည်။ ဒေးဗစ်လုဇ်သည် ၂၀၁၂ ခုနှစ်စက်တင်ဘာလက ချုပ်ဆိုခဲ့သည့် ငါးနှစ်စာချုပ်အနက် စာချုပ်သက်တမ်းသုံးနှစ် ကျန်ရှိနေသေးသော်လည်း ချယ်လ်ဆီးအသင်းက ပီအက်စ်ဂျီသို့ ပေါင်သန်း ၄၀ ဖြင့် ရောင်းချရန်သဘောတူခဲ့သည်။ ထို့ကြောင့် ဒေးဗစ်လုဇ်သည် ကမ္ဘာ့စျေးအကြီးဆုံးနောက်တန်းကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်လာမည်ဖြစ်သည်။ ကမ္ဘာ့စျေးအကြီးဆုံးနောက်တန်းကစားသမားအဖြစ် ယခင်ကရပ်တည်ခဲ့သည့် ကစားသမား များမှာ ၂၀၁၂ ခုနှစ်က အေစီမီလန်မှ ပီအက်စ်ဂျီသို့ ပေါင် ၃၆ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် သီယာဂိုဆေးလ်ဗား၊ ၂၀၀၂ ခုနှစ်က လိဒ်ယူနိုက်တက်မှ မန်ယူသို့ ပေါင် ၃၃ သမ ၁ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် ဖာဒီနန်၊ ၂၀၁၃ ခုနှစ်က ရိုးမားမှ ပီအက်စ်ဂျီသို့ ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် မားကွိုင်ဟိုစ်၊ ၂၀၁၁ ခုနှစ်က ဘင်ဖီကာမှ ရီးယဲလ်မက်ဒရစ်သို့ ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် ကိုအန်ထရာအိုနှင့် ၂၀၀၇ ခုနှစ်က ပေါ်တိုမှ ရီးယဲလ်မက်ဒရစ်သို့ ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် ပီပီတို့ဖြစ်သည်။

ငွေကြယ်



ထိုင်းနိုင်ငံတွင်ဖွင့်လှစ်မည့် စက်ပိုင်းဆိုင်ရာဒီပလိုမာသင်တန်း တက်ရောက်ရန်အတွက် သင်တန်းသားရွေးချယ်

နေပြည်တော် မေ ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Petroleum Authority of Thailand Exploration and Production International Ltd (PATEPI) ကုမ္ပဏီသည် ထိုင်းနိုင်ငံ IRPC Technology College တွင် လေးနှစ်ကြာဖွင့်လှစ်မည့် High Vocational Diploma in Mechanic သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်နိုင်ရေးအတွက် ပညာသင်ဆုချီးမြှင့်သွားမည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၈ ဌာနအပြင် ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ တက္ကသိုလ်/ကောလိပ်များမှ တက်ရောက်ရန် အဆိုပြုအမည်စာရင်းတင်ပြလာသော ကျောင်းသားများအား IRPC Technology College မှ တာဝန်ရှိသူများက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ၁၃၂ ဦးအနက် ၄၀ အား ပဏာမစစ်ဆေးရွေးချယ်ထားကြောင်း၊ အဆိုပါ ပဏာမရွေးချယ်ထားသော ကျောင်းသား ၄၀ အား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး ကျောင်းသား ၃၀အပြီးသတ် ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များသိမ်းဆည်းရမိ

နေပြည်တော် မေ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ထိခိုက်ခြင်းမှ ကာကွယ်ရန်အတွက် တရားမဝင်သစ်ခိုးထုတ်ယူမှုများအား အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူလျက်ရှိသည်။ ယခုအခါ ဝိသမလောဘသားများကလည်း တရားမဝင်သစ်များအား နည်းလမ်းမျိုးစုံအသုံးပြု၍ ခိုးယူသယ်ဆောင်နေသောကြောင့် သစ်တောဝန်ထမ်းများမှ ဂရုတစိုက်ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်က ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အုန်းချောကျေးရွာ ယာဉ်ထိန်းရဲတပ်ဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ဦးငယ်(ခ) ဂွက်ဂွက်၏ နေအိမ်ခြံဝင်းအတွင်း ဦးသက်နိုင်ထွန်း မောင်းနှင်သော ယာဉ်အမှတ် ၇၈/----လိုင်စင်မဲ့ Mark II ပေါ်မှ တရားမဝင်တမလန်းခွဲသားသုည ဒသမ ၂၃၁၇ တန်အားဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(မောင်သစ်တော)

ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက် အခြေခံပညာကျောင်းများတွင် စတင်မည်

ရန်ကုန် မေ ၂၄

၂၀၁၄ ခုနှစ်အတွင်း အခြေခံပညာကျောင်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက်ကို အကောင်အထည်ဖော်ရန်စီစဉ်ထားပြီး ယခုမေလနှင့် ဇွန်လတို့တွင် လုပ်ဆောင်သွားရန်စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

"အလုံမြို့နယ် အထက(၄) စာသင်ကျောင်းက စတင်သွားမယ်။ ဆက်လက်ပြီးတော့လည်း လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု ယင်းကော်မတီအောက်ရှိ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရမည့်အချက်များတွင် ပညာပေးလုပ်ငန်းသည် အထူးအရေးကြီးလုပ်ငန်းဖြစ်ပြီး လမ်းအသုံးပြုသူများ၏ စိတ်နေသဘောထားများ ကောင်းမွန်သော ယာဉ်အန္တရာယ်ကင်းရှင်းရေး ယဉ်ကျေးမှုအဖြစ်သို့ရောက်ရှိစေရန် ခက်ခဲသော သဘောသဘာဝများကြားမှ ကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်သည်။ အခြေခံပညာ စာသင်ကျောင်းများတွင် ဆောင်ရွက်သွားမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကာလအတွင်း ကျောင်းကားစီးနင်းသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအန္တရာယ်ကင်းရှင်းရေးအတွက် အပိုင်းနှစ်ပိုင်းဖြင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ထိုအပိုင်းနှစ်ပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းကားစီးနင်းသွားလာနေရသော အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းကားအန္တရာယ်ကင်းရှင်းရေးဖြစ်ပြီး နောက်တစ်ပိုင်းမှာ ကျောင်းကားမောင်းနှင်သူများကို ပညာပေးဆွေးနွေးခြင်းတို့ပါဝင်မည်ဖြစ်သည်။ ထိုမှ ကျောင်းကား ပြေးဆွဲမှုများသော ကျောင်းများကို စုစည်းကာ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် "ကျောင်းကားနှင့် အန္တရာယ်"၊ "ကျောင်းကားများကြံ့ခိုင်မှုနှင့် ယာဉ်မောင်းကျွမ်းကျင်မှု"၊ "ကျောင်းကားနှင့် အရေးယူမှု"၊ "ကျောင်းကားစီမံခန့်ခွဲမှု" စသောခေါင်းစဉ်များကို ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ မထသ(ဗဟို)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန စသည့်ဌာနအသီးသီးမှ ကျွမ်းကျင်ပညာရှင်များက ပညာပေးဆွေးနွေးကြမည်ဖြစ်သည်။

အလားတူ ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျောင်းကားပိုင်ရှင်နှင့် ကျောင်းသားယာဉ်မောင်းများကို အဆိုပါကျောင်း၌ စုစည်းကာ "ကျောင်းကားအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းစီမံခန့်ခွဲမှု"၊ "ယာဉ်ကြံ့ခိုင်မှုနှင့်ယာဉ်မောင်း ကျွမ်းကျင်မှု"၊ "အရေးယူဆောင်ရွက်မှု"၊ "စီမံခန့်ခွဲမှု" စသည့်ခေါင်းစဉ်များဖြင့် ပညာပေးဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ထိုဇုန်ထုတ်ယာဉ်များ အသုံးပြု၍ ကျောင်းကားမောင်းနှင်သူများလည်း ဘတ်စ်ကား မောင်းနှင်သည့် "ဃ" လိုင်စင်၊ "င" လိုင်စင်ကိုင်ဆောင်ထားသူများမဟုတ်ကြသလို "ခ"လိုင်စင်များဖြင့်လည်း မောင်းနှင်နိုင်သောကြောင့် "ခ" လိုင်စင်ကိုင် ဆောင်ထားသည့် ယာဉ်မောင်းအများအပြားရှိကာ ကျွမ်းကျင်မှုအပိုင်းတွေလည်း အားနည်းချက်များရှိခြင်းကြောင့် ယခုလိုပညာပေးမှုများဖြင့် ဆောင်ရွက်နေရခြင်းဖြစ်သည်။

လွန်ခဲ့သော ၂၀၁၃ ခုနှစ် အတွင်းကလည်း ယခုကဲ့သို့ ပညာပေးဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ ဆွေးနွေးမှုအကြိမ်ပေါင်း ၅၂၈ ကြိမ်၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၈၄၂၅ ဦးအား ပညာပေးဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ဒေါ်သဉ္ဇာထွန်း(DTZH Education Center)

LCCI 1 & 2	Ks 35000	(May 31, Jun 1, 3, 5 ရက်နေ့)
LCCI 3	Ks 31000	(Jun 1 ရက်နေ့)
Excel (Professional)	Ks 30000	
Computer (Basic)	Ks 25000	DTP - Ks 35000
Job Training	Ks 5000	(July 1 ရက်နေ့)
English	Ks 5000	(June 11 ရက်နေ့)

ဒေါက်တာဇော်ဝင်းသိန်း
Doctor of Business Administration (UK), MBA (USA), ACMA, CGMA, FABE, FCCA, CPA (Aust.)
ACCA (UK)
(Global Body for Finance Professionals)
July 2014 Intake (for December 2014 Exams)
ACCA စတင်လေ့လာမည့်ကျောင်းသူ/သားများအတွက်သတင်းကောင်း
ဦးဆုံးအပ်နှံသော student ၂၀ ဦးအား ACCA Registration Fees
Ks 140,000 per student (စုစုပေါင်း Ks2,800,000) တန်ဖိုးရှိ
ပညာသင်ဆုများ ပေးအပ်ချီးမြှင့်မည်။
Enroll Now! Valid until 30 June 2014 (First come, First serve)
ZAW BUSINESS SCHOOL
☎: 299288, : 0950-13589, :0950-74974

အာရှနဂါး
Ph : 703790, 09-861-9008
707062, 09-861-7770

သီရိကြယ်စင်

မိတ္တဇာ
ဆိုင်ခွဲ
Ph : 09 - 50 - 64145, 09 - 49 - 276627, 09 - 4200-60449
Ph : 09 - 420-707316, 09 - 49 - 588063, 09 - 49 - 580855

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
၂၀၁၄ ခုနှစ်၊ လ ရက်
နိဒါန်း

အငြင်းပွားမှုပြဿနာများအား အနုညာတနည်းဖြင့် ဖြေရှင်း ဆောင်ရွက်ခြင်းကို အားပေးရန်လည်းကောင်း၊ အငြင်းပွားမှုပြဿနာများကို မျှတစွာနှင့် ထိရောက်စွာ ဖြေရှင်း နိုင်ရန်လည်းကောင်း၊ နိုင်ငံတကာကူးသန်းရောင်းဝယ်ရာမှ ပေါ်ပေါက်လာသော အငြင်းပွားမှုပြဿနာများကို အနုညာတနည်းဖြင့် ဖြေရှင်းနိုင်ရန်လည်းကောင်း၊ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁။
အခန်း (၁)
အမည်၊ ဥပဒေနှင့်သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။
(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာနေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်သည့်အခါ အပိုင်း(၁)ပါပြဋ္ဌာန်းချက်ကို လိုက်နာရမည်။
(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်အခြား နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံများအကြား တည်ဆဲသဘောတူညီချက်တွင် အခြားနည်း ပြဋ္ဌာန်းထားသည်မှတစ်ပါး ဤဥပဒေသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းများ၊ အနုညာတစီရင်ဆုံးဖြတ်မှုများအားလုံးနှင့် သက်ဆိုင်စေရမည်။
(င) တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်း မပြုနိုင်ကြောင်း ကန့်သတ်ထားပါက ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အဆိုပါဥပဒေကို ထိခိုက်ခြင်း မရှိစေရ။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -
(က) **"အနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ အမြဲတမ်းခုံသမာဓိအဖွဲ့ဖြင့် စစ်ဆေးစီရင်သည်ဖြစ်စေ၊ စစ်ဆေးစီရင်ခြင်း မပြုသည်ဖြစ်စေ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။
(ခ) **"အနုညာတသဘောတူညီချက်"** ဆိုသည်မှာ ပုဒ်မ ၇ တွင် ဖော်ပြထားသော သဘောတူညီချက်ကို ဆိုသည်။
(ဂ) **"အနုညာတဆုံးဖြတ်ချက်"** ဆိုသည်မှာ အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို ဆိုသည့်အပြင် ကြားဖြတ်ဆုံးဖြတ်ချက်လည်း ပါဝင်သည်။
(ဃ) **"အနုညာတခုံရုံး"** ဆိုသည်မှာ တစ်ဦးတည်းသောခုံသမာဓိ သို့မဟုတ် ခုံသမာဓိအဖွဲ့ကို ဆိုသည်။
(င) **"တရားရုံး"**ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်မှုတွင် အငြင်းပွားသည့် အကြောင်းခြင်းရာသည် တရားမမှုတွင် အငြင်းပွားသည့် အမှုဖြစ်အကြောင်းခြင်းရာနှင့်တူညီလျှင် အဆိုပါအငြင်းပွားသည့် အကြောင်းခြင်းရာပါ ပြဿနာကို တရားမမူလစီရင်ပိုင်ခွင့်အာဏာအရ စီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံး သို့မဟုတ် တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။
(စ) **"နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ရာတွင် -
(၁) အနုညာတသဘောတူညီချက်ကို ပြုလုပ်စဉ်အခါက ထိုသဘောတူစာချုပ်တွင် ပါဝင်သူများ၏ စီးပွားရေးလုပ်ငန်းများသည် မတူညီသော နိုင်ငံများ၌ တည်ရှိလျှင်၊ သို့မဟုတ်
(၂) အောက်ဖော်ပြပါ နေရာများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနိုင်ငံ၏ ပြင်ပတွင် တည်ရှိလျှင် -
(ကက) အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အနုညာတသဘောတူညီချက်နှင့် ကိုက်ညီသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ပြုလုပ်မည့်နေရာ၊
(ခခ) ကူးသန်းရောင်းဝယ်ဆက်ဆံမှုပြုရာတွင် လုပ်ငန်းတာဝန်များထဲမှ အဓိကတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်နေရာ သို့မဟုတ် အငြင်းပွားသည့် အကြောင်းခြင်းရာနှင့် နီးကပ်စွာ ဆက်စပ်နေသည့်နေရာ၊ သို့မဟုတ်
(၃) အနုညာတသဘောတူညီချက်တွင် ပါဝင်သူများက အနုညာတသဘောတူညီချက်ပါ အကြောင်းအရာသည် တစ်နိုင်ငံထက်ပိုသော နိုင်ငံများနှင့်ဆက်စပ်နေကြောင်း အတိအလင်းသဘောတူညီကြလျှင် နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းဟု ခေါ်တွင်စေရမည်။

ရှင်းလင်းချက်။
(၁) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်းတည်နေရာတစ်ခုထက်ပို၍ရှိနေလျှင်၊ အနုညာတသဘောတူညီချက် ပြုလုပ်သည့်နေရာနှင့် အနီးကပ်ဆုံး ဆက်စပ်သည့်နေရာသည် ၎င်း၏စီးပွားရေးလုပ်ငန်း တည်နေရာ ဖြစ်သည်။
(၂) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်း တည်နေရာမရှိပါက ၎င်းအမြဲနေထိုင်ရာနေရာသည် ၎င်း၏ စီးပွားရေးလုပ်ငန်း တည်နေရာဖြစ်သည်။
(ဆ) **"နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ ပဋိညာဉ်ရှိသည်ဖြစ်စေ၊ ပဋိညာဉ်မရှိသည်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ကူးသန်းရောင်းဝယ်မှုဟု မှတ်ယူနိုင်သော တရားဝင်ဆက်ဆံမှုများမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများဆိုင်ရာ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။
(ဇ) **"တရားဝင်ကိုယ်စားလှယ်"**ဆိုသည်မှာ ကွယ်လွန်သူ၏ ပစ္စည်းများအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကိုဆိုသည်။ ထိုစကားရပ်တွင် ကွယ်လွန်သူ၏ ပစ္စည်းကို ဝင်ရောက်စွက်ဖက်သူ ပါဝင်သည့်အပြင်၊ အငြင်းပွားသူတစ်ဦးက ကိုယ်စားပြုဆောင်ရွက်သည့်အခါ ယင်းအငြင်းပွားသူ ကွယ်လွန်လျှင် ပစ္စည်းကို ဆက်ခံရရှိမည့်သူလည်း ပါဝင်သည်။
(ဈ) **"အငြင်းပွားသူ"**ဆိုသည်မှာ အနုညာတသဘောတူညီချက်တွင် သဘောတူပါဝင်သူကို ဆိုသည်။

အခန်း (၂)
ယေဘုယျပြဋ္ဌာန်းချက်များ

၃။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူထားခြင်းမရှိလျှင် -
(၁) အကြောင်းကြားစာကို လိပ်စာရှင်ကိုယ်တိုင်ထံသို့ဖြစ်စေ၊ ၎င်း၏ စီးပွားရေးလုပ်ငန်းတည်နေရာ၊ ၎င်းအမြဲနေထိုင်ရာ နေရာ သို့မဟုတ် ၎င်း၏စာတိုက်လိပ်စာ တည်နေရာသို့ဖြစ်စေ ပေးပို့လျှင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။
(၂) သင့်လျော်သောစုံစမ်းမှုကို ပြုလုပ်ပြီးနောက် ပုဒ်မခွဲငယ် (၁) ပါ နေရာများထဲမှ နေရာတစ်ခုကိုမျှ ရှာဖွေမတွေ့ရှိနိုင်လျှင်၊ မှတ်ပုံတင်စာဖြင့် သို့မဟုတ် ပေးပို့ကြောင်း အထောက်အထား မှတ်တမ်းဖြစ်စေမည့် အခြားနည်းလမ်းဖြင့် နောက်ဆုံးသိရှိရသော လိပ်စာရှင်၏ စီးပွားရေးလုပ်ငန်း တည်နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်ရာနေရာသို့ဖြစ်စေ၊ စာတိုက်လိပ်စာတည်နေရာသို့ဖြစ်စေ ပေးပို့ပါက စာဖြင့် အကြောင်းကြားမှုကို လက်ခံရရှိ ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။
(ခ) ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။
(ဂ) ဤပုဒ်မသည် တရားရုံးရှိ မှုခင်းများနှင့်စပ်လျဉ်းသော စာဖြင့်အကြောင်းကြားမှုများနှင့် မသက်ဆိုင်စေရ။

၄။ အငြင်းပွားသူတစ်ဦးသည် -
(က) အငြင်းပွားသူများက လျှော့ပေါ့နိုင်သော ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၊ သို့မဟုတ်
(ခ) အနုညာတသဘောတူညီချက်အရ ဆောင်ရွက်ရန် လိုအပ်သည့်အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိသေးကြောင်းသိရှိလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကန့်ကွက်ရမည် သို့မဟုတ် ကန့်ကွက်ရန် စည်းကမ်းသတ် ကာလကို သတ်မှတ်ထားလျှင် ထိုကာလအတွင်း ကန့်ကွက်ရမည်။ ၎င်း၏ကန့်ကွက်ချက်ကို ဖော်ပြခြင်းမပြုဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင် ထိုသို့ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ဆောင်ရွက်ရမည့် အကြောင်းကိစ္စများတွင် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သည့် တရားရုံးကမျှ ကြားဝင်ဆောင်ရွက်ခြင်းမရှိစေရ။

၆။ အငြင်းပွားသူများသည် သို့မဟုတ် အငြင်းပွားသူများ၏ သဘောတူခွင့်ပြုချက်အရ အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လွယ်ကူစေရန် သင့်တော်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှ စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီ ရရှိအောင် စီစဉ်ဆောင်ရွက်နိုင်သည်။

အခန်း (၃)
အနုညာတသဘောတူညီချက်

၇။ (က) **"အနုညာတသဘောတူညီချက်"** ဆိုသည်မှာ ပဋိညာဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သတ်မှတ်ထားသည့် တရားဝင်ဆက်ဆံမှုနှင့် စပ်လျဉ်း၍ အငြင်းပွားသူများအကြား ပေါ်ပေါက်လာသော သို့မဟုတ် ပေါ်ပေါက်လာမည့် အငြင်းပွားမှုများအားလုံး သို့မဟုတ် အချို့ကို အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် အငြင်းပွားသူများ၏ သဘောတူညီချက်ကို ဆိုသည်။
(ခ) အနုညာတသဘောတူညီချက်ကို ပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်ပုံစံနှင့်ဖြစ်စေ၊ သီးခြားသဘောတူညီချက်ပုံစံနှင့်ဖြစ်စေ ဖော်ပြနိုင်သည်။
(ဂ) အနုညာတသဘောတူညီချက်တစ်ရပ်ကို စာဖြင့်ရေးသားရမည်။
(ဃ) အနုညာတသဘောတူညီချက်တစ်ရပ်သည် အငြင်းပွားသူများက လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားတွင် ပါရှိလျှင် ထိုအနုညာတ သဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်။
(င) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ချက်ပါ သတင်းအချက်အလက်ကို နောက်ဆက်တွဲအကိုးအကားအဖြစ် အသုံးပြုနိုင်လျှင် အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်သော အနုညာတသဘောတူညီချက်သည် စာဖြင့် ရေးသားထားခြင်းဖြစ်သည်။

ရှင်းလင်းချက်။
အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ချက်ဆိုသည်မှာ အငြင်းပွားသူများက အီလက်ထရောနစ်အချက်အလက် သတင်းလွှာဖြင့် ပြုလုပ်သော ဆက်သွယ်ဆောင်ရွက်ချက်ကိုဆိုသည်။ အီလက်ထရောနစ် အချက်အလက် သတင်းလွှာဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (electronic data interchange) EDI၊ ဖက်စ်၊ အီးမေးလ်၊ ကြေးနန်း၊ တဲလက်စ်နှင့် တယ်လီကော်ပီတို့ ပါဝင်သည့်အပြင် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကို ဆိုသည်။
(စ) တောင်းဆိုလွှာနှင့် ချေပလွှာတွင် အငြင်းပွားသူတစ်ဦးက အနုညာတသဘောတူညီချက်ရှိကြောင်း အဆိုပြု၍ တစ်ဖက်အငြင်းပွားသူက ငြင်းဆိုခြင်း မရှိသော အပြန်အလှန်ဖော်ပြချက်များ ပါရှိလျှင် ထိုအနုညာတသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်။
(ဆ) ပဋိညာဉ်တွင် အနုညာတသဘောတူညီမှုစာပိုဒ်ပါသည့် စာရွက်စာတမ်းတစ်ခုကို ရည်ညွှန်းဖော်ပြထားရာ၌ ထိုပဋိညာဉ်ကို စာဖြင့်ရေးသားထားပြီး၊ အနုညာတသဘောတူညီမှုစာပိုဒ်ကို ပဋိညာဉ်၏ အစိတ်အပိုင်းဖြစ်စေရန် ရည်ရွယ်၍ ဖော်ပြထားခြင်းဖြစ်လျှင် ထိုဖော်ပြချက်သည် အနုညာတ သဘောတူညီချက် ဖြစ်လာသည်။

၈။ (က) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ၊ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့်စပ်လျဉ်း၍ ပထမအကြိမ်ရေးသားဖော်ပြချက် တင်သွင်းသည့် အချိန်ထက် နောက်မကျစေဘဲ အနုညာတ စီရင်ဆုံးဖြတ်စေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက အနုညာတသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိလျှင် အငြင်းပွားသူများအား အနုညာတ စီရင်ဆုံးဖြတ်မှု ခံယူစေရန် လွှဲအပ်ရမည်။
(ခ) တရားရုံးသည် ပုဒ်မခွဲ (က) တွင် ဖော်ပြသောလျှောက်လွှာတွင် အနုညာတ သဘောတူညီချက်မူရင်းနှင့် နည်းလမ်းတကျ ကူးယူထားသော တာဝန်ခံမိတ္တူမှန် ပူးတွဲပါရှိခြင်းမရှိလျှင် ထိုလျှောက်လွှာကို လက်ခံဆောင်ရွက်ခြင်း မပြုရ။
(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားပြီးနောက်၊ အငြင်းပွားပြဿနာမှာ တရားရုံးတွင် မပြီးမပြတ်ရှိနေစေကာမူ၊ အနုညာတစီရင်ဆုံးဖြတ်မှုကို စတင်ဆောင်ရွက်နိုင်သည် သို့မဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

၉။ (က) အငြင်းပွားသူတစ်ဦးသည် အနုညာတစီရင်ဆုံးဖြတ်မှု မစတင်မီ သို့မဟုတ် ဆောင်ရွက်နေစဉ်အတွင်း၊ သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ချမှတ်ပြီး အတည်မပြုမီအထိ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြားဖြတ်ဆောင်ရွက်မှုများ ပြုလုပ်ပေးရန် တရားရုံးသို့ လျှောက်ထားလျှင် တရားရုံးသည် မိမိရုံးရှိ အမှုကဲ့သို့ အမိန့်ချမှတ်ခွင့် အာဏာရှိစေရမည်။
(၁) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊
(၂) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊
(၃) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊
(၄) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊
(၅) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊
(၆) ယာယီတားဝရမ်းထုတ်ခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်ထားခြင်း၊
(၇) တရားရုံးက တရားမျှတစွာနှင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ကြောင်း ပေါ်ပေါက်သည့် အခြားကြားဖြတ်ဆောင်ရွက်ခြင်းများ။
(ခ) အနုညာတစီရင်ဆုံးဖြတ်မှု အသီးသီးတွင် အနုညာတခုံရုံးက လုပ်ပိုင်ခွင့် မရှိမှသာ သို့မဟုတ် ထိရောက်စွာဆောင်ရွက်နိုင်စွမ်း မရှိမှသာ တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခွင့်ရှိသည်။
(ဂ) အငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်အာဏာရှိသော အနုညာတခုံရုံးက တရားရုံး၏ ပုဒ်မခွဲ (က) အရ ချမှတ်ထားသော အမိန့်နှင့် ထင်ထင်ရှားရှား ဆက်စပ်နေသောအမိန့်ကို ချမှတ်လိုက်သည့်အခါ တရားရုံး၏ အမိန့်တစ်ရပ်လုံး သို့မဟုတ် အမိန့်၏အစိတ်အပိုင်းသည် ရပ်စဲစေရမည်။
(ဃ) အနုညာတစီရင်ဆုံးဖြတ်မှုမစတင်မီ သို့မဟုတ် ဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူတစ်ဦးက အနုညာတစီရင်ဆုံးဖြတ်မှုတွင် အရွယ်မရောက်သေးသူ သို့မဟုတ် စိတ်မကျန်းမာသူအတွက် အုပ်ထိန်းသူ ခန့်ထားပေးရန် တရားရုံးသို့ လျှောက်ထားလျှင် တရားရုံးက ခန့်ထားသည့်အမိန့်ချမှတ်နိုင်သည်။

အခန်း (၄)
အနုညာတခုံရုံးဖွဲ့စည်းခြင်း

၁၀။ (က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကို လွတ်လပ်စွာ သတ်မှတ်နိုင်သည်။ သို့ရာတွင် ခုံသမာဓိဦးရေမှာ စုံဂဏန်းမဖြစ်စေရ။
(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြသည့်အတိုင်း သတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးကို ခုံသမာဓိ သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၁၁။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် မည်သည့် နိုင်ငံသားမဆို ခုံသမာဓိအဖြစ် ဆောင်ရွက်နိုင်သည်။
(ခ) ပုဒ်မခွဲ(င)ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦး သို့မဟုတ် ခုံသမာဓိများကို ခန့်ထားရန် နည်းလမ်းအား လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။
(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်း မရှိလျှင် ခုံသမာဓိ သုံးဦးပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ -
(၁) အငြင်းပွားသူတစ်ဦးစီက ခုံသမာဓိတစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် တတိယခုံသမာဓိတစ်ဦးကို ခန့်ထားရမည်။ တတိယခုံသမာဓိသည် ကြီးကြပ်သူခုံသမာဓိအဖြစ် ဆောင်ရွက်ရမည်။
(၂) အငြင်းပွားသူတစ်ဦးသည် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိ ခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် ၎င်းတို့ခန့်ထားခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တတိယခုံသမာဓိကို ခန့်ထားနိုင်ခြင်း မရှိလျှင် အငြင်းပွားသူတစ်ဦးက လျှောက်ထားတောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ခုံသမာဓိ ခန့်ထားခြင်းကို ပြုလုပ်ရမည်။
(ဃ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်း မရှိလျှင် တစ်ဦးတည်းသော ခုံသမာဓိဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူများသည် တစ်ဖက်ဖက်သော အငြင်းပွားသူထံမှ ခုံသမာဓိ ခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဦးတည်းသော ခုံသမာဓိကို ခန့်ထားနိုင်ခြင်း မရှိလျှင် အငြင်းပွားသူ တစ်ဦးက လျှောက်ထားတောင်းဆိုပါက တရားသူကြီးချုပ်

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ တစ်ဦးတည်းသော ခုံသမာဓိ ခန့်ထားခြင်းကို ပြုလုပ်ရမည်။

(င) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် ခုံသမာဓိခန့်ထားရန် နည်းလမ်းအရ ဆောင်ရွက်ရာတွင် -

(၁) အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရန် အငြင်းပွားသူတစ်ဦးက ပျက်ကွက်ပါက၊ သို့မဟုတ်

(၂) အဆိုပါနည်းလမ်းအရ ဆောင်ရွက်ရာတွင် မျှော်မှန်းထားသည့်အတိုင်း အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးက သဘောတူညီမှုမရရှိပါက၊ သို့မဟုတ်

(၃) အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရန် ယုံမှတ်အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ရန် ပျက်ကွက်ပါက ခုံသမာဓိခန့်ထားရန်နည်းလမ်းနှင့်စပ်လျဉ်းသည့် သဘောတူညီချက်တွင် ခန့်ထားရန် အခြားနည်းလမ်းကိုလည်း ဖော်ပြထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(စ) တရားသူကြီးချုပ် သို့မဟုတ် ၎င်းကရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိခန့်ထားရာတွင် အောက်ပါအချက်များကို အလေးထားစဉ်းစားရမည် -

(၁) အမှုသည်များ၏ သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ခုံသမာဓိတစ်ဦးတွင်ရှိရမည့် အရည်အချင်းများ၊

(၂) လွတ်လပ်၍ ဘက်မလိုက်သော ခုံသမာဓိတစ်ဦးဖြစ်ကြောင်း သေချာစေရန် ထည့်သွင်းစဉ်းစားရမည့် အချက်များ။

(ဆ) တရားသူကြီးချုပ်သည် ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ ၎င်းထံအပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်တော်သည့် အစီအမံပြုလုပ်နိုင်သည်။

(ဇ) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တစ်ဦးတည်းသော ခုံသမာဓိ သို့မဟုတ် တတိယခုံသမာဓိတစ်ဦး ခန့်ထားရာ၌ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အငြင်းပွားသူများမှာ မတူညီသောနိုင်ငံများမှ နိုင်ငံသားများဖြစ်နေလျှင် အငြင်းပွားသူများ၏ နိုင်ငံသားများမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်ထားနိုင်သည်။

(ဈ) ပုဒ်မခွဲ (ဂ)၊ (ဃ) သို့မဟုတ် (င) အရ အပ်နှင်းထားသော ကိစ္စရပ်များအပေါ် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ချမှတ်သည့် ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်သည်။

(ည) (၁) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဈ) တို့၌ ဖော်ပြထားသောကိစ္စရပ်များ ပေါ်ပေါက်လျှင် အဆိုပါပုဒ်မခွဲများ၌ ဖော်ပြထားသော တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

(၂) အခြားအနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဈ) တို့၌ ဖော်ပြထားသော ကိစ္စရပ်များ ပေါ်ပေါက်လျှင် အဆိုပါပုဒ်မခွဲများ၌ ဖော်ပြထားသော တရားသူကြီးချုပ်ဆိုသည်မှာ ပုဒ်မ ၂ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသော ခရိုင်တရားရုံးတည်ရှိရာဒေသရှိ တရားလွှတ်တော်၏ တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။ ပုဒ်မ ၂ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသော တရားရုံးသည် တရားလွှတ်တော်ဖြစ်လျှင် အဆိုပါတရားလွှတ်တော်၏ တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

၁၂။ (က) မိမိအား ခုံသမာဓိအဖြစ်ခန့်ထားရန် ဆက်သွယ်ခံရသည့် ပုဂ္ဂိုလ်သည် မိမိ၏လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့် စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်စွာ သံသယများ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများကို စာဖြင့်ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) သံသယများဖြစ်ပေါ်စေနိုင်သည့် အခြေအနေများကို အငြင်းပွားသူများအား အသိပေးအကြောင်းမကြားရသေးလျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတောအတွင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား ထုတ်ဖော်ပြောဆိုရမည်။

(ဂ) အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦးကို ကန့်ကွက်နိုင်သည် -

(၁) ၎င်း၏လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်စွာ သံသယများဖြစ်ပေါ်စေနိုင်သည့် အခြေအနေများရှိခြင်း၊

(၂) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် အရည်အချင်းများ ၎င်း၌မရှိခြင်း။

(ဃ) အငြင်းပွားသူတစ်ဦးသည် မိမိခန့်ထားသည့် ခုံသမာဓိ သို့မဟုတ် ခန့်ထားရာတွင် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ခုံသမာဓိကို ထိုသို့ခန့်ထားပြီးနောက်မှ သိရှိလာသော အကြောင်းပြချက်များအတွက်သာ ကန့်ကွက်နိုင်သည်။

၁၃။ (က) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန်နည်းလမ်းကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော အခြေအနေများကို သိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ ပေးပို့ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကန့်ကွက်ခံရသော ခုံသမာဓိက ရာထူးမှနုတ်ထွက်ခြင်းမရှိလျှင် သို့မဟုတ် တစ်ဖက်အငြင်းပွားသူက ကန့်ကွက်ချက်ကို သဘောတူညီခြင်းမရှိလျှင် အနုညာတခုံရုံးသည် ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ရမည်။

(ဃ) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသော နည်းလမ်းအရ ကန့်ကွက်ခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအရ ကန့်ကွက်ခြင်း မအောင်မြင်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်သည့်အခါ ထိုချမှတ်သော အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်ခဲ့သော အငြင်းပွားသူသည် ပုဒ်မ ၃၄ နှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ လျှောက်ထားမှုကြောင့် အနုညာတစီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိအနေဖြင့် အခကြေးငွေ တစ်စုံတစ်ရာ ရထိုက်ခွင့်ရှိမရှိကို တရားရုံးက ဆုံးဖြတ်ပေးနိုင်သည်။

၁၄။ (က) အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦး၏ လုပ်ပိုင်ခွင့်သည် ရပ်စဲစေရမည် -

(၁) ၎င်း၏လုပ်ငန်းတာဝန်များကို တရားဝင် သို့မဟုတ် အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ၎င်း၏လုပ်ငန်းတာဝန်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(၂) ၎င်း၏ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် အငြင်းပွားသူများက ၎င်း၏လုပ်ပိုင်ခွင့်များကို ရပ်စဲရန် သဘောတူညီကြခြင်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဆက်လက်ဖြစ်ပွားနေလျှင် အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိပါက ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(ဂ) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိတစ်ဦးသည် ရာထူးမှ နုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူလျှင် ထိုသို့နုတ်ထွက်သည် သို့မဟုတ် ရပ်စဲသည် ဆိုသည့်အချက်ကြောင့် ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသောအကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာရောက်သည်ဟု မမှတ်ယူရ။

၁၅။ (က) ပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အခြေအနေများအရဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ခုံသမာဓိက ရာထူးမှနုတ်ထွက်သောကြောင့်ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်အရ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲစေသည့် အခြားအခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲသွားလျှင် ထိုခုံသမာဓိကို ခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားသည့်အခါ အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိ၏ဆင်ခြင်ဆုံးဖြတ်ချက်အရ ယခင်စစ်ဆေးကြားနာမှုကို ပြန်လည်စစ်ဆေးကြားနာလိုက ပြန်လည်စစ်ဆေးကြားနာနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ဤပုဒ်မအရ ခုံသမာဓိအသစ်တစ်ဦး အစားထိုးခန့်ထားခြင်းမပြုမီက ချမှတ်ခဲ့သော အနုညာတခုံရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်သည် အနုညာတခုံရုံးကို ပြောင်းလဲဖွဲ့စည်းသည်ဆိုသည့် အကြောင်းကြောင့် တရားမဝင် မဖြစ်စေရ။

အခန်း (၅)
အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

၁၆။ (က) အနုညာတခုံရုံးသည် အနုညာတသဘောတူညီချက်တစ်ရပ် တည်ရှိမှုနှင့် တရားဝင်မှုအပေါ် ကန့်ကွက်ချက်များအပါအဝင် မိမိခုံရုံး၏ စီရင်ပိုင်ခွင့်ရှိ မရှိကို ဆုံးဖြတ်နိုင်သည်။ ထိုသို့ဆုံးဖြတ်ရာတွင် -

(၁) ပဋိညာဉ်ပါ ခုံသမာဓိသဘောတူညီမှုစာပိုဒ်ကို ပဋိညာဉ်ပါ အခြားစည်းကမ်းချက်များမှ သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် ယူဆရမည်၊ ထို့ပြင်

(၂) ပဋိညာဉ်မှာပျက်ပြယ်ကြောင်း အနုညာတခုံရုံးက ဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် ထိုပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်မှာ ပျက်ပြယ်သွားခြင်း မရှိစေရ။

(ခ) အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားချက်ကို ချေပလွှာတင်သွင်းသည့်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားတင်ပြရမည်။ သို့ရာတွင် အငြင်းပွားသူက ခုံသမာဓိကို ခန့်ထားခဲ့သည် သို့မဟုတ် ခုံသမာဓိခန့်ထားရာတွင် ပါဝင်ခဲ့သည် ဆိုသည့်အကြောင်းကြောင့် ထိုအငြင်းပွားသူအား လျှောက်ထားချက်တင်သွင်းခွင့် မရှိကြောင်း ငြင်းပယ်ခြင်းမပြုရ။

(ဂ) အနုညာတခုံရုံးသည် ၎င်း၏အခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း လျှောက်ထားချက်ကို အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း အခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း စွပ်စွဲသည့်အကြောင်းအရာ ပေါ်ပေါက်လျှင် ပေါ်ပေါက်ချင်း ဆောလျင်စွာ လျှောက်ထားတင်ပြရမည်။

(ဃ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားတင်ပြမှုများတွင် နောက်ကျမှတင်သွင်းသော လျှောက်ထားချက်ကို သင့်တော်မျှတသော အကြောင်းများရှိသည်ဟု ယူဆပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ဆုံးဖြတ်ပေးရမည်။ စီရင်ပိုင်ခွင့်ရှိကြောင်း အနုညာတခုံရုံးက ဆုံးဖြတ်လျှင် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကိုလည်း ချမှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ ချမှတ်သော အနုညာတဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာသော အငြင်းပွားသူသည် ထိုအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ပုဒ်မ ၃၄ နှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

၁၇။ (က) ဤဥပဒေတွင် ဖော်ပြထားသော အခြားပြဋ္ဌာန်းချက်များပါ အာဏာများကို မထိခိုက်စေဘဲ အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးဦးနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် အမိန့်နှင့်ညွှန်ကြားချက်များ ချမှတ်ခွင့်ရှိသည် -

(၁) ကုန်ကျစရိတ်အတွက် အာမခံငွေတောင်းခံခြင်း၊

(၂) စာရွက်စာတမ်းများကို ထုတ်ဖော်ပြသစေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း၊

(၃) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၄) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၇) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၈) ယာယီတားဝရမ်းထုတ်ခြင်း သို့မဟုတ် အခြားကြားဖြတ်ဆောင်ရွက်မှုများ ပြုခြင်း၊

(ခ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများနှင့် သက်သေများအား ကျမ်းသစ္စာကျိန်ဆိုစေနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးက သင့်သည်ထင်မြင်သည့် သက်သေစစ်မေးခြင်း အစီအစဉ်ကို သတ်မှတ်နိုင်သည်။

(ဃ) အနုညာတခုံရုံးသည် အောက်ပါအကြောင်းမျှဖြင့် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ကုန်ကျစရိတ်အတွက် အာမခံငွေကို လျှောက်ထားသူက ပေးစေရန် အမိန့်ချမှတ်ခြင်းမပြုရ -

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်သူဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း၊

(င) အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ချမှတ်သော အနုညာတခုံရုံး၏ အမိန့်နှင့် ညွှန်ကြားချက်များသည် တရားရုံးကချမှတ်သော အမိန့်များဖြစ်ဘိသကဲ့သို့ တရားရုံး၏ခွင့်ပြုချက်ဖြင့် အတည်ပြုဆောင်ရွက်နိုင်သည်။

အခန်း (၆)
အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်ခြင်း

၁၈။ အငြင်းပွားသူများကို ညီတူညီမျှ ဆက်ဆံရမည့်အပြင် ၎င်းတို့၏အမှုကို တင်ပြရန် အခွင့်အရေး အပြည့်အဝပေးရမည်။

၁၉။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သင့်လျော်သည်ဟု ထင်မြင်သည့်နည်းလမ်းအတိုင်း အနုညာတ စီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်နိုင်သည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) အရ အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် သက်သေခံချက်တစ်ရပ်၏ သက်သေခံဝင်မှု၊ စပ်ဆိုင်မှု၊ အရေးပါမှုနှင့် အလေးသာမှုတို့ကို ဆုံးဖြတ်နိုင်သည့်အာဏာရှိသည်။

၂၀။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာဒေသကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှုအပါအဝင် အမှု၏အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတ စီရင်ဆုံးဖြတ်ရာဒေသကို သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် မည်သို့ပင်ပါရှိစေကာမူ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် ခုံသမာဓိများ အချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန်၊ သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။

၂၁။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုတစ်မှုနှင့် စပ်လျဉ်းသည့် အနုညာတစီရင်ဆုံးဖြတ်မှုသည် ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်အား တောင်းဆိုခြင်းခံရသူက လက်ခံရရှိသည့်နေ့မှ စတင်သည်။

၂၂။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်မှုတွင် အသုံးပြုမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်မှုတွင် အသုံးပြုရမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သတ်မှတ်ချက်တွင် အခြားနည်း သတ်မှတ်ဖော်ပြထားခြင်း မရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ်ချက်သည် အငြင်းပွားသူတစ်ဦး၏ စာဖြင့်ရေးသားဖော်ပြချက်၊ အနုညာတခုံရုံး၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက်၊ ဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြားဆက်သွယ်ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အနုညာတခုံရုံးသည် စာတမ်းအမှတ်အသား သက်သေခံချက်တစ်ရပ်အား အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ဘာသာစကား သို့မဟုတ်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး၍ ပူးတွဲတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

၂၃။ (က) တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့် အချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားသူများက အခြားနည်း သဘောတူညီထားပြီး မဟုတ်လျှင် အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ကာလအတွင်း တောင်းဆိုသူသည် ၎င်း၏တောင်းဆိုချက်အတွက် ထောက်ခံသော အချက်အလက်များ၊ အငြင်းပွားသည့်အချက်နှင့် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ကုစားခွင့်တို့ကို လည်းကောင်း၊ တောင်းဆိုခံရသူသည် အဆိုပါအချက်များနှင့်ပတ်သက်၍ ၎င်း၏ခုခံချေပချက်တို့ကို လည်းကောင်း ဖော်ပြရမည်။

(ခ) အငြင်းပွားသူများသည် ၎င်းတို့၏ တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟု ယူဆသော စာတမ်းအမှတ်အသားများ အားလုံးကို တင်သွင်းနိုင်သည်။ သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်းဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိသည့်အပြင် အနုညာတခုံရုံးကလည်း အငြင်းပွားသူတို့၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နှောင့်နှေးကြန့်ကြာမှုကို စဉ်းစားဆင်ခြင်ပြီး ပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်ကို ခွင့်ပြုရန်မသင့်ဟု ယူဆခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးသည် ၎င်း၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာကို အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ပြင်ဆင်နိုင်သည် သို့မဟုတ် ဖြည့်စွက်နိုင်သည်။

၂၄။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် သက်သေခံချက်တင်သွင်းခြင်းနှင့် လျှောက်လဲတင်ပြခြင်းကို နှုတ်ဖြင့်စစ်ဆေးကြားနာမည် သို့မဟုတ် အနုညာတစစ်ဆေးစီရင်မှုတစ်ရပ်လုံးကို စာတမ်းအမှတ်အသားများနှင့် အခြားအထောက်အထားများအပေါ် အခြေပြု၍ ဆောင်ရွက်မည်ကို ဆုံးဖြတ်ရမည်။

သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့်စစ်ဆေးကြားနာမှု မပြုလုပ်ရန် သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက အနုညာတစီရင်ဆုံးဖြတ်မှု၏ သင့်လျော်သည့် အဆင့်တွင် နှုတ်ဖြင့်စစ်ဆေးကြားနာမှုကို ဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် စစ်ဆေးကြားနာမည့်ကိစ္စနှင့် စာတမ်းအမှတ်အသားများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် အနုညာတခုံရုံးက တွေ့ဆုံဆောင်ရွက်မည့်ကိစ္စတို့ကို အငြင်းပွားသူများအား လုံလောက်သောအချိန်ပေး၍ ကြိုတင်အကြောင်းကြားရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက အနုညာတခုံရုံးသို့ တင်သွင်းသော စာဖြင့်ရေးသားတင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသတင်းအချက်အလက်များ သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားချက်များအားလုံးကို တစ်ဖက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။

ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသော ကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသားကို အငြင်းပွားသူများထံ ပေးပို့အကြောင်းကြားရမည်။

၂၅။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိသည့်အပြင် လုံလောက်သောအကြောင်း ပြသနိုင်ခြင်းမရှိပါက -

(က) တောင်းဆိုသူက ၎င်း၏တောင်းဆိုလွှာကို ပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့် အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစစ်ဆေးစီရင်မှု ဆောင်ရွက်ခြင်းကို ရပ်စဲရမည်။

(ခ) တောင်းဆိုခံရသူက ၎င်း၏ခုခံချေပလွှာကို ပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစစ်ဆေးစီရင်မှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုပျက်ကွက်မှုသက်သက်သည် တောင်းဆိုသူ၏ စွပ်စွဲချက်ကို ဝန်ခံရာရောက်သည်ဟု မှတ်ယူခြင်း မပြုရ။

(ဂ) အငြင်းပွားသူတစ်ဦးသည် နှုတ်ဖြင့်စစ်ဆေးရာသို့ ရောက်ရှိရန်ပျက်ကွက်လျှင် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်ကို တင်သွင်းရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတခုံရုံးရှေ့မှောက်ရှိ သက်သေခံချက်များအရ အနုညာတဆုံးဖြတ်ချက်ကိုချမှတ်နိုင်သည်။

၂၆။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးသည် -

(၁) အနုညာတခုံရုံးက ဆုံးဖြတ်ရန်ရှိသည့် သီးခြားအငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတခုံရုံးသို့ အစီရင်ခံတင်ပြစေရန် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်။

(၂) စပ်ဆိုင်သော သတင်းအချက်အလက်ကို ကျွမ်းကျင်သူအားပေးစေရန် သို့မဟုတ် စပ်ဆိုင်သော စာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကို ကျွမ်းကျင်သူက စစ်ဆေးနိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူတစ်ဦးအား တောင်းဆိုနိုင်သည်။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် ကျွမ်းကျင်သူသည် နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံတင်ပြပြီးနောက် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့်စစ်ဆေးကြားနာမှုတွင် ပါဝင်ဆောင်ရွက်ရမည်။ ထိုသို့စစ်ဆေးကြားနာရာတွင် အငြင်းပွားသူများသည် ကျွမ်းကျင်သူအား မေးခွန်းများ မေးမြန်းခွင့်ရရှိစေရမည့်အပြင် အငြင်းပွားသည့်အချက်များအပေါ် သက်သေခံရန် ကျွမ်းကျင်သူသက်သေကို တင်ပြခွင့်ရှိစေရမည်။

၂၇။ (က) အနုညာတခုံရုံးသည် သို့မဟုတ် အနုညာတခုံရုံး၏ သဘောတူညီချက်ဖြင့် အငြင်းပွားသူတစ်ဦးသည် သက်သေခံချက်ရယူရာတွင် တရားရုံး၏ အကူအညီကို ရယူရန် တရားရုံးသို့ လျှောက်ထားတောင်းခံနိုင်သည်။

(ခ) ထိုသို့ လျှောက်ထားရာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(၁) အမှုသည်များနှင့် ခုံသမာဓိများ၏ အမည်များ၊ နေရပ်လိပ်စာများ၊

(၂) တောင်းဆိုချက်နှင့် တောင်းဆိုသော သက်သေခွင့်၏ ယေဘုယျ သဘောသဘာဝ၊

(၃) ပါဝင်ရမည့်သက်သေခံချက်၊ အထူးသဖြင့်-

(ကက) သက်သေအဖြစ် သို့မဟုတ် ကျွမ်းကျင်သူသက်သေအဖြစ် ကြားနာရမည့်သူ၏ အမည်၊ နေရပ်လိပ်စာ၊ ၎င်းအပြင် ရယူလိုသော သက်သေခံချက်၏ အဓိကအကြောင်းခြင်းရာ ဖော်ပြချက်၊

(ခခ) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးခံရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်နှင့် အမျိုးအစား၊

(ဂ) တရားရုံးသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိ၏အခွင့်အာဏာ အတွင်းမှ သက်သေခံချက်ရယူပြီး ယင်းသက်သေခံချက်ကို အနုညာတခုံရုံးသို့ တိုက်ရိုက်ပေးပို့ကာ လျှောက်ထားတောင်းခံချက်ကို အတည်ပြုဆောင်ရွက်ပေးနိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ(ဂ)အရ အတည်ပြုဆောင်ရွက်သည့်အခါ မိမိတရားရုံးကစစ်ဆေးသည့် အမှုများတွင် သက်သေများထံ အမိန့်ဆင့်စာထုတ်ဆင့်သကဲ့သို့ ထုတ်ဆင့်နိုင်သည်။

(င) ဤပုဒ်မပါ "အမိန့်ဆင့်စာ" ဆိုသည်တွင် သက်သေအား စစ်မေးရန် ဆင့်စာနှင့် ကော်မရှင်စာ၊ စာတမ်းအမှတ်အသားကို ထုတ်ဖော်ပြသစေရန် ဆင့်စာတို့လည်း ပါဝင်သည်။

အခန်း(၇)
အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်မှု ပြီးဆုံးခြင်း

၂၈။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာနေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်သည့်အခါ-

(၁) နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းမှတစ်ပါး အခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသော အငြင်းပွားမှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအရင်းခံဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင်-

(ကက) အနုညာတခုံရုံးသည် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် အဓိက အငြင်းပွားမှုအတွက် လိုက်နာရန် အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(ခခ) အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသော နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ သို့မဟုတ် ဥပဒေစနစ်သည် အခြားနည်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် ထိုနိုင်ငံ၏ အရင်းခံဥပဒေကို တိုက်ရိုက် ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနိုင်ငံ၏ ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာ နည်းဥပဒေများကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မမှတ်ယူရ။

(ဂဂ) အငြင်းပွားသူများက ပုဒ်မခွဲငယ် (ကက)အရ ဥပဒေကို ရွေးချယ်သတ်မှတ်ထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိခုံရုံးက လိုက်နာသင့်သည်ဟု ယူဆသော ဥပဒေကို လိုက်နာကျင့်သုံးနိုင်သည်။

(ခ) အနုညာတခုံရုံးသည် အငြင်းပွားသူများက အတိအလင်း အခွင့်အာဏာ ပေးအပ်ခြင်းခံရပါက သာနာညီမျှမှု၊ တရားမျှတမှု၊ စိတ်စေတနာကောင်းထားမှုတို့ဖြင့်ဖြစ်စေ၊ ညှိနှိုင်းဖျန်ဖြေသူအနေနှင့်ဖြစ်စေ အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။

(ဂ) အငြင်းပွားမှုအားလုံးတွင် အနုညာတခုံရုံးသည် ပဋိညာဉ်ပါစည်းကမ်းချက်များနှင့်အညီ ဆုံးဖြတ်ပေးရမည်။ ထိုသို့ ဆုံးဖြတ်ရာတွင် အရောင်းအဝယ်ပြုလုပ်ရာ၌ လိုက်နာရသော ကုန်သွယ်မှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားရမည်။

၂၉။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ခုံသမာဓိတစ်ဦးထက်ပိုပါဝင်သော အနုညာတစီရင်ဆုံးဖြတ်မှုတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို အနုညာတခုံရုံး၏ အဖွဲ့ဝင် ခုံသမာဓိများ၏ အများဆန္ဒဖြင့် ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင် ဖော်ပြပါရှိစေကာမူ အငြင်းပွားသူများက သို့မဟုတ် အနုညာတခုံရုံး၏ အဖွဲ့ဝင် ခုံသမာဓိအားလုံးက အခွင့်အာဏာ အပ်နှင်းလျှင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာကို ကြီးကြပ်သူခုံသမာဓိက ဆုံးဖြတ်ပေးနိုင်သည်။

၃၀။ (က) အကယ်၍ အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူများက အငြင်းပွားမှုကို သဘောတူပြေငြိမ်းကြလျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံးစေရမည်။ ထို့အပြင် အငြင်းပွားသူများက တောင်းဆိုလျှင် သို့မဟုတ် အနုညာတခုံရုံးက ကန့်ကွက်ခြင်းမပြုလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း သဘောတူပြေငြိမ်းခြင်းကို အနုညာတဆုံးဖြတ်ချက် ပုံစံဖြင့် ရေးသားမှတ်တမ်းတင်ရမည်။

(ခ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း ပြုလုပ်သည့် အနုညာတဆုံးဖြတ်ချက်ကို ပုဒ်မ ၃၁ နှင့်အညီ ပြုလုပ်ရမည်။ ၎င်းကို အနုညာတဆုံးဖြတ်ချက်ဟု ဖော်ပြရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်သည် အဓိကအငြင်းပွား အကြောင်းခြင်းရာအပေါ် ဆုံးဖြတ်သော အခြားအနုညာတ ဆုံးဖြတ်ချက်ကဲ့သို့ တူညီသော အဆင့်အတန်းနှင့် တူညီသောအကျိုးသက်ရောက်မှု ရှိစေရမည်။

၃၁။ (က) အနုညာတဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားရမည့်အပြင် အနုညာတခုံရုံး၏အဖွဲ့ဝင် ခုံသမာဓိ သို့မဟုတ် ခုံသမာဓိများက လက်မှတ်ရေးထိုးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အလို့ငှာ ခုံသမာဓိတစ်ဦးထက်ပိုပါဝင်သော အနုညာတစီရင်ဆုံးဖြတ်မှုတွင် အနုညာတခုံရုံး၏ အဖွဲ့ဝင်ခုံသမာဓိများထဲမှ အများစုက လက်မှတ်ရေးထိုးပါက ပြည့်စုံသည်ဟု မှတ်ယူရမည်။ သို့ရာတွင် လက်မှတ်မရေးထိုးဘဲ ကျန်ရှိနေခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြချက်ကို ရေးသားဖော်ပြရမည်။

(ဂ) (၁) အငြင်းပွားသူများက အကြောင်းပြချက်များဖော်ပြရန် မလိုဟု သဘောတူညီထားခြင်းမရှိလျှင် သို့မဟုတ်

(၂) ဆုံးဖြတ်ချက်သည် ပုဒ်မ ၃၀ အရ အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်မဟုတ်လျှင်

အနုညာတဆုံးဖြတ်ချက်၌ ဆုံးဖြတ်ရာတွင် အခြေခံသော အကြောင်းပြချက်များကို ဖော်ပြရမည်။

(ဃ) အနုညာတဆုံးဖြတ်ချက်တွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့စွဲနှင့် ပုဒ်မ ၂၀ နှင့်အညီ သတ်မှတ်ထားသည့် အနုညာတစီရင်ဆုံးဖြတ်ရာ ဒေသကို ဖော်ပြရမည်။ အနုညာတဆုံးဖြတ်ချက်ကို ထိုဒေသတွင် ဆုံးဖြတ်သည်ဟု မှတ်ယူရမည်။

(င) အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် လက်မှတ်ရေးထိုးထားသော မိတ္တူတစ်စောင်စီကို အငြင်းပွားသူအသီးသီးထံ ပေးပို့ရမည်။

(စ) အငြင်းပွားသူများကအခြားနည်းသဘောတူညီထားခြင်းမရှိလျှင် -

(၁) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်ကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(၂) အနုညာတခုံရုံးသည် အောက်ပါအချက်တို့ကို သတ်မှတ်ပေးရမည် -

(ကက) ကုန်ကျစရိတ်ကို ရထိုက်ခွင့်ရှိသော အငြင်းပွားသူ၊

(ခခ) ကုန်ကျစရိတ်ကို ပေးဆောင်ရမည့် အငြင်းပွားသူ၊

(ဂဂ) ကုန်ကျစရိတ်ပမာဏနှင့် တွက်ချက်သည့်နည်းလမ်း၊

(ဃဃ) ကုန်ကျစရိတ်ကို ပေးဆောင်ရမည့် နည်းလမ်း။

ရှင်းလင်းချက်။

ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော 'ကုန်ကျစရိတ်' ဆိုသည်တွင် အောက်ပါကိစ္စများနှင့် ပတ်သက်၍ သင့်လျော်သည့် ကုန်ကျစရိတ်ငွေကို ဆိုလိုသည် -

(၁) ခုံသမာဓိနှင့် သက်သေများအတွက် အခကြေးငွေများနှင့်စရိတ်ငွေများ၊

(၂) ရှေ့နေအတွက် အခကြေးငွေများနှင့် စရိတ်ငွေများ၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်သော အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအတွက် အခကြေးငွေများ၊

(၄) အနုညာတစီရင်ဆုံးဖြတ်မှု၊ အနုညာတဆုံးဖြတ်ချက်တို့နှင့် ဆက်စပ်ကုန်ကျသည့် အခြားစရိတ်ငွေများ။

၃၂။ (က) အနုညာတစီရင်ဆုံးဖြတ်မှုသည် အပြီးသတ် အနုညာတစီရင်ဆုံးဖြတ်ချက် ချမှတ်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ အနုညာတခုံရုံးက အမိန့်ချမှတ်လျှင်ဖြစ်စေ ပြီးဆုံးစေရမည်။

(ခ) အနုညာတခုံရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံးကြောင်း အမိန့်တစ်ရပ် ချမှတ်ရမည် -

(၁) တောင်းဆိုသူက ၎င်း၏တောင်းဆိုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထိုသို့ရုပ်သိမ်းရာတွင် တောင်းဆိုခံရသူက ထိုသို့အမိန့်ချမှတ်ခြင်းကို ကန့်ကွက်ခြင်း မရှိစေရ။ ထို့အပြင် အငြင်းပွားမှုကို နောက်ဆုံးပြေငြိမ်းပြီးပြတ်ရာတွင် ရရှိနိုင်သော တောင်းဆိုခံရသူ၏ ဥပဒေအရ အကျိုးခံစားခွင့်ကို အနုညာတခုံရုံးက အသိအမှတ် ပြုထားခြင်း မရှိစေရ။

(၂) အငြင်းပွားသူများက အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံးရန် သဘောတူညီကြခြင်း၊ သို့မဟုတ်

(၃) အခြားအကြောင်းပြချက် တစ်ရပ်ရပ်ကြောင့် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အနုညာတခုံရုံးက တွေ့ရှိခြင်း။

(ဂ) ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပုဒ်မခွဲ(ဃ)တို့အရ အနုညာတစီရင်ဆုံးဖြတ်မှုပြီးဆုံးလျှင် အနုညာတခုံရုံး၏ လုပ်ပိုင်ခွင့်သည်လည်း ရပ်စဲပြီးဖြစ်သည်။

၃၃။ (က) အငြင်းပွားသူများက အခြားကာလတစ်ခုကို သဘောတူသတ်မှတ်ထားခြင်း မရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း -

(၁) အငြင်းပွားသူတစ်ဦးသည် တွက်ချက်မှုအမှားအယွင်း၊ စာရေးသားမှု အမှားအယွင်း သို့မဟုတ် စာပုံနှိပ်မှုအမှားအယွင်း သို့မဟုတ် အလားတူ သဘောသဘာဝရှိသော အမှားအယွင်းတစ်ခုခုကို ပြင်ဆင်ပေးရန် အခြားအငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(၂) အငြင်းပွားသူများက သဘောတူညီကြလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ပါ သီးခြားအချက်တစ်ရပ် သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်အတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် အခြား အငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတ ခုံရုံးက ယူဆလျှင် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အမှားပြင်ဆင်ပေးရမည် သို့မဟုတ် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရမည်။ ထိုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အနုညာတဆုံးဖြတ်ချက် ၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော အမှားအယွင်းများကို အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိသဘောအလျောက် ပြင်ဆင်နိုင်သည်။

(ဃ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခြားအငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတစီရင်ဆုံးဖြတ်မှုတွင် တင်ပြခဲ့သော်လည်း အနုညာတဆုံးဖြတ်ချက်၌ ချန်လှပ်ထားခဲ့သော တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲဆုံးဖြတ်ချက် ချမှတ်ပေးရန် အနုညာတခုံရုံးထံ လျှောက်ထား တောင်းဆိုနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတ ခုံရုံးက ယူဆလျှင် အနုညာတခုံရုံးသည် အဆိုပါလျှောက်ထားမှုကို လက်ခံ ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း နောက်ဆက်တွဲ အနုညာတဆုံးဖြတ် ချက်ကို ချမှတ်ပေးရမည်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

(စ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) သို့မဟုတ် (င) အရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ပြုလုပ်ရန် အချိန်ကာလ သတ်မှတ်ချက်ကို လိုအပ်လျှင် တိုးမြှင့်နိုင်သည်။

(ဆ) ပုဒ်မ ၃၁ သည် ဤပုဒ်မအရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းတို့နှင့်သက်ဆိုင်စေရမည်။

အခန်း (၈)
အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူခြင်း

၃၄။ (က) အနုညာတဆုံးဖြတ်ချက်ကို မကျေနပ်၍ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန် လျှောက်ထားရာတွင် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဖြင့်သာ ပြုလုပ်ရမည်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်မှသာ အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည် -

(၁) လျှောက်ထားသော အငြင်းပွားသူက အောက်ပါအတိုင်း သက်သေပြသနိုင်ခြင်း -

(ကက) အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူတစ်ဦးသည် မစွမ်းဆောင်နိုင်သော အခြေအနေသို့ ရောက်ရှိနေကြောင်း၊

(ခခ) အနုညာတသဘောတူညီချက်နှင့် စပ်လျဉ်း၍ အငြင်းပွားသူများက လိုက်နာရမည့်ဥပဒေအရဖြစ်စေ၊ ထိုသို့လိုက်နာရမည့်ဥပဒေမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရဖြစ်စေ အဆိုပါအနုညာတသဘော တူညီချက်သည် တရားမဝင်ကြောင်း၊

(ဂဂ) လျှောက်ထားသော အငြင်းပွားသူအား ခုံသမာဓိခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုကို နည်းလမ်းတကျ အကြောင်းမကြားခဲ့ကြောင်း သို့မဟုတ် အခြားတစ်နည်းနည်းကြောင့် ၎င်း၏အမှုကို ရင်ဆိုင်ဖြေရှင်းခွင့် မရခဲ့ကြောင်း၊

(ဃဃ) အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များအတိုင်း စဉ်းစားသုံးသပ်မှုမပြုလုပ်ခဲ့သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသော အငြင်းပွားမှုနှင့် ပတ်သက်နေကြောင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များပါဝင်နေကြောင်း၊ သို့ရာတွင် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များအထဲမှ အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်မှုပါဝင်သော အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။

(ငင) အနုညာတခုံရုံး ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတဆုံးဖြတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူများ၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိကြောင်း၊ သို့ရာတွင် အဆိုပါသဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့်မရှိသော ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရ။

သို့မဟုတ်

ထိုသို့သဘောတူညီချက် မရှိပါက အနုညာတခုံရုံး ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတဆုံးဖြတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိကြောင်း။

(၂) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိခြင်း -

(ကက) အငြင်းပွားမှု၏ အဓိကအကြောင်းခြင်းရာသည် တည်ဆဲဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းနိုင်ရန် မဖြစ်နိုင်ကြောင်း၊ သို့မဟုတ်

(ခခ) အနုညာတဆုံးဖြတ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲကြောင်း။

ရှင်းလင်းချက်

အထက်ပုဒ်မခွဲငယ် (ခခ) ပါ ယေဘုယျသဘောကို မထိခိုက်စေဘဲ သံသယဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ ရယူထားသော အနုညာတဆုံးဖြတ်ချက်၊ အဂတိလိုက်စား၍ ဆုံးဖြတ်ထားသော အနုညာတဆုံးဖြတ်ချက်နှင့် သဘာဝတရားမျှတမှု ဥပဒေကိုချိုးဖောက်၍ ဆုံးဖြတ်ထားပြီး အငြင်းပွားသူ၏ အခွင့်အရေးကို ထိခိုက်စေသော အနုညာတဆုံးဖြတ်ချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာ မူဝါဒနှင့် ဆန့်ကျင်သော အနုညာတဆုံးဖြတ်ချက်ဖြစ်သည် ။

(ဂ) လျှောက်ထားသော အငြင်းပွားသူက အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက်မှ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း မပြုရ။ သို့မဟုတ် ပုဒ်မ ၃၃ အရ လျှောက်ထားလျှင် လျှောက်ထားမှုကို အနုညာတခုံရုံးက ဆောင်ရွက်ပြီးသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက်မှ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမပြုရ။

(ဃ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုကို လက်ခံရရှိလျှင် တရားရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုသည့်အပြင် သင့်လျော်သည်ဟု ယူဆပါက လျှောက်ထားမှုကို တရားရုံးက သတ်မှတ်သည့်ကာလသို့ ရွှေ့ဆိုင်းရမည်။ ထိုသို့ရွှေ့ဆိုင်းခြင်းမှာ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်မှုကို ပြန်လည်ဆောင်ရွက်နိုင်ရန် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်စေမည့် အကြောင်းပြချက်များအား ဖယ်ရှားနိုင်မည်ဟု အနုညာတခုံရုံးက ယူဆသော အခြားအရေးယူဆောင်ရွက်မှု ပြုလုပ်နိုင်ရန်အတွက် ရွှေ့ဆိုင်းခြင်းဖြစ်သည်။

အခန်း (၉)
အနုညာတဆုံးဖြတ်ချက် အပြီးအပြတ်ဖြစ်ခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

၃၅။ အနုညာတဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး၊ အငြင်းပွားသူများနှင့် ၎င်းတို့ကို ဆက်ခံအရေးဆိုသူများအပေါ် စည်းနှောင်မှု ရှိစေရမည်။

၃၆။ ပုဒ်မ ၃၄ အရ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သည့်ကာလ ကုန်ဆုံးသွားသည့်အခါ သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသော်လည်း ငြင်းပယ်ခံရသည့်အခါ အနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်ဘိသကဲ့သို့ တရားမကျင့်ထုံးဥပဒေအရ ဒီကရီကို အတည်ပြုဆောင်ရွက်သည့် နည်းလမ်းအတိုင်း အတည်ပြုဆောင်ရွက်ရမည်။

အခန်း (၁၀)
အယူခံဝင်ခြင်း

၃၇။ (က) အောက်ဖော်ပြပါ တရားရုံးအမိန့်များကို အမိန့်ချမှတ်သည့် တရားရုံး၏ မူလဒီကရီများအပေါ် အယူခံမှုများကို ကြားနာရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၉ အရ နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ငြင်းပယ်သောအမိန့်၊

(၂) ပုဒ်မ ၃၄ အရ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ခ) အောက်ဖော်ပြပါ အနုညာတခုံရုံးအမိန့်များကို တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို လက်ခံသောအမိန့်၊

(၂) ပုဒ်မ ၁၇ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

(ဂ) ဤပုဒ်မအရ တင်သွင်းသည့် အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့် မရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ အယူခံဝင်ရောက်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ သို့မဟုတ် နုတ်ပယ်ခြင်းမရှိစေရ။

အခန်း (၁၁)
နောက်ဆက်တွဲပြဋ္ဌာန်းချက်များ

၃၈။ (က) နောက်ဆက်တွဲ ပထမဇယား၊ ဒုတိယဇယားနှင့် တတိယဇယားတို့တွင် ဖော်ပြထားသော သဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတွင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူတစ်ဦးဦးကိုဖြစ်စေ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ကို စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန် အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသူသည် -

(၁) ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(၂) အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက် မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များ အပါအဝင် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်ဖော်ခြင်း မပြုရ။

၃၉။ အနုညာတဆုံးဖြတ်ချက်တွင် ပေးချေရမည့်ငွေပမာဏကို ဖော်ပြထားသော်လည်း အခြားနည်းညွှန်ပြထားခြင်းမရှိလျှင် တရားရုံးက ငွေဒီကရီတွင် သတ်မှတ်သောအတိုးနှုန်းထားအတိုင်း အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အတိုးပေးစေရမည်။

၄၀။ (က) အနုညာတခုံရုံးသည် ၎င်းခုံရုံးသို့တင်သွင်းသော တောင်းဆိုမှုနှင့်ပတ်သက်၍ ပုဒ်မ ၃၁ ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသော ကုန်ကျစရိတ်အတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်းအာမခံငွေ၏ ပမာဏကို အကြောင်းအားလျော်စွာ သတ်မှတ်နိုင်သည်။

သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန်တောင်းဆိုမှုကို အနုညာတခုံရုံးသို့ တင်သွင်းတောင်းဆိုထားလျှင် အနုညာတခုံရုံးသည် တောင်းဆိုမှုနှင့် အပြန်အလှန်တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အာမခံငွေအတွက် အငြင်းပွားသူများက အညီအမျှပေးဆောင်ရမည်။

သို့ရာတွင် အငြင်းပွားသူတစ်ဦးက အာမခံငွေအတွက် ၎င်းပေးဆောင်ရမည့် အချိုးကျငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖက်အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။

ထို့အပြင် တစ်ဖက်အငြင်းပွားသူကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုအတွက် အထက်ဖော်ပြပါ အချိုးကျငွေကို ပေးဆောင်ခြင်းမရှိပါက အနုညာတခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုနှင့် စပ်လျဉ်းသော အနုညာတစီရင်ဆုံးဖြတ်မှုကို အကြောင်းအားလျော်စွာ ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်မှုကို ရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသော အာမခံငွေနှင့်ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် မသုံးစွဲရသေးသော လက်ကျန်ငွေကို အငြင်းပွားသူထံ အကြောင်းအားလျော်စွာ ပြန်အမ်းရမည်။

၄၁။ (က) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များ၊ အနုညာတသဘောတူညီချက်ပါ ဆန့်ကျင်ကွဲလွဲသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အနုညာတခုံရုံးသည် အနုညာတဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မပေးဆောင်ရသေးသော ကုန်ကျစရိတ်များအတွက် အနုညာတဆုံးဖြတ်ချက်ဆိုင်ရာ အခွင့်အရေး ရှိစေရမည်။

(ခ) အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာ၌ ၎င်းခုံရုံးက တောင်းဆိုသော ကုန်ကျစရိတ်ကိုပေးရန် အချက်မှတစ်ပါး ကျန်ဆုံးဖြတ်ချက်ကို ချမှတ်ရန် ငြင်းဆိုလျှင် ဤကိစ္စအလို့ငှာ လျှောက်ထားပါက တရားရုံးသည် တောင်းခံထားသည့် ကုန်ကျစရိတ်ငွေကို လျှောက်ထားသူက တရားရုံးသို့ ပေးသွင်းသည့်အခါ အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက်ကို လျှောက်ထားသူ အပေါ် ချမှတ်ပေးရန် အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် လိုအပ်လျှင် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် သင့်သည်ထင်က တရားရုံးသို့ ပေးသွင်းထားသောငွေထဲမှ တရားရုံးက သင့်လျော်သည်ဟု ယူဆသော ငွေကို စရိတ်ငွေအဖြစ် အနုညာတခုံရုံးသို့ ထုတ်ပေးစေရန်နှင့် လက်ကျန်ငွေကို လျှောက်ထားသူသို့ ပြန်အမ်းစေရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တောင်းဆိုသောအခကြေးငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတ ခုံရုံးအကြား စာဖြင့်ရေးသားပြုလုပ်ထားသော သဘောတူညီချက် မရှိလျှင် ပုဒ်မခွဲ (ခ) အရ လျှောက်ထားမှုကို အငြင်းပွားသူတစ်ဦးဦးက ပြုလုပ်နိုင်သည်။ အနုညာတခုံရုံးသည် ထိုလျှောက်ထားမှုအတွက် တရားရုံးရှေ့သို့ လာရောက်ခွင့်နှင့် လျှောက်လဲပိုင်ခွင့် ရှိစေရမည်။

(ဃ) အနုညာတစီရင်ဆုံးဖြတ်မှုအတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်တွင် ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ လုံလောက်သောဖော်ပြချက် မပါရှိလျှင် အဆိုပါကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည်ထင်မြင်သော အမိန့်များကို ချမှတ်နိုင်သည်။

၄၂။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော သဘောတူညီသူတစ်ဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခြားသဘောတူညီသူတစ်ဦးနှင့် ပတ်သက်၍သော်လည်းကောင်း အနုညာတသဘောတူညီချက်သည် ရပ်စဲခြင်းမရှိစေရ။ သို့ရာတွင် ထိုသို့ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် အပေါ်ဖြစ်စေ အနုညာတသဘောတူညီချက်ကို အတည်ပြုဆောင်ရွက်ခွင့် ရှိစေရမည်။

(ခ) ခုံသမာဓိတစ်ဦးကို ခန့်ထားသော အငြင်းပွားသူ ကွယ်လွန်ခြင်းကြောင့် ၎င်းခုံသမာဓိ၏ လုပ်ပိုင်ခွင့်သည် ရပ်စဲခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ လူတစ်ဦးကွယ်လွန်ခြင်းကြောင့် တရားစွဲဆို အရေးယူဆောင်ရွက်ပိုင်ခွင့် ရပ်စဲစေရန် ပြဋ္ဌာန်းထားသည့် ဥပဒေ တစ်ရပ်ရပ်၏ အကျိုးသက်ရောက်မှုကို မထိခိုက်စေရ။

၄၃။ (က) လူမွဲအဖြစ်ခံယူထားသူတစ်ဦး ပါဝင်သည့် ပဋိညာဉ်တစ်ရပ်ရပ်တွင် ယင်းပဋိညာဉ်အရ ပေါ်ပေါက်လာသည့် အငြင်းပွားမှု သို့မဟုတ် ယင်းပဋိညာဉ်နှင့် ဆက်နွယ်ပေါ်ပေါက်သည့် အငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်စေရန် တင်သွင်းရမည်ဟု စည်းကမ်းသတ်မှတ်ထားလျှင် အကယ်၍ ပစ္စည်းထိန်းက ထိုပဋိညာဉ်ကိုလက်ခံပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်းသရွေ့ လူမွဲက သို့မဟုတ် လူမွဲအပေါ် အဆိုပါစည်းကမ်းချက်ကို အတည်ပြုဆောင်ရွက်ခွင့် ရှိစေရမည်။

(ခ) အနုညာတသဘောတူညီချက်တွင် ပါဝင်သူတစ်ဦး သို့မဟုတ် ပစ္စည်းထိန်းသည် အောက်ပါအခြေအနေများ ပေါ်ပေါက်သည့်အခါ အနုညာတသဘောတူညီချက်တွင်ပါသည့်အတိုင်း အငြင်းပွားသည့် အကြောင်းအရာအား အနုညာတစီရင်ဆုံးဖြတ်မှု ခံယူစေသည့်အမိန့် ချမှတ်ပေးရန်အတွက် လူမွဲအဖြစ်ခံယူမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသို့ လျှောက်ထားတောင်းဆိုနိုင်သည် -

(၁) လူမွဲအဖြစ်ခံယူထားသူတစ်ဦးသည် လူမွဲအဖြစ်ခံယူမှု မစတင်မီက အနုညာတသဘောတူညီချက်တွင် ပါဝင်သူဖြစ်ခြင်း၊

(၂) အဆိုပါသဘောတူညီချက်နှင့် အကျုံးဝင်သော အကြောင်းအရာတစ်ရပ်ရပ်ကို လူမွဲအဖြစ်ခံယူမှုနှင့် စပ်လျဉ်း၍ သို့မဟုတ် ခံယူမှုအတွက် ဆုံးဖြတ်ပေးရန် တောင်းဆိုခံရခြင်း၊ ထို့ပြင်

(၃) အမှုမှာ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သောအမှုမျိုးမဟုတ်ခြင်း။

တရားရုံးသည် အမှု၏အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ရှု၍ အကြောင်းအရာမှာ အနုညာတစီရင်ဆုံးဖြတ်မှု ခံယူသင့်သည်ဟု ထင်မြင်ယူဆလျှင် ထင်မြင်ယူဆသည့်အတိုင်း အမိန့်တစ်ရပ်ကို ချမှတ်ပေးနိုင်သည်။

(ဂ) ဤပုဒ်မတွင် ဖော်ပြထားသော "ပစ္စည်းထိန်း"ဆိုသော စကားရပ်တွင် ပစ္စည်းထိန်းဝန်လည်း ပါဝင်သည်။

၄၄။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင်ဖော်ပြပါရှိစေကာမူ အနုညာတသဘောတူညီချက်တစ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရ လျှောက်ထားပြီးဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်မှုအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်။ အနုညာတသဘောတူညီချက်နှင့် အနုညာတ စီရင်ဆုံးဖြတ်မှုတို့မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲလျှောက်ထားမှုများကို ထိုတရားရုံး၌သာလျှင် လျှောက်ထားရမည်၊ အခြားမည်သည့်တရားရုံးတွင်မှ လျှောက်ထားခွင့် မရှိစေရ။

၄၅။ (က) ကာလစည်းကမ်းသတ်အက်ဥပဒေသည် တရားရုံးရှိ တရားစီရင်သော မှုခင်းများနှင့် သက်ဆိုင်သကဲ့သို့ အနုညာတစီရင်ဆုံးဖြတ်မှုများနှင့်လည်း သက်ဆိုင်စေရမည်။

(ခ) ဤပုဒ်မနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေအလို့ငှာ ပုဒ်မ ၂၁ တွင် ရည်ညွှန်းသောနေ့မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း စတင်ကြောင်း မှတ်ယူရမည်။

(ဂ) နောင်တွင်ပေါ်ပေါက်မည့် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်မှု ခံယူရန် သဘောတူညီထားသည့် အနုညာတသဘောတူညီချက်တစ်ရပ်တွင် အကယ်၍ သတ်မှတ်ထားသော ကာလအတွင်း အနုညာတစီရင်ဆုံးဖြတ်မှု စတင်သည့် အဆင့်တစ်ဆင့်ကို ဆောင်ရွက်ခြင်းမပြုလျှင် ထိုအနုညာတ သဘောတူညီချက်နှင့်ပတ်သက်၍ တောင်းဆိုချက်ကို ခွင့်မပြုရန် တားမြစ်ပိတ်ပင်ကြောင်း သတ်မှတ်ထားပြီး ထိုအနုညာတ သဘောတူညီချက်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ် ပေါ်ပေါက်လာပါက တရားရုံးသည် တရားမျှတမှု အလို့ငှာ လိုအပ်သော စည်းကမ်းချက်များသတ်မှတ်၍ သင့်သည်ထင်မြင်သော ကာလတစ်ခုသို့ တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ တရားရုံးသည် အမှု၏အခြေအနေအရပ်ရပ်အရ မလျော်သော အခက်အခဲများ တစ်နည်းနည်းဖြင့် ပေါ်ပေါက်လာနိုင်သည်ဟု ထင်မြင်ယူဆပါက အနုညာတ သဘောတူညီချက်တွင် သတ်မှတ်ထားသောကာလမှာ ကုန်ဆုံးသွားစေကာမူ ယင်းစည်းကမ်းသတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

(ဃ) တရားရုံးက အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လျှင် တင်ပြသည့်အငြင်းပွားမှုနှင့် သက်ဆိုင်သည့်အမှု

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

(အနုညာတ စီရင်ဆုံးဖြတ်ခြင်း အပါအဝင်) အတွက် ကာလစည်းကမ်းသတ် အက်ဥပဒေအရ စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်း စတင်သည့်နေ့မှ တရားရုံးက ပယ်ဖျက်သည့်အမိန့်ချမှတ်သည့်နေ့အထိကာလကိုနုတ်ပယ်ရမည်။

အပိုင်း ၂။

အခန်း (၁၂)

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်း

၄၆။ ဤအခန်းတွင် ပါရှိသော 'နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်'ဆိုသည်မှာ နောက်ဆက်တွဲ ပထမဇယား၊ ဒုတိယဇယားနှင့် တတိယဇယားတို့တွင် ဖော်ပြထားသော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် အကျုံးဝင်သက်ဆိုင်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို လိုက်နာဆောင်ရွက်နေစဉ်အတွင်း၊ အဆိုပါ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် စပ်လျဉ်း၍ အပြန်အလှန်လေးစားလိုက်နာမည်ဟု ပြဋ္ဌာန်းချက်များ ပြုလုပ်ထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ကျေနပ်သဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို လိုက်နာသော နယ်မြေဒေသများဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာထားသော နယ်မြေဒေသများထဲမှ နယ်မြေဒေသတစ်ခုခုတွင်၊ ပုဂ္ဂိုလ်များအကြား ပဋိညာဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကူးသန်းရောင်းဝယ်မှုဟု မှတ်ယူနိုင်သော တရားဝင်ဆက်ဆံမှုများ ပြုလုပ်ရာမှ ပေါ်ပေါက်လာသော ကွဲလွဲမှုများအပေါ် အနုညာတဆုံးဖြတ်ချက်ကို ဆိုသည်။

၄၇။ ဤဥပဒေ အပိုင်း (၁) နှင့် တရားမကျင့်ထုံးဥပဒေတွင် မည်သို့ပင်ဖော်ပြပါရှိစေကာမူ လျှောက်ထားသူများက ပုဒ်မ ၄၆ တွင် ရည်ညွှန်းဖော်ပြထားသည့် သဘောတူညီချက်ကို ပြုလုပ်ထားပြီး ထိုသဘောတူညီချက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် တရားရုံးက အရေးယူဆောင်ရွက်သည့်အခါ၊ လျှောက်ထားသူတစ်ဦးဦးက လျှောက်ထားတောင်းဆိုလျှင် သို့မဟုတ် ၎င်းကို ဆက်ခံအရေးဆိုသူတစ်ဦးဦးက လျှောက်ထားတောင်းဆိုလျှင် အဆိုပါ သဘောတူညီချက်မှာ ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်ကို ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း မတွေ့ရှိပါက၊ တရားရုံးသည် အငြင်းပွားသူများကို အနုညာတစီရင်ဆုံးဖြတ်မှု ခံယူစေရန် လွှဲအပ်ရမည်။

၄၈။ ဤအခန်းအရ အတည်ပြုဆောင်ရွက်နိုင်သော နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူများက အားလုံးသောအကြောင်းကိစ္စရပ်များအတွက် လိုက်နာရန် တာဝန်ရှိစေရမည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူတစ်ဦးဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိတရားမှုခင်းများတွင် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ခုခံချေပရာတွင်ဖြစ်စေ၊ ခုနှိမ်ရာတွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အားကိုး အားထားပြုနိုင်သည်။ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ဤအခန်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ရပ်တွင် အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အားကိုးအားထားပြုခြင်းလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

၄၉။ (က) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးရန် လျှောက်ထားသူသည် ထိုသို့လျှောက်ထားသည့်အခါ အောက်ပါအချက်တို့ကို တရားရုံးသို့ တင်ပြရမည် -

(၁) ဆုံးဖြတ်ချက်ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်းအတိုင်း နည်းလမ်းတကျ စစ်မှန်ကြောင်းလက်မှတ်ရေးထိုးထားသည့် အနုညာတဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်၊

(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ်တာဝန်ခံမိတ္တူတစ်စောင်၊

(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေထင်ရှားပြသရန် လိုအပ်သည့် သက်သေခံချက်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ကို နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သောနိုင်ငံ၏ သံအမတ် သို့မဟုတ် ကောင်စစ်ဝန်က မှန်ကန်ကြောင်း တာဝန်ခံလက်မှတ် ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်အား တင်ပြရမည် သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံသည့် မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်အားတင်ပြရမည်။

၅၀။ (က) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက် တစ်ရပ်ရပ်ကို သက်သေပြသနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) ပုဒ်မ ၄၆ တွင် ရည်ညွှန်းဖော်ပြထားသော သဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ မစွမ်းဆောင်နိုင်သောအခြေအနေသို့ ရောက်ရှိနေကြောင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်သည် ၎င်းတို့ကလိုက်နာရမည့် ဥပဒေအရ တရားမဝင်ကြောင်း သို့မဟုတ် ၎င်းတို့လိုက်နာရမည့် ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်း မရှိလျှင် အနုညာတဆုံးဖြတ်ချက် ချမှတ်ရာ နိုင်ငံ၏ ဥပဒေအရ တရားမဝင်ကြောင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားခြင်း ခံရသူအား ခုံသမာဓိခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုကို နည်းလမ်းတကျ အကြောင်းမကြားခဲ့ကြောင်း သို့မဟုတ် အခြား တစ်နည်းနည်းကြောင့် ၎င်း၏အမှုကို ရင်ဆိုင်ဖြေရှင်းခွင့် မရခဲ့ကြောင်း၊

(၃) အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များအတိုင်း စဉ်းစားသုံးသပ်မှု မပြုလုပ်ခဲ့သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသော အငြင်းပွားမှုနှင့်ပတ်သက်နေကြောင်း၊ သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် အကျုံးမဝင်သော ကိစ္စရပ်များ ပါဝင်နေကြောင်း၊
သို့ရာတွင် အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် မလွှဲအပ်သော ကိစ္စရပ်များအပေါ် ချမှတ်သော ဆုံးဖြတ်ချက်များထဲမှ အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် လွှဲအပ်သော ကိစ္စရပ်များအပေါ် ချမှတ်သော ဆုံးဖြတ်ချက်ကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်မှု ခံယူရန် လွှဲအပ်သောကိစ္စရပ်များအပေါ် ချမှတ်သော ဆုံးဖြတ်ချက် ပါဝင်သည့် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို အတည်ပြုဆောင်ရွက်နိုင်သည်။

(၄) အနုညာတခုံရုံးကို ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် လျှောက်ထားသူများ၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိကြောင်း သို့မဟုတ် ထိုကဲ့သို့သော သဘောတူညီချက်မရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာ နိုင်ငံ၏ ဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊

(၅) အနုညာတဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှုမရှိသေးကြောင်း သို့မဟုတ် အနုညာတဆုံးဖြတ်ချက် ချမှတ်ရာ နိုင်ငံတွင် လုပ်ပိုင်ခွင့်ရှိသော သို့မဟုတ် ထိုနိုင်ငံ၏ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာပိုင်က အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ဖြစ်ကြောင်း သို့မဟုတ် ဆိုင်းငံ့ထားကြောင်း၊

(ခ) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့် မရှိကြောင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာ မူဝါဒနှင့် ဆန့်ကျင်ကြောင်း၊

(ဂ) အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်ငံ့ပေးရန် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) တွင် ရည်ညွှန်းသော လုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည်သင့်လျော်သည်ဟု ယူဆပါက အနုညာတဆုံးဖြတ်ချက် အတည်ပြုရန် အမိန့်ချမှတ်ခြင်းကို ရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဖက်အမှုသည်အား သင့်လျော်သည့် အာမခံငွေကို တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

၅၁။ တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ဤအခန်းအရ အတည်ပြုပေးနိုင်ကြောင်း လက်ခံကျေနပ်လျှင် ထိုအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီကဲ့သို့ မှတ်ယူ၍ အတည်ပြုဆောင်ရွက်ရမည်။

၅၂။ (က) အောက်ပါအမိန့်များကို ဥပဒေအရ အခွင့်အာဏာ အပ်နှင်းထားသော တရားရုံး သို့မဟုတ် အဆိုပါအမိန့်အပေါ် အယူခံမှုကို ကြားနာခွင့်ရှိသော တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည် -

(၁) ပုဒ်မ ၄၇ အရ လျှောက်ထားသူများအား အနုညာတဆုံးဖြတ်ချက် ခံယူရေး လွှဲအပ်ရန် ငြင်းပယ်သောအမိန့်၊

(၂) ပုဒ်မ ၅၀ အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်အား အတည်ပြုရန် ငြင်းပယ်သောအမိန့်။

(ခ) ဤပုဒ်မအရ တင်သွင်းသည့် အယူခံမှုတွင် ချမှတ်သောအမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့်မရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်ခွင့်ကို ထိခိုက်ခြင်း မရှိစေရ သို့မဟုတ် နုတ်ပယ်ခြင်းမရှိစေရ။

၅၃။ ဤအခန်းပါ မည်သည့်အချက်ကမျှ ဤအခန်းကို ပြဋ္ဌာန်းခြင်းမရှိသေးမီက နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အတည်ပြုဆောင်ရွက်ခွင့် ရရှိပြီးဖြစ်မည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ၊ ၎င်းအပေါ် အတည်ပြုဆောင်ရွက်ခွင့် ပျက်ပြယ်ပြီးဖြစ်မည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

အခန်း (၁၃)

အထွေထွေ

၅၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်လျှင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ဤဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၅၅။ The Arbitration (Protocol and Convention) Act, 1937 နှင့် The Arbitration Act, 1944 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ထားဝယ်ဆရာအတတ်ပညာ အထူးသင်တန်းဆင်း

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့နယ် နေ့စား၊ လပေး ဆရာ၊ ဆရာမများ ဆရာအတတ်ပညာအထူးသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။ ထို့နောက် ထားဝယ်မြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းမည့် ဆရာ၊ ဆရာမများအား လမ်းညွှန်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးမြင့်သိန်းက သင်တန်းသား/သူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက် မှတ်ပေးအပ်သည်။ သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၂၃ ရက်အထိ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

လယ်ယာများတွင် လယ်ယာလုပ်သားရှားပါးမှုဖြစ်နေ

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်နိုင်ငံခြားတိုင်းပြည်များတွင်အလုပ်လုပ်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ရှိလာခြင်းကြောင့် မြန်မာနိုင်ငံရှိ လယ်သမားများမှာ အလုပ်သမားရှားပါးမှုနှင့် ရင်ဆိုင်နေရသည်။ယခင်က ပင်တိုင်အလုပ်သမားအဖြစ် ငှား၍မရသည့်တိုင် နေ့စားအလုပ်သမားငှားရန်လွယ်ကူသော်လည်း ယခုအခါ နေ့စားအလုပ်သမား ပင်ငှား၍မရကြောင်း လယ်လုပ်ငန်းရှင်များက ပြောသည်။ ထို့ကြောင့် လယ်သမားများသည် နွေရာသီကပင် လယ်မြေများကို ထွန်ယက်၍စပါးစေ့များအခြောက်ကြဲခြင်း၊ မိုးကြိုထွန်ယက်ကြဲပက်ခြင်းဖြင့် အလုပ်သမားရှားပါးမှုပြဿနာကို ဖြေရှင်းနေရကြောင်းသိရသည်။ **အောင်ဆွေ(ရွှေတံတား)**

ကလေးမြို့ တစ်နှစ်ထက်တစ်နှစ်အပူချိန်မြင့်မားလာ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် ချင်းပြည်နယ်အစပ် ချင်းတောင်ခြေရင်းတွင်တည်ရှိသော်လည်း တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားလာကြောင်း ဒေသခံများက ပြောသည်။ ကလေးမြို့တွင် မေလ ပထမပတ်၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့သော်လည်း မေလ ဒုတိယပတ်မှစတင်ကာ အပူချိန်များ ဆက်တိုက် မြင့် တက်လျက်ရှိကြောင်း၊ ယခုနှစ်တွင်ကလေးမြို့ရှိတောတောင်များပြုန်းတီးလာပြီး မြစ်၊ ချောင်းများလည်း ခန်းခြောက်လာကာ ရေဝေရေလွှဲစနစ်များ ပျက်စီးလာကြောင်း၊ ၎င်းနှင့် ဆက်စပ်၍ ရာသီဥတုမှာလည်း ပိုမိုပူပြင်းလာသောကြောင့် သစ်တောများကို ဝိုင်းဝန်းထိန်းသိမ်းသင့်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသူတစ်ဦးက ပြောသည်။ **လင်းလက်ကြယ်စင်**







ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ကျေးလက်ဒေသများသို့ ကွင်းဆင်းကြည့်ရှု

ကျောက်တန်း၊ မေ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင် ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းလှရွှေနှင့် ဦးမျိုးမြင့်၊ ကျောက်တန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း၊ ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး ဦးမောင်မောင်တာနှင့် တံတားမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးသန့်စင်မျိုးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်က ပုတ္တလုပ်ကျေးရွာ၊ စစ်တန်းကျေးရွာနှင့် တမံကြီးကုန်းကျေးရွာများသို့ သွားရောက်၍ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို လှည့်လည်ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ရှေးဦးစွာ ပုတ္တလုပ်ကျေးရွာတွင် တည်ဆောက်ပြီးစီးသွားသည့် ကျေးလက်ဖွံ့ဖြိုးရေး ခွင့်ပြုငွေကျပ် သိန်း ၅၀ နှင့် ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၅၆ သိန်းဖြင့် စုပေါင်းတည်ဆောက်ထားသည့် အကျယ် ၁၀ ပေ၊ အရှည်ပေ ၆၀ နှင့် အမြင့် ၁၆ ပေရှိ သံယက်မ သံပေါင်းကွန်ကရစ် ‘စည်းလုံးညီညွတ်ရေး’ ရွာတွင်းချောင်းကူးတံတားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့မှဆက်လက်၍ စစ်တန်းကျေးရွာသို့ ရောက်ရှိကြပြီး စစ်တန်းကျေးရွာရှိ ‘ချမ်းမြေ့သာယာ’ လမ်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် တမံကြီးကုန်းကျေးရွာနှင့် စစ်တန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်ပေ ၁၃၆၀၊ အကျယ် ၃ ပေ ၂ လက်မရှိ ကွန်ကရစ်လမ်းအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၆၈၉)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဖွင့်ပွဲတစ်ခုအား တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် လူကုန်ကူးမှုဆိုင်ရာ ဆွေးနွေးဟောပြောပွဲပြုလုပ်

ရန်ကုန်၊ မေ ၂၄

လူကုန်ကူးမှုဆိုင်ရာ အခြေခံသိရှိသင့်သည့် အချက်အလက်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းနှင့်ဆက်စပ်သည့် ဟောပြောဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၁၂ ရပ်ကွက်၊ ပုညကာရီဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မှုခင်းကျဆင်းရေးတပ်ဖွဲ့မှ ရဲအုပ်ဝေလွင် ဦးဆောင်တက်ရောက်ပြီး၊ ဖိတ်ကြားထားသော (၉) ရပ်ကွက်၊ (၁၀) ရပ်ကွက်၊ (၁၁) ရပ်ကွက်၊ (၁၂) ရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ရေးအသင်း စသည်တို့မှ တာဝန်ရှိသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

လူကုန်ကူး၊ လူမှောင်ခိုဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်၊ သတိချပ်ရန် ကဏ္ဍအလိုက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ကြိုတင်သိရှိထားသင့်သည်များကို ရဲအုပ်ဝေလွင်က အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့သည်။

ဇင်းဟောပြောပွဲတွင် ရပ်/ကျေးတာဝန်ရှိသူများနှင့် မိဘပြည်သူများအနေဖြင့်အသိပညာကြွယ်ဝစွာ မျက်စိဖွင့်နားစွင့်ကာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကို မသမာသူတို့၏ သားကောင်အဖြစ် ဘဝမဆုံးစေရန် ပူးပေါင်းပါဝင်လက်တွဲသွားရန် လိုအပ်ကြောင်းတို့ကို ထည့်သွင်းဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

မြန်အောင်မြို့နယ်တွင် နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် မဟာဘွဲ့ရများကိုပါခန့်အပ်

မြန်အောင်၊ မေ ၂၄

ယခင်နှစ်က နေ့စားလပေး မူလတန်းပြရာထူးဖြင့် မြန်အောင်မြို့နယ်အတွင်း အမှုထမ်းရန် မဟာဘွဲ့နှင့်သိပ္ပံ၊ ဝိဇ္ဇာဘွဲ့ရများကို ခန့်ထားခဲ့ကြောင်း သိရသည်။ အဆိုပါ ဆရာ၊ ဆရာမများကို ၂၀၁၄ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၂ ရက်ထိ မူလတန်းဆရာအတတ်ပညာ ဘာသာရပ် ၁၃ ခု ကို သင်တန်းနည်းပြ ဆရာ၊ ဆရာမများက မြန်အောင် အ. ထ. ကတွင် တစ်လ သင်တန်းပို့ချခဲ့ကြသည်။

အရည်အချင်းစစ်စာမေးပွဲကို ကျင်းပပြီးသည်နှင့် မေ ၂၂ ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပခဲ့ပြီး သင်တန်းဆင်းပွဲတွင် ခရိုင်လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်မြင့်မြင့်ကြည်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (စီမံဘဏ္ဍာနှင့်မြန်အောင်မြို့နယ်ပညာရေးမှူး ပူးတွဲတာဝန်) ဒေါ်စန်းတင့်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသူ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

မြန်အောင်မြို့နယ်မှ မဟာဘွဲ့ရခြောက်ဦး၊ သိပ္ပံ-ဝိဇ္ဇာဘွဲ့ရ ၂၀ ဦးနှင့် ကြံခင်းမြို့နယ်မှနှစ်ဦး ခန့်ထားခဲ့ရာ စုစုပေါင်း နေ့စားလပေး ဆရာ၊ ဆရာမ ၂၈ ဦးရှိပြီး ၎င်းသင်တန်းတွင် ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း မူလတန်းပြ ဆရာ၊ ဆရာမများ ခန့်ထားရန် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ စစ်ဆေးပြီးဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

သရက်ခရိုင်၊ ကံမမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် ဓမ္မစကူး ဆင့်ပွားသင်တန်းဖွင့်

ကံမ၊ မေ ၂၄

သရက်ခရိုင်၊ ကံမမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် ဓမ္မစကူးဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက ယွန်းကျောင်းပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်ဘက်တောကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစိတြဉာဏက ဩဝါဒကထာမြွက်ကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အတွင်း ဓမ္မစကူးကျောင်းများအတွက် ကံမမြို့နယ်အသင်း (ရန်ကုန်)မှ အမှုဆောင်များစုပေါင်း၍ အလှူငွေ ၁၆ သိန်းနှင့် စေတနာရှင် အလှူရှင်အသီးသီးတို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ကြသော ဆရာ၊ ဆရာမများက သင်တန်းပြီးဆုံးသည့်အခါ မိမိတို့ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ကလေးသူငယ် လူငယ်မောင်မယ်များအား အခြေခံဗုဒ္ဓဘာသာ သင်ခန်းစာများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်၌ ယခုနှစ် မိုးဦးသီးနှံစိုက်ပျိုးရေးတွင် မြေပဲစိုက်ဧက ပိုမိုများပြားလာမည်

နွားထိုးကြီး၊ မေ ၂၄

နွားထိုးကြီး မိုးဦးသီးနှံစိုက်ပျိုးရေးမှာ နှမ်းနှင့်မြေပဲကို အဓိကစိုက်ပျိုးနေကြရာ ယခုနှစ် မြေပဲစိုက်ဧက ပိုမိုများပြား တိုးတက်လာမည်ဟု ထန်းဇင်တောင်ရွာသားတစ်ဦးက ပြောသည်။

မိုးဦးသီးနှံကို မြေပဲနှင့် သီးညှပ်စိုက်လာ၍ နှမ်းတစ်မျိုးတည်း၊ မြေပဲတစ်မျိုးတည်း စိုက်သူနည်းလာကြောင်း၊ မြေပဲသည်ရာသီဥတုဒဏ်ပိုမိုခံနိုင်ခြင်းကြောင့် မြေပဲကိုအားထားစိုက်နေကြကြောင်း၊ ဈေးကွက်တွင်မြေပဲဈေးကောင်းနေသောကြောင့်မြေပဲစိုက်သူပေါ်ပြီး စိုက်ဧကတစ်နှစ်ထက်တစ်နှစ် ပိုများလာကြောင်း၊ ယခုနှစ် နှမ်းစိုက်ရာသီတွင် နှမ်းစိုက်ဧက တစ်သိန်းခွဲကျော်ရှိပြီး မြေပဲစိုက်ဧကမှာလည်း တစ်သောင်းခွဲ၊ နှစ်သောင်းဖြစ်နေကြောင်း ၎င်းကပြောသည်။

ယခုနှစ် မျိုးမြေပဲဈေးပုံမှန်သာရှိပြီး မျိုးမြေပဲတစ်တင်း ၃၅၀၀၊ ၄၀၀၀ကျပ်သာရှိကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အသိပေးကြေညာချက်

M.V. CITY OF MUMBAI

ORIGINAL BILL OF LADING

ဝယ်လိုသည်

ဈေးသည်အသက်

The 1st MYANMAR
E - Commerce Business & Family Trade Fair - 2014
Online Shopping Website ... Online ... Phone နှင့် IT ... Model Show ... Game ... Dancer ...
Home Services Co., Ltd. : 09 42100 5888 , 09 7321 2709 , 01 398575 , 01 398576 , 01 378041

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ကမ္ဘာလှည့်ခရီးသည်များအား ရေနွေးငွေ့စက်ခေါင်းဖြင့် အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန်စိတ်ဝင်စားသောပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်း ပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့်အကျိုးတူ စင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့်ပြည်တွင်းမှပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ရေနွေးငွေ့စက်ခေါင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအား အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ (၁)နှစ်(၁)ကြိမ်စာချုပ်ချုပ်ဆို ငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(စီးပွားရေးဌာန)၊ မြန်မာ့မီးရထားရုံးချုပ်၊နေပြည်တော်ဘူတာကြီးသို့ ၆-၆-၂၀၁၄ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက်အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို(တစ်)စုံလျှင် ကျပ်(၃၀၀၀၀/-)ဖြင့် ၂၃-၅-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၁၁)တိုင်း-ပုဂံ၊ မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၃၉)တို့ထံ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ပဌာန်း+အဘိဓမ္မာ (အခမဲ့)သင်တန်းဖွင့်မည်

သင်တန်းပို့ချမည့်ဆရာ။ ။ ဆရာကြီး ဦးချမ်းသာ(ထားဝယ်)
(အဘိဝံသ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်၊ ဓမ္မစာပေဆုများရှင်)
သင်တန်းပို့ချမည့်နေရာ။ ။
(က) စနေ-ဓမ္မာရုံ၊ ကျွန်းရွှေမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
(ခ) ပစ်တိုင်းထောင်ဓမ္မာရုံ၊ ပေါက်တောဝမီးပွိုင့်အနီး၊ အင်းစိန်မြို့။

သင်တန်းပို့ချမည့်နေ့ရက်/အချိန် (အပတ်စဉ် စနေ/တနင်္ဂနွေနေ့တိုင်း)
(က) သုဝဏ္ဏ - စနေနေ့ နေ့လယ် ၁ နာရီမှ ၄း၃၀ နာရီအထိ
တနင်္ဂနွေနေ့ နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
(ခ) အင်းစိန် - စနေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ
တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီမှ ၄း၃၀ နာရီအထိ

သင်တန်းစတင်မည့်နေ့ရက်/အချိန်
(က) သုဝဏ္ဏ ၃၁-၅-၂၀၁၄ ရက် စနေနေ့ နေ့လည် ၁း၀၀ နာရီ
(ခ) အင်းစိန် ၃၁-၅-၂၀၁၄ ရက် စနေနေ့ နံနက် ၉း၀၀ နာရီ

စုံစမ်းရန်
(က) သုဝဏ္ဏ - ဖုန်း-၀၉-၄၅၀၀ ၅၈၅၀၂၊ ၀၉-၇၃၁၄၇၈၂၅
(ခ) အင်းစိန် - ဖုန်း-၀၉-၄၅၀၀၅၈၅၀၂၊ ၀၉-၂၅၄၁၈၈၁၀၅

အမည်ပြောင်း

ဦးကျော်သန်းဦး၏သား မောင်ကောင်းခန့်ကျော် အလက(၈)ထခွဲ၊ လှိုင်သာယာ သတ္တမတန်း(B)အား ယနေ့မှစ၍ မောင်မြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မြင့်မြတ်ကျော်

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဒုတိယဗိုလ်မှူးကြီးအုန်းဟန်)(ငြိမ်း)-ဒေါ်ငွေငွေဝင်းတို့၏သား
ဒေါက်တာလမိုး (M.B.,B.S)(YGN)
နှင့်
ရန်ကုန်မြို့နေ
(ဒေါက်တာမောင်မောင်အေး)(မေ့ဆေး)-ဒေါ်တင်တင်ရီတို့၏သမီးငယ်
ဒေါက်တာမြတ်နိုးအေး (M.B.,B.S)(YGN)

တို့၏ San Francisco မြို့ မြို့တော်ခန်းမတွင် ပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲနှင့် ၁၆-၂-၂၀၁၄ ရက် Singapore မြို့တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲတို့တွင် အဘက်ဘက်မှ ကြွရောက်ကူညီပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေများ၊ ဆွေမျိုးများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း အစစအရာရာ ကူညီဆောင်ရွက်ပေးကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာလမိုး-ဒေါက်တာမြတ်နိုးအေး

အမည်ပြောင်း

အဖ ဦးရန်လင်း၏သား ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် အထက(၂)၊ စတုတ္ထတန်း (A)မှ မောင်ဉာဏ်လင်းထက်အား မောင်သီဟရဲထွဋ်၊ လင်းလက်သိရိအား ထူးလဲ့ရွှေရည်ဟုလည်းကောင်း၊ နှင်းရွှေလင်းအိမ်အား ရှင်းသန့်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

အာစရိယပူဇော်ပွဲဖိတ်ကြား

ရန်ကုန်တက္ကသိုလ်(ပင်မ) ၂၀၀၁-၂၀၀၂ ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှုဒါန်းနိုင်ရန် - သန်းစိုးအောင် Ph:43115305
- အေးနိုင် Ph:5148164
- စည်သူကျော် Ph:5139423
- ငွေငွေ Ph:450050798

အချိန် - ညနေ ၅း၀၀ နာရီမှ ၁၀း၀၀ နာရီထိ
နေ့ရက် - ၁-၆-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
နေရာ - M3 Food Center
အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားဝင်းအတွင်း

မိတ်ကပ်ခင်စန်းဝင်း

(မိတ်ကပ်နှင့် ဆံထုံးသင်တန်း)

သင်တန်းချိန် း း နံနက်(၁၀)နာရီမှ ညနေ(၃)နာရီအထိ
သင်တန်းကာလ း း ဇွန် (၈) ရက်နေ့စမည်
သင်တန်းဖွင့်ရက် း း တနင်္လာ မှ သောကြာ
ဆက်သွယ်ရန်ဖုန်း း း ၀၁ ၃၈၃၇၇၈၉၊ ၀၁ ၃၈၈၅၈၉

အမည်ပြောင်း

လှည်းကူးမြို့နယ် အထက(၁) ပဥ္စမတန်းအောင် ဆဌမတန်းမှ အဖ ဦးဇော်ထွန်း၏သား မောင်ဇင်လင်းထက်အား မောင်ဖုံလင်းပိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဖုံလင်းပိုင်

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ကျွန်တော်၏ ဖခင်အမည် မဟာမတ်အမာနူလာ မှတ်ပုံတင်အမှတ် AK 017736 အား မဟာမတ်အမာနူလာ(ခ)ဦးမင်းမောင် ဟူ၍ ဖြည့်စွက်ခေါ်ဆိုပါရန်။
ဦးရွှေမောင်[၁၂/မဂတ(နိုင်)၁၀၆၈၃၈]

အမည်ပြောင်း

ဦးသန်းထွန်း၏သမီးဖြစ်သူ ရန်ကုန်မြို့ အမက(၁)ဗဟန်း Grade 1 (စံပယ်)၌ သင်ယူအောင်မြင်ခဲ့သော မခင်စန္ဒီထွန်းအား ယနေ့မှစ၍ မခင်စန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မခင်စန္ဒာထွန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (ပေါင်းလောင်း/လှော်ကား)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	D.D.P
(က)	10/DHPI/Geology Spare/2014-2015	Spare Parts for Geological Machinery	1 Lot	ပေါင်းလောင်း
(ခ)	11/DHPI/H-Beam/2014-2015	H-Beam 200mm×102mm× 9 mm ×11.4mm(L-12m)	200 Tons	လှော်ကား
(ဂ)	11/DHPI/H-Beam/2014-2015	H-Beam 150mm×150mm× 7 mm×10 mm(L-12m)	715 Tons	လှော်ကား

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၄-၆-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၀/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ/မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-012(14-15)	10"ERW Steel Line Pipe(20 Miles) (API 5L, Grade X 42,3 LPE Coated)	US$
(၂)	IFB-013(14-15)	14" ERW Steel Line Pipe (33 Miles) (API 5L, Grade X 42,3 LPE Coated)	US$
(၃)	IFB-014(14-15)	Pipe Lifting & Aligning Equipments	US$
(၄)	IFB-015(14-15)	Spares for Jumbo Tube & Storade Cascade For CNG Stations	US$
(၅)	IFB-016(14-15)	Spares for ZJ 70L Drilling Rig Control Pannel	US$
(၆)	IFB-017(14-15)	Engine Spares for 30 Ton Mack Truck	US$
(၇)	IFB-018(14-15)	Spares for Mack Truck	US$
(၈)	DMP/L-006(14-15)	Tyre Assorted Size(8) Items	Kyats
(၉)	DMP/L-007(14-15)	12V 21Plate, 12V 17 Plate & 12V 13 Plate Battery	Kyats

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(8D/8439)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က. ည. န၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆-အရှေ့၊ မြေကွက်အမှတ်-၈၅၂၊ မြေကွက်တည်နေရာအမှတ်-၈၅၂၊ ဝေဇယန္တာ(၁၆)အရှေ့လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသိန်းထွန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း(ဖခင်)နှင့် ဒေါ်ထွေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဦးလှဦး[၁၂/သကတ(နိုင်)၁၁၄၄၁၃]၊ (၂)ဦးလှထူး[၁၂/သကတ(နိုင်)၀၂၉၆၅၇]၊ (၃)ဦးဝင်းစိုး[၁၂/သကတ(နိုင်)၀၁၉၇၈၂]၊ (၄)ဒေါ်မျိုးရီ[၁၂/သကတ(နိုင်)၀၂၉၇၇၅]၊ (၅)ဒေါ်စိုးရီ[၁၂/သကတ(နိုင်)၀၁၂၇၈၃]၊ (၆)ဒေါ်သီတာဆွေ[၁၂/သကတ(နိုင်)၁၁၄၄၀၀]၊ (၇)ဒေါ်စုစုထွေး[၁၂/သကတ(နိုင်)၁၄၀၅၁၅]တို့ မွေးဖွားခဲ့ပြီး အမှတ်စဉ်(၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၇၁/၂၀၁၄)ရသူ သားတစ်ဦးဖြစ်သူ ဦးဝင်းစိုးမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၆၈၅)၊ နွယ်သာကီ(၁)လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၆၈၅)၊ ဧရိယာ(၀. ၀၆၇)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ဦးသန်းထွန်း(AA-၀၅၅၅၆၇)အမည်ပေါက် ဖြစ်ပါသည်။ မြေအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်အိသဉ္ဇာမိုး[၁၂/ရကန(နိုင်)၀၆၉၃၀၀]ထံမှ အထက်ဖော်ပြပါ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) — **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ — **အထက်တန်းရှေ့နေ**
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ခြံအမှတ်(၂၁၈/D)၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၈/ခ)၊ မြေကွက်အမှတ်(၁/ခ၊ ၁၀/A)နှင့် ဧရိယာ(၀. ၁၂၅)ဧကကျယ်ဝန်းသော မြေပိုင်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်နှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန်လက်ရှိပိုင်ရှင် ဦးမောင်မောင်ကြီး[၁၂/စခန(နိုင်)၀၁၂၁၉၁]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ် စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ အထက်ပါအိမ်နှင့်မြေကို ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅၄) — **ဦးသိန်းညွှန့်**
B.Sc,DA,HGP,R.L,DBL,DML,DIL — **BA,HGP,R.L,DBL,DML,DIL**
ဒေါ်ချောချောအေး LL.B(စဉ်-၂၇၄၆၇) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B(စဉ်-၂၇၈၆၀) — **အမှတ်(၁၁၈-၁၂၀)၊ပထမထပ်(ယာ)၊**
အထက်တန်းရှေ့နေများ — **မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၀၀၅၂၅၅ — **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးမြင့်ရှိန်(ညောင်လေးပင်)
အသက်(၆၀)

ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ လမ်းသစ်လမ်းနေ(ဦးမောင်ကြည်-ဒေါ်ရင်မေ) တို့၏သား သည် ၂၀-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့(ညောင်လေးပင်မြို့နယ်အသင်း)ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)
(BC.3592)
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
တရားသူကြီးချုပ်ဥက္ကဋ္ဌ(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)
အသက်(၈၉)နှစ်

ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဦးအေးအောင် (မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါ်ခင်မာကြည်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်မှူးကြီးသူရ အောင်ဖေ(ငြိမ်း)သည် ၁၉-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Prof. မြတ်သူ၊ Prof. အေးထွန်း၊ Prof. ခင်ဇော်၊ Prof. အေးမွန်၊
Dr. လွင်တင်အေး၊ Dr. ကိုကို၊ Dr. အောင်ချိုမြင့်၊
Dr. အောင်စန်း၊ Dr. ကျော်စိုး၊ Dr. မြတ်စိုး၊ Dr. ကြည်သန်းဦး၊
Dr. ထင်ကျော်၊ Dr. ဆန်းလွင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမေအေးသန်း
အသက်(၅၉)နှစ်
ဒုတိယညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန
(အောက်မြန်မာပြည်)

ဒေါက်တာမေအေးသန်းသည် ၂၀-၅-၂၀၁၄ရက်၊ နံနက် ၁၁း၅၀နာရီ တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူးနှင့်ဆရာ/ဆရာမများ၊ဝန်ထမ်းများ
ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ Dr.ငွေးလှိုင်စိုး[ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ငြိမ်း] ကွယ်လွန်ကြောင်း ကြားသိရ၍ ကြေကွဲရပါသည်။

ရောဂါဗေဒဆရာဝန်များအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာငွေးလှိုင်စိုး (ယခင်ပါမောက္ခ၊ ဌာနမှူး၊ ရောဂါ ဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၂၁-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်မကွေး
ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်မကွေး

အထူးဝမ်းနည်းကြေကွဲခြင်း
Dr. ဒေါ်မေအေးသန်း
အသက်(၅၉)နှစ်

ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးဝါးဗေဒဘာသာရပ်၊ ဘွဲ့လွန်သင်ကြားရေးအဖွဲ့ဝင် Dr.ဒေါ်မေအေးသန်း(ဒုတိယညွှန်ကြားရေးမှူး) ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အသက်(၅၉)နှစ်သည် ၂၀-၅-၂၀၁၄ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဌာနမှူး၊ ဆရာ၊ ဆရာမများနှင့်
ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ
ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်

(၁)နှစ်ပြည့် ရည်စူးကုသိုလ်အမျှပေးဝေခြင်း

ကျေးဇူးရှင် ဖခင်ကြီး အကော်ဒီယံဦးအုန်းကျော် မိသားစုနှင့် ထာဝရ ခွဲခွာခဲ့သည့် ၂၅-၅-၂၀၁၄ရက် တစ်နှစ်ပြည့်သော နေ့တွင် ဖခင်ကြီးအားရည်စူး၍ သံဃာတော်များအား လှူဖွယ် ဝတ္ထုအစုစုနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသော ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါသည်။ ကောင်းရာဘုံဘဝမှ သာဓုအနု မောဒနာ ခေါ်နိုင်ပါစေ။

ချစ်ဇနီး-ဒေါ်စောရီ
သား၊ သမီးများနှင့် မြေးများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)
အသက်(၈၉)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ(၁)၊ ပါမောက္ခဒေါက်တာ အေးအောင်၏ ဖခင် ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း) အသက်(၈၉)နှစ်သည် ၁၉-၅-၂၀၁၄ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာငွေးလှိုင်စိုးပါမောက္ခ(ငြိမ်း) ရောဂါ ဗေဒဌာန(ဆေးတက္ကသိုလ်-၂)အသက်(၅၉)နှစ်သည် ၂၁-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာစိုးအောင်
ဒေါက်တာကေခိုင်ထွန်း(အင်္ဂလန်နိုင်ငံ)

အထူးဝမ်းနည်းကြေကွဲခြင်း
Dr. ဒေါ်မေအေးသန်း
အသက်(၅၉)နှစ်

မကွေးဆေးတက္ကသိုလ်၊ ဆေးဝါးဗေဒဘာသာရပ်၊ ဘွဲ့လွန်သင်ကြားရေး အဖွဲ့ဝင် Dr. ဒေါ်မေအေးသန်း(ဒုတိယညွှန်ကြားရေးမှူး) ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အသက်(၅၉)နှစ်သည် ၂၀-၅-၂၀၁၄ရက်တွင်ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရ ပါသည်။

ပါမောက္ခဌာနမှူး၊ ဆရာ၊ ဆရာမများနှင့်
ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ
ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းသန်း
(B.Sc-Geology 1973)
အသက်(၆၃)နှစ်

ဗိုလ်မှူးဗညားဦး(ငြိမ်း)၊ မမေမွန်လတ်(အမက-မှူ/လွန်၊ဝန်လေး၀)ဗိုလ်မှူး စိုးညီဆွေ(ခ)စည်သူစိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်သိန်းသိန်းလွင်၏ ချစ်လှစွာ သောခင်ပွန်း ဦးအုန်းသန်းသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

လမင်းတစ်ရာကုမ္ပဏီလီမိတက် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းသန်း
(B.Sc-Geology 1973)
အသက်(၆၃)နှစ်

ဗိုလ်မှူးဗညားဦး(ငြိမ်း)၊ မမေမွန်လတ်(အမက-မှူ/လွန်၊ဝန်လေး၀)ဗိုလ်မှူး စိုးညီဆွေ(ခ)စည်သူစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သိန်းသိန်းလွင်၏ ချစ်လှစွာ သော ခင်ပွန်း ဦးအုန်းသန်းသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၃၊ ဘူမိဗေဒ ကျောင်းနေဖက်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)
BC-3592
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ တရားသူကြီး(ငြိမ်း)
နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)
အသက်(၈၉)နှစ်

ပါမောက္ခဒေါက်တာဦးအေးအောင်(သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်)(Chairperson of International relation ; MMA OG Society)-ဒေါ်ခင်မာကြည်ဝင်း ၏ဖခင် ဗိုလ်မှူးကြီး သူရအောင်ဖေ(ငြိမ်း)သည် ၁၉-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဌာနမှူး၊ ပါမောက္ခများနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်များ
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဇော်နိုင်ဦး၏ ဖခင် ဦးကျော်ဦး(မြိုင်) အမှုဆောင်ဒါရိုက်တာ-ငြိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသက်(၈၅)နှစ်သည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုကြံအောင်နှင့်
EC မှသူငယ်ချင်းများ ၁၉၈၅

ကျေးဇူးတင်လွှာ

၂၃-၅-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးသွားသော အမျိုးသားဒီမို ကရေစီအင်အားစု ပါတီခေါင်းဆောင် ဒေါက်တာသန်းငြိမ်း၏ရျာပနကို လိုက်ပါပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နိုင်ငံရေးပါတီ အသီးသီးမှ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံရေးလုပ်ကိုင်လာသည့် ခရီးတစ်လျှောက် အတူတကွလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၊ ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့၍ နှစ်သိမ့်မှုပေးခဲ့ကြသော အဖွဲ့အစည်း လူပုဂ္ဂိုလ်အသီးသီးနှင့် မကျန်းမာစဉ်အစစအရာရာ အကူအညီပေးခဲ့သော ပင်လုံဆေးရုံမှ ဒေါက်တာဦးဇော်ထွန်းနှင့်ဇနီးဒေါက်တာဒေါ်ငွေးငွေးကြည်၊ ဝိုင်းဝန်းစောင့်ရှောက်ကုသပေးခဲ့သော ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီးများ၊ ဆရာဝန်များ ၊ သူနာပြုများ၊ ဆေးရုံအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆေးရုံတက်ရောက်ကုသနေချိန်တွင် ကိုယ်တိုင်လာရောက်မေးမြန်း အားပေး စကားပြောကြားခဲ့ကြသူများနှင့် ကွယ်လွန်ပြီးနောက် ဆေးရုံမှ ရေဝေးသို့ဂူရ တစိုက်သယ်ယူပို့ဆောင်ပေးခဲ့သော နာရေးကူညီမှုအသင်း(ရန်ကုန်)တို့အား ကွယ်လွန်သူ ဒေါက်တာသန်းငြိမ်း၏မိသားစုဝင်များက ကျေးဇူးအထူးတင်ရှိ ပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ Dr.ငွေးလှိုင်စိုး[ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ငြိမ်း] ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ကြေကွဲရပါသည်။

ပါမောက္ခ Dr. မြင့်မြင့်ငြိမ်း
ပါမောက္ခ/ဌာနမှူး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)နှင့်
မြောက်ဥက္ကလာပဆေးရုံကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ညွန့်ဝင်း
အသက်(၇၂)နှစ်

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအောင်ကြည် ၏ဇနီး ဒေါ်ညွန့်ညွန့်ဝင်း အသက်(၇၂)နှစ်သည် ၂၁-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၅ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
ကြေးတိုင်နှင့် မြေစာရင်းမိသားစု
လူမှုရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာငွေးလှိုင်စိုး
အသက်(၅၉)နှစ်

ရောဂါဗေဒအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ငွေးလှိုင်စိုးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၁-၅-၂၀၁၄ရက် မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

Batch-5/94-2001
ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မှ
ကျောင်းသား၊ ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာငွေးလှိုင်စိုး
အသက်(၅၉)နှစ်

ရောဂါဗေဒအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ငွေးလှိုင်စိုးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး တွင် ၂၁-၅-၂၀၁၄ရက် မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Dr.သီတာအေး၊ Dr.ခင်မောင်အေး-Dr.ဝင်းပပ
Dr.စောရန်နိုင်-Dr.စုစုထွန်း၊ Dr.စောဝင်းမြင့်၊
Dr.စမ်းယုမွန်-Dr.သိန်းငွေးဦး၊ Dr.ဖြိုးသန်းထူး

ပြည်သူများ၏ စားဝတ်နေရေးသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍပေါ်၌ တည်မှီနေ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ပြည်သူများ၏ စားဝတ်နေရေးသည်လည်း လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍပေါ်၌ တည်မှီနေပါကြောင်း၊ နိုင်ငံတော်၏ ထုတ်ကုန်တန်ဖိုး (GDP) ၃၀ ရာခိုင်နှုန်းခန့်သည် ၎င်းကဏ္ဍများမှဖြစ်ပါကြောင်း၊ နိုင်ငံပို့ကုန်တန်ဖိုး၏ ၄၀ ရာခိုင်နှုန်းခန့်သည်လည်း လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍပေါ်မှဖြစ်ပါကြောင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍသည် မြန်မာနိုင်ငံအတွက် မည်မျှအရေးပါသည်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရန်ကုန်(လှိုင်သာယာ)-ညောင်တုန်း-ဇလွန်-ဟင်္သာတရထားလမ်း၏ ပထမဦးဆုံး လူစီး၊ ကုန်တင်ရထားတွဲဆိုင်းသစ် စတင်ပြေးဆွဲ

သတင်း » စိုးဝင်း(MLA)
ဓာတ်ပုံ » ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအား ရထားလမ်းပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ပေးလိုက်သော ရန်ကုန်(လှိုင်သာယာ)-ညောင်တုန်း-ဇလွန်-ဟင်္သာတ ရထားလမ်း၏ ပထမဦးဆုံး လူစီး၊ ကုန်တင်ရထားတွဲဆိုင်းသစ်အား ယနေ့မွန်းတည့် ၁၂ နာရီက စတင်ပြေးဆွဲလိုက်ပြီဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

မြန်မာစတော့ရှယ်ယာဈေးကွက်အစီအစဉ် နှောင့်နှေးသွားရခြင်းအကြောင်းရင်း

ကျော်သဲအိမ်

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ၌ စတော့ရှယ်ယာဈေးကွက်တစ်ခုဖွင့်လှစ်ရန် ဂျပန်က စီစဉ်ထားရှိသော်လည်း သင့်တော်သည့်ဝန်ထမ်းများ ခေါ်ယူစုစည်းရာတွင် လည်းကောင်း၊ အလားအလာရှိသည့်ကုမ္ပဏီရှာဖွေစည်းရုံးရာတွင်လည်းကောင်း အခက်အခဲနှင့် ကြုံတွေ့ရသဖြင့် စတော့ဈေးကွက်ဖွင့်လှစ်ရေး အစီအစဉ်မှာ နှောင့်နှေးသွားခဲ့သည်။

ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် ဒိုင်ဝါအစုရှယ်ယာကုမ္ပဏီသည် ၁၉၉၄ ခုနှစ်က မြန်မာအစိုးရနှင့် စာချွန်လွှာတစ်ရပ် ရေးထိုးရန် ၎င်း၏ အဖွဲ့ဝင်ဖြစ်သော ဒိုင်ဝါသုတေသနသိပ္ပံကို ဦးဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၌ စတော့ရှယ်ယာဈေးကွက်တစ်ခု ဖွင့်လှစ်ရန် စတင်ဆောင်ရွက်ခဲ့သည်။ သုံးနှစ်တာကာလအတွင်း၌ ဒိုင်ဝါသုတေသနသိပ္ပံသည် မြန်မာနိုင်ငံရှိ အစိုးရဘဏ်တစ်ခုနှင့် ပူးတွဲအစုရှယ်ယာကုမ္ပဏီတစ်ခု ထူထောင်ခဲ့သည်။

၂၀၁၀ ခုနှစ်တွင် တိုကျိုစတော့ရှယ်ယာဈေးကွက်သည် မြန်မာနိုင်ငံ၌ စတော့ရှယ်ယာဈေးကွက်ဖွင့်လှစ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် ဒိုင်ဝါကုမ္ပဏီနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဒိုင်ဝါသုတေသနသိပ္ပံမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံတွင် ပေါကြွယ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် လုံ့လဝီရိယရှိသော ပြည်သူများကြောင့် အလားအလာကောင်းများစွာရှိနေကြောင်း ပြောကြားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❐

ယနေ့ မာတိကာ

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားပင်လယ်ပြင် နယ်နိမိတ် အငြင်းပွားမှုဖြေရှင်းနိုင်ကြပြီ — စာမျက်နှာ - ၄

ထိုင်းရဝေနန်းမြေမှာ နိုင်ငံရေးထွက်ရပ်လမ်းရှာ — စာမျက်နှာ - ၅

ရေသန့်ခေတ်ကြီးထဲတွင် ဧရာဝတီမြစ်ရေအား နှစ်ခြိုက်ခုံမင်စွာ သောက်သုံးသူများရှိ — စာမျက်နှာ - ၁၁

မြန်မာ့ဘောလုံးတိုးတက်ဖို့ အခမဲ့ပြကြစို့ — စာမျက်နှာ - ၁၃

ပလောက်မြို့နယ်ခွဲတွင် ၁၂ ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ပလောက် မေ ၂၄

မြိတ်ခရိုင် ပလောက်မြို့နယ်ခွဲ အမှတ်(၃)ရပ်ကွက် မိုင်တိုင်အမှတ် (၇၄/၄)နှင့် (၇၄/၅)အကြား မဒေါချောင်း (ဦးလှိုင်ကြည်)တံတား၌ မေ ၂၃ ရက် နံနက် ၄ နာရီခန့်တွင် ၁၂ ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြိတ်မြို့မှ ရန်ကုန်သို့ ထွက်ခွာလာသော ကွမ်းသီး၊ ငါးခြောက်၊ ကင်းမွန်များတင်ဆောင်လာသည့် ယာဉ်မောင်း နေလင်းထွန်းမောင်းနှင်လာသော YGN 2G 9807 FUSO အမျိုးအစား ၁၂ ဘီးကုန်တင်ယာဉ်သည် ဦးလှိုင်ကြည်တံတားအတက်တွင် တံတားယာဘက် ကွန်ကရစ်လက်ရန်းအား တိုက်မိပြီး ချောင်းနံဘေးသို့ ဘီးချော်၍ တိမ်းမှောက်သွားသည်။

အဆိုပါတံတားမှာ လက်ရန်းအနည်းငယ် ပျက်စီးသွားကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း သိရသည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းနေလင်းထွန်းအား ပလောက်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပလောက် မြန်/ဆက်)

မြန်မာယူ-၁၉နှင့် အာရာဖတ်တို့ ခြေစမ်း

သတင်းနှင့်ဓာတ်ပုံ » ရှိုင်းထက်ဇော်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၁၉ အသင်းနှင့် နိုင်ဂျီးရီးယားနိုင်ငံမှ အပျော်တမ်းကလပ် အာရာဖတ်အသင်းတို့သည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏ လေ့ကျင့်ရေးကွင်း(၁)တွင် ခြေစမ်းကစားခဲ့ရာ မြန်မာယူ-၁၉ အသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၁၉ - ခုနစ်ဂိုး
အာရာဖတ် - တစ်ဂိုး

နိုင်ဂျီးရီးယားအပျော်တမ်း ကလပ်အာရာဖတ်အသင်း၏ မြန်မာနိုင်ငံခြေစမ်းခရီးစဉ်မှာ တတိယမြောက်ပွဲဖြစ်ပြီး ဖွဲ့ကပင်အသင်းကို လေးဂိုးပြတ်၊ နေပြည်တော်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ထားသကဲ့သို့ပင် ယခုပွဲတွင်လည်း မြန်မာယူ-၁၉ အသင်းကို ဂိုးပြတ်ထပ်မံအရှုံးပေးခဲ့ရသည်။

မြန်မာယူ - ၁၉ အသင်းမှာ အာရာဖတ်အသင်းကို ခြေအသာဖြင့် ကစားသွားပြီး ပထမပိုင်းတွင် အောင်သူသွင်းယူသော နှစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာယူ-၁၉ အသင်းကသာ ဖိကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ဟိန်းနေဆန်းက နှစ်ဂိုး၊ မောင်မောင်လွင်၊ နန်းမင်းအောင်၊ လှိုင်မျိုးအောင်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

မဟာကျော်

DTECT

(၁၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ဦးကျော်ဇေယျ(M.D)Kyaw Moe Win Family Co.,LTD and Kyaw Moe Win Travel & Tours Co.,LTDနှင့် **ဒေါ်မိုးမိုးအိ**(M.D- Htun Tauk Media & Advertising and Kyaw Moe Win ပုံနှိပ်တိုက်)တို့၏ ၂၅-၅-၂၀၁၄ရက်တွင် ကျရောက်သော(၁၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား မောင်ဝင်းဖြိုးသန့်၊ ချစ်သမီး မမိုးသက်နွယ်ကျော် (အထက-၂၊ ဗဟန်း)တို့နှင့်အတူ ပြည့်စုံပျော်ရွှင်ချမ်းမြေ့သော နေ့ရက်များစွာကို ပိုမိုပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပို့သလျက်

အထက(၂)၊ ဗိုလ်တထောင်မှ ငယ်သူငယ်ချင်းများ

ဖိုးနိုင်-မီးမီး၊ ကျော်လွင်-မထွေး၊ မောင်မောင်-မေခိုင်၊ ထက်မြက်-ယု၊ ဖိုးထူး-ညို၊ အောင်ဇော်-ဝါလေး၊ သားလေး-မကေ၊ ဝင်းနိုင်ထွန်း-လတ်လတ်၊ မောင်အေး-မြမြဝင်း၊ ကိုညီ-ကြည်ကြည်ခင်၊ လဝီဂွန်း၊ မြတ်ကို၊ မင်းနိုင်၊ သက်ရှည်၊ ညီထွန်း၊ ခိုင်ခိုင်၊ သူသူ၊ မြမြမိုး၊ မသူ၊ အရိမ်း၊ မမကြီး၊ အမွန်၊ မေဝင်းမောင်၊ ခိုင်ခိုင်ထွေး၊ နီလာအောင်၊ အမာချို။

(၁၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ဦးကျော်ဇေယျ(M.D) Kyaw Moe Win Family Co.,LTD and Kyaw Moe Win Travel & Tours Co.,LTD နှင့် **ဒေါ်မိုးမိုးအိ** (M.D- Htun Tauk Media & Advertising and Kyaw Moe Win ပုံနှိပ်တိုက်)တို့၏ ၂၅-၅-၂၀၁၄ရက်တွင် ကျရောက်သော(၁၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား မောင်ဝင်းဖြိုးသန့်၊ ချစ်သမီး မမိုးသက်နွယ်ကျော် (အထက-၂၊ ဗဟန်း)တို့နှင့်အတူ ကျန်းမာပျော်ရွှင်ပြည့်စုံစွာဖြင့် အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သောညီမများ

ကိုမျိုးဇော်ထွန်း-မဖြိုးဖြိုးအိ(Htun Tauk Media and Advertising)

ကိုကျော်ဆန်းဦး-မလင်းလင်းအိ(Htun Tauk Media and Advertising)

ကိုနိုင်မင်းဆွေ-မဝင်းဝင်းအိ(Htun Tauk Media and Advertising)



အမည်မှန်

အဖ ဦးကြည်သန်း[၁၂/သကတ(နိုင်)၀၆၉၃၂၈]၏သမီး မကြည်ကြည်မင်း(ခ)မဖြူဖြူသန်း၏ အမည်မှန်မှာ မကြည်ကြည်မင်းဖြစ်ပါကြောင်း။ **မကြည်ကြည်မင်း**

အမည်ပြောင်း

ပန်းတနော်မြို့၊ အထက၊ ဆဋ္ဌမတန်း(A)မှ အဖ ဦးအောင်ကြိုင်၏သမီး မကြည်လဲ့လဲ့အောင်အား မသော်တာစန်းဟု ပြောင်းလဲခေါ်ပါရန်။ **မသော်တာစန်း**

ယတြာဆရာမ

- ဖြစ်ချင်တာတွေမဖြစ်သေးရင်
- မဖြစ်ချင်တာတွေဘဲဖြစ်နေတယ်ဆိုရင်
-အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။
- ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အထက(ခွဲ) ညောင်ပင်ကွင်းကျောင်း ဒသမတန်းမှ မလွင်မော်ဌေး၏ဖခင်အမည်မှန်မှာ ဦးတင်မောင်လွင် ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်-၃၊အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်း(A)တွင် ပညာသင်ကြားသော အဖ ဦးစန်းနိုင်[၁၂/ခရန(နိုင်)၀၇၉၇၁၆]၊ အမိ ဒေါ်မိုးစန္ဒာတင်တို့၏သား မောင်အောင်အောင်ဦးအား ယနေ့မှစ၍ မောင်အောင်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

သားလေး မောင်အောင်ပြည့်ဖြိုး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနတာဝါအိမ်ရာ၊ တိုက်(၆၆)၊ အခန်း(၈၀၈/A)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးဝင်းအောင်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူဦးထွန်းဇော်(ခ)ဦးအိမ်လျှောင်[၉/မခန(နိုင်)၁၂၁၃၉၉]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၁)နေ
Capt. အောင်မိန် (P.C.L Ltd)+ဒေါ်ရွှေရွှေအုန်း(ရင်သွေးရှင် အထင့်မြင့်မှုကြီး)
တို့၏ သားလတ်

ဒေါက်တာ စည်သူလင်းမောင်
M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ငုလမ်း(တောင်)၊
အမှတ်(စ၅)နေ ဦးမြင့်လှိုင်(MT ခန့်သတ္တုလုပ်ငန်း)+ဒေါ်လှလှအေးတို့၏ သမီးဦး

မခင်မြင့်မြတ်ထူး
B.A (Chinese), Y.U.F.L

တို့၏ ၂၄-၅-၂၀၁၄(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာဆောင်စံပယ်ပန်းကုံးများဆင်မြန်းချီးမြှင့်ပေးပါသော ဦးကျော်တိ (မန်နေဂျင်းဒါရိုက်တာ ချမ်းသာဆောက်လုပ်ရေး) နှင့် ဇနီးဒေါ်မြင့်မြင့်ကြည်၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဗျာဒိတ်ရပုဂ္ဂိုလ်ကြီး ပါမောက္ခဒေါက်တာ ဦးကျော်ညွှန့်နှင့်ဇနီး အရွေရွေ ရောဂါကုသမှုအဖော်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ကြည်ကြည်ရှေ့ တို့အားလည်း ကောင်း၊ မင်္ဂလာပန်းကြဲပေးပါသောမလင်းလဲ့ကြည်၊ မင်္ဂလာဆောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဖန်း ကိုင်ဆောင်ပေးကြသော မစေမြတ်မွန်နှင့် မောင်သူသူထက်၊ သတို့သားအရံ မောင်စိုးရဲထက်နှင့် မောင်ရဲပြည့်နိုင်၊ သတို့သမီးအရံမဖီလိုပ်ကယ် နှင့်မဇေမိုးအိမ်၊ မင်္ဂလာအခမ်း အနားမှူး ဦးသိန်းလှမောင်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မင်္ဂလာတေးဂီတသမားများဖြင့် ဖျော်ဖြေပေး သောဒေါ်ရီရီသန့်မြန်မာ့ တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ကိုးကိုး (Best Make-up Artist Asia Award)နှင့်အဖွဲ့၊ ဒီနိုင်နာမပုံ (My Favourite) ပန်းအလှပြင် မစန်းစန်းဦးတို့ အားလည်းကောင်း၊ ဖိတ်စာ တင်ဓါတ်ပုံဒီဇိုင်းရိုက်ကူးပေးပါသော ဦးအောင်အောင်ညွှန့်နှင့်အဖွဲ့ မင်္ဂလာဖိတ်စာ ဆောင်ရွက်ပေးပါသော Dagon Printion & Invitation Cards အားလည်းကောင်း၊ ယင်းနေ့ညမှာပင် Sedona Hotel (Mindon Hall) တွင် ကျင်း ပခဲ့သော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးသော မချောတေနိုင်ထွန်းအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်း ကောင်း၊ စားသောက် ဖွယ်ရာများနှင့်တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်း ကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း။ ၂၂-၃-၂၀၁၄ရက် စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာမော်ကွန်း တင်လက်မှတ်ရေး ထိုးပွဲ၌ လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီး ဦးမြင့်သန်းထွန်းအားလည်း ကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အသက်အကိုမှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစည်သူလင်းမောင်-မခင်မြင့်မြတ်ထူး

လက်ဆပ်ထိမ်းမြားပြီးစီးခြင်း နှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၂၉၊ ၄၊ ၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်မိမိမော်မင်္ဂလာအသိသက်သေများအဖြစ်လက်မှတ်ရေးထိုးပေးသော ဒေါက်တာချိုလှိုင်နှင့် ဇနီးဒေါ်ခင်မာလှုင်တို့အားလည်းကောင်း၊ ယင်းနေ့တွင် မြို့အမှတ်(၁၈)မြို့ပြည့်(ဝါဒါဝင်) အဆင့်မြင့်အိမ်ရာတွင် ကျင်းပသောမင်္ဂလာဦးဆွမ်းကျွေးပွဲတွင်ကြွရောက်ချီးမြှင့်ပါသောနှစ်ဖက်သော ဆွေမျိုးများအားလည်းကောင်း၊ ၁၁၊ ၅၊ ၂၀၁၄ ရက်တွင် Chatrium Hotel(Grand Ball Room)တွင်ကျင်းပပြုလုပ် သောမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာဆောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ဒေါက်တာသင်စော်စိုး (ကျွဲဝက်ပါမောက္ခ ဖြည့်သူ့ကျန်းမာရေးဆရာ့ဆိုလ်-ရန်ကုန်)နှင့်ဇနီးဒေါ်ချိုချိုလဲ့ညွန့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ဦးစိုးအောင်ချော (အုပ်ချုပ်မှုဒါရိုက်တာ)Max Myanmar Group of Companies နှင့် ဇနီး ဒုတိယဝိုလ်မှူးကြီးလှုအေးလတ် (ပါမောက္ခဌာနမှူး)ဆေးပညာဌာနတပ်မတော်ဆေးတက္ကသိုလ်အား လည်းကောင်း မင်္ဂလာပန်းကြဲ တိုင်ဆောင်ပေးပါသော သမီးငယ်မရွှေရည်ဆော်ဦးမင်္ဂလာပန်းကြဲပေးပါသော မခင်ချော မင်္ဂလာဆောင်စံပယ်ပန်းကုံးကိုင် ဆောင်ပေးသော မအေးသက်မွန် မင်္ဂလာလက်စွပ်ခွန်းကိုင်ဆောင်ပေးသော မရိုရိုဝင်းသတို့သားအရံ ဒေါက်တာနိုးမင်းထွဋ်နှင့်မောင်ခန့်ကျော်ငြိမ်းသတို့သမီးအရံ မအေးသက်စော်နှင့်မဆုရည်မွန်လှိုင်၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမောင်၊ မင်္ဂလာအခါတော်ပေး တောင်းဒေါ်ရီရီသန့် ပိုးချိတ် ရက်လုပ်ပေးသော သိင်္ဂီရွှေဝါရိုးရာညှိတိုက်မင်္ဂ ယာဥတ်စုံနှင့်တီးချုပ်လုပ်ပြီးဆံပင်မိတ်ကပ်အလှဆင်ပေးသော Aroma Zala Collection မှကို အောင်မြတ်သူ နှင့်ကိုစိန်ဝင်း Pre-wedding ဓာတ်ပုံနှင့်မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပေးသော Aroma Zala Studio လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးသောမမ မြတ်သီရိအောင် Chatrium Hotel မှ တာဝန်ရှိသူများကိုယ်တိုင်ကြွရောက်နိုင်ခဲ့သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်သောချစ်ခင်ရင်းနှီးမှ မိတ်သင်္ဂဟများအားအတိအကျ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားအထူး ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကောင်းဆက်လင်း-ဒေါက်တာခင်သီတာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)		Calculator,Casio Brand 16 Digit	50-Nos
(ခ)		ကွန်ပျူတာသုံးစက္ကူ	3-Items
	(၁)	Continuous Computer Stationary (One Ply)(15"x11")(70gsm) 2000 Sheets Per Box	60-Boxs
	(၂)	Continuous Computer Stationary (Two Ply)(15"x11")(70gsm) 2000 Sheets Per Box	240-Boxs
	(၃)	Preprinted Telephone Bill Form(Local)(13"x4.5")(60gsm) (2 Bill Forms Per Sheet)(2000 Sheets)Per Box (or) 4000 Bill Forms Per Box	1360Boxs
(ဂ)		Ribbon	2-Items
	(၁)	For IBM/Richo Infoprint(6500-V15) (High Speed Line Matrix Printer)	108-Nos
	(၂)	For Printronix(P7220/P8220)(High Speed Line Matrix Printer)	36-Nos
(ဃ)		12V 100AH Gel Type Battery (4-Nos/Bank)	206-Banks
(င)		Rectifier System(Brand New)(-48V dc,90A(30Ax3 modules) Emerson(Netsure-501A41)	103 -Sets
(စ)		10 KVA Engine Generator(3ø,440V)(Perkins)(Diesel)	18-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၆-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအားလက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mmWebsite နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အဖြစ်များသော
ကင်ဆာရောဂါများ
ဒေါက်တာအောင်သန်း
မင်းဝါးရုံတောပေ
ဖုန်း ၀၉ ၅၀၆ ...

အမည်ပြောင်း

ဦးတင့်ဆွေ၏သမီး အထက(၄)၊ လှိုင်သာယာမြို့နယ်၊ ပဥ္စမတန်း(A)မှ မစုစုထွေးအား မနန်းကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

သယ်န်းကျွန်းမြို့နယ်၊ လေ့ကျင့်ရေး ကျောင်း၊ စတုတ္ထတန်းအောင်မှ အဖ ဦးဖြိုးဟန်၏သား မောင်မိုးဟန်ကျော်အား မောင်အောင်မင်းဖြိုး ဟုပြောင်းလဲခေါ်ဆို ပါရန်။ **မောင်အောင်မင်းဖြိုး**

အားသစ် DTEC-10
09 500 1599, 09 8632973, 09 73172556

Taxi ရောင်း/ငှား
CORONA WAGON
2.0 DIESEL
ညှိနှိုင်းဈေး
Ph:254311227

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်အေးအေးနွယ်[၁၂/မရက(နိုင်)၀၄၄၈၃၂]၏ကား ID No.708839, ID date 2-5-2014၊ ကားပါမစ် ISP IDV8 14-15 2537(24-4-14)နှင့်အတူ ကားဓာတ်ပုံ Customs Statement မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူး ဆပ်ပါမည်။

Ph:09-421001865

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

